# ကြေးမုံ

**The Mirror**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့၊ (28-2-2016) (၈၄၉၀)


## အေးစေ မြဲစေ မေတ္တာရေ

❁ နှစ်ရှာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
❁ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
❁ အေးစေမြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
❁ မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
❁ မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး။
❁ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
❁ တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း။
❁ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
❁ မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။။

စံကင်းဆရာတော်

# ကလေးမြို့ရှိ ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်

## နှစ်စဉ် ပျမ်းမျှလျှပ်စစ်ဓာတ်အား ၂၁ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည့်အပြင် ကလေးခရိုင်အတွင်း လယ်မြေဧက ၈၅၀၀ ကို စိုက်ပျိုးရေ လုံလောက်စွာဖြည့်တင်းပေးနိုင်မည်



နေပြည်တော် ဖေဖော်ဝါရီ ၂၇

တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုကြိုဆိုသည့်အထိမ်းအမှတ် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ရေလှောင် တမံ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုး၊ ဒေါက်တာသန်းအောင်၊ ဦးရဲထွဋ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖ များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းသည် နိုင်ငံတော်သမ္မတကြီးဦးဆောင်သော မိမိတို့အစိုးရသက်တမ်း (၅)နှစ်ကာလအတွင်း ၁၁ ခုမြောက် အောင်မြင်စွာဖွင့်လှစ်နိုင်သည့် စီမံကိန်းလုပ်ငန်းကြီးဖြစ်ပါကြောင်း၊ ဤစီမံကိန်းသည် ရေသိုလှောင် ပမာဏ ဧက ၅၂၀၀၀ ပေခန့်ကို သိုလှောင်နိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ်တပ်ဆင်အင်အား (၂)မဂ္ဂါဝပ်နှစ်လုံး၊ စုစုပေါင်း(၄)မဂ္ဂါဝပ်ဖြင့် နှစ်စဉ် ပျမ်းမျှလျှပ်စစ်ဓာတ်အား ၂၁ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည့်အပြင် ကလေးခရိုင်အတွင်း လယ်မြေဧက ၈၅၀၀ ကို စိုက်ပျိုးရေ လုံလောက်စွာ ဖြည့်တင်းပေးနိုင်မည်ဖြစ်ခြင်းတို့ကြောင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့✱**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရာဇဂြိုဟ်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**ယနေ့ မာတိကာ**


နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနား တက်ရောက် စာမျက်နှာ–၄

နိုင်ငံတော်ကာကွယ်ရေးအတွက် အမြဲသတိရှိရန်၊ ပြင်ဆင်ထားရန်လိုကြောင်းတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ပြောကြား စာမျက်နှာ–၈





ကြေးမုံ စာ တ ည်း ရှု ထော င့် — ၂၈-၂-၂၀၁၆၊ တနင်္ဂနွေနေ့

# ဖွံ့ဖြိုးတိုးတက်မှုအလင်းရောင်

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်မည်ဆိုလျှင် ထိုနိုင်ငံသားများ လျှပ်စစ်ဓာတ်အားကို မည်မျှအသုံးပြုနိုင်သည့်အပေါ်တွင်လည်း မူတည်ပေသည်။ ထို့ကြောင့် နိုင်ငံတိုင်းနိုင်ငံတိုင်းက ၎င်းတို့၏နိုင်ငံသားများ လျှပ်စစ်ဓာတ်အား လုံလောက်စွာအသုံးပြုနိုင်အောင် နိုင်ငံ၏ကြွယ်ဝသည့် သယံဇာတများနှင့် ပိုင်ဆိုင်သည့်နည်းပညာ၊ အရင်းအနှီးများအပေါ် မူတည်၍ အစွမ်းကုန်ထုတ်လုပ်ကြသည်။

မြန်မာနိုင်ငံ၏ တစ်ချိန်သောကာလက နိုင်ငံသားများ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုနှင့် မျက်မှောက်ကာလ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု အခြေအနေကို ကြည့်မည်ဆိုလျှင် ယခင်နှင့်မတူ များစွာတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်သည်။ တစ်ချိန်သောကာလက ကျေးလက်ဒေသများဆိုလျှင် အမှောင်အတိကျနေပြီး နယ်မြို့များဆိုလျှင် လျှပ်စစ်မီး လာတစ်ချက်၊ မလာတစ်ချက်နှင့် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သုံးစွဲကြရသည်။

ရန်ကုန်မြို့ကြီးဆိုလျှင် လျှပ်စစ်မီးများ နေ့စဉ်ပျက်တတ်သည့်အလေ့ရှိပြီး မြို့နယ်အလိုက် အလှည့်ကျဓာတ်အားပေးသည့်စနစ် ရှိခဲ့သည်။ ယခု ရန်ကုန်မြို့တွင် မီးပြတ်မှုမရှိသလောက်နည်းပါးသွားပြီး မြို့နယ်အားလုံး လျှပ်စစ်မီးရောင်ဖြင့် တစ်ညလုံး လင်းလက်နေပြီဖြစ်သည်။ မန္တလေးမြို့ကြီးဆိုလျှင် လျှပ်စစ်မီးခဏခဏလာသည်ဟု မန္တလေးသားတို့ ရယ်ရွှင်ဖွယ် ပြောဆိုတတ်ကြပြီး ယခုအခါ လျှပ်စစ်မီးအချိန်ပြည့်ရရှိနေပြီဖြစ်သည်။

ယခုအခါ မြို့ပြများတွင်သာမက ကျေးလက်ဒေသအချို့နေရာများတွင်ပါ လျှပ်စစ်မီးရရှိနေသည်ကို ညအချိန်ခရီးသွားကြည့်လျှင် မြင်တွေ့ရမည်ဖြစ်သည်။ ထိုသို့လျှပ်စစ်ဓာတ်အား လွှမ်းခြုံရရှိနိုင်စေရန်အတွက် နိုင်ငံတော်က လျှပ်စစ်ဓာတ်အားရရှိရေးကို နည်းလမ်းပေါင်းစုံဖြင့် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရသည်။ သို့သော် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ပြည့်စုံအောင်ရရှိနိုင်ရေးအတွက် လိုအပ်မှုများရှိနေသေးသည်။

မြန်မာနိုင်ငံသားများအနေဖြင့် မြို့ကြီးများရှိ အများသူငါဆိုင်ရာ နေရာများတွင် လျှပ်စစ်ဓာတ်အားကို အလျှံပယ်သုံးစွဲကြပြီး ကျန်ကိုယ်ပိုင်နေအိမ်သုံးအနေဖြင့် ကုန်ကျစရိတ်သက်သာအောင် ခြိုးခြံချွေတာသုံးစွဲကြသည်။ မြန်မာနိုင်ငံရှိ လူတစ်ဦး လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏမှာ ဆန်းစစ်ချက်များအရ ၂၂၂ ကီလိုဝပ်သာရှိသည်ဟု သိရသည်။ အမေရိကန်နိုင်ငံတွင် လူတစ်ဦးလျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၃၀၀၀ အထိသုံးစွဲနိုင်သော အခြေအနေရှိရာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်သောကြောင့်တည်း။

နိုင်ငံတစ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားရရှိမှုသည် ထိုနိုင်ငံ၏ခေတ်စွာကြွယ်ဝမှုနှင့် တိုက်ရိုက်သက်ဆိုင်ပြီး ကုန်ကျစရိတ်ကျခံနိုင်မှုအပေါ်တွင် မူတည်၍ လျှပ်စစ်ဓာတ်အား အနည်းအများသုံးစွဲနိုင်သည်။ ခေတ်စွာကြွယ်ဝမှုသာမက နည်းပညာနှင့် တစ်နိုင်ငံလုံးကျယ်ပြန့်မှုအတိုင်းအတာအရ ထုတ်လုပ်မှု၊ ပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှု အပိုင်းသုံးပိုင်းစလုံး ဟန်ချက်ညီအောင်ဆောင်ရွက်ရသဖြင့် အရေးကြီးသောလုပ်ငန်းတစ်ခုဖြစ်သည်။

ဒီမိုကရေစီအစိုးရသက်တမ်းမတိုင်မီက လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ကျပ်ငွေ ၁၇၇ ဘီလီယံသာသုံးစွဲနိုင်ခဲ့သော်လည်း ယခုဘဏ္ဍာရေးနှစ်တွင် ၅၉၃ ဘီလီယံအထိ ငါးနှစ်တာကာလအတွင်း ရင်းနှီးမြှုပ်နှံမှု သုံးဆကျော်ပိုမိုအသုံးပြုခဲ့ကြောင်း သိရသည်။ စက်တပ်ဆင်အားမှာ ငါးနှစ်ကျော်အစကာလက မဂ္ဂါဝပ် ၃၄၀၀ ခန့်ရှိရာမှ ယခုဘဏ္ဍာနှစ်တွင် ၅၀၈၉ မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်လာခဲ့ရာ ယခုကဲ့သို့ မြို့ပြနှင့်နယ်မြို့နယ်များအထိပါ လျှပ်စစ်ဓာတ်အား ဖြန့်ကြက်ရောက်ရှိသွားခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံ့အင်အားတစ်ခုတည်းနှင့် စွမ်းဆောင်နိုင်မည်မဟုတ်သောကြောင့် ဓနအင်အားတောင့်တင်းပြီး လုပ်နိုင်ကိုင်နိုင်ရှိသော ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ကြရသည်။ ယင်းသို့လုပ်ကိုင်သောကြောင့်လည်း ယခုအခါ လျှပ်စစ်ဓာတ်အားများ ယခင်နှင့်မတူ တိုးတက်ရရှိလာပြီး ပြည်သူများနေ့စဉ်လိုအပ်သည့် လျှပ်စစ်မီးများကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူများလျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုပမာဏသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်ဖော်ပြနေသောကြောင့် လျှပ်စစ်ဓာတ်အားရရှိရေးကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း နားလည်သိရှိကြမည်ဟု ယုံကြည်ပါသည်။ ။

## ကျေးရွာခုနစ်ရွာ ထရန်စဖော်မာတပ်ဆင်ပြီး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

**ချောက် ဖေဖော်ဝါရီ ၂၇**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်/ လမ်းရွာရေနံမြေ၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လူမှုရေးတာဝန်ယူမှု(CSR) အစီအစဉ်အရ ကျေးရွာကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးကော်မတီနှင့် (KST) ကုမ္ပဏီတို့မှ ပူးပေါင်းဆောင်ရွက်သော စလေတိုက်နယ်ရှိ ကျေးရွာခုနစ်ရွာ ၂၀၀ KVA ထရန်စဖော်မာတပ်ဆင်ပြီး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက နန္ဒဲတောကျေးရွာမှစတင်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထရန်စဖော်မာတပ်ဆင်ပြီး လျှပ်စစ်မီးလင်းရေး ခုနစ်ရွာအနက် နန္ဒဲတော၊ ရွာမ၊ ညောင်ဇင်ကျေးရွာသုံးရွာအား စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်ဇော်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ထရန်စဖော်မာအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ချောက်/လမ်းရွာ ရေနံမြေ အထွေထွေမန်နေဂျာနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်တို့က ကျေးရွာလေးရွာဖြစ်သော ကူဖြူ၊ မြေပဒို့၊ တောင်သာ၊ ချောင်းတကိကျေးရွာများကို ထရန်စဖော်မာတပ်ဆင်ပြီး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲများ ပြုလုပ်ဖွင့်လှစ်ပေးခဲ့သည်။

ချောက်မြို့နယ်တွင် ကျေးရွာအုပ်စု ၅၁ အုပ်စု ကျေးရွာ ၂၃၀ ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ချောက်/လမ်းရွာရေနံမြေ၏ လူမှုရေးတာဝန်ယူမှု (CSR) အစီအစဉ်အရ ကျေးရွာကိုယ်ထူကိုယ်ထ လျှပ်စစ်မီးလင်းရေးကော်မတီတို့မှ ပူးပေါင်းဆောင်ရွက်သော ကျေးရွာထရန်စဖော်မာတပ်ဆင်ပြီး လျှပ်စစ်မီးလင်းရေးအတွက် ကျေးရွာ ၃၁ ရွာ ဆောင်ရွက်ခဲ့ရာ ယင်းနေ့ဖွင့်လှစ်သော ကျေးရွာခုနစ်ရွာအပြင် ကျန်ရှိသော ၂၄ ရွာကိုလည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း လျှပ်စစ်မီးရရှိရေး ထရန်စဖော်မာများ အပြီးတပ်ဆင်ပေး သွားမည်ဖြစ်ကြောင်း ချောက်/လမ်းရွာ ရေနံမြေ အထွေထွေမန်နေဂျာ၏ ပြောကြားချက်အရ သိရသည်။

**ဝင်းအိမွန် (ပြန်ဆက်)**




## ဝါး၊ ကြိမ်၊ ပေဒါဖြင့် ပြုလုပ်ထားသော အခြေခံလူသုံးကုန်လက်မှုထည် ပြုလုပ်နည်းသင်တန်းဆင်း

**ဘားအံ ဖေဖော်ဝါရီ ၂၇**

ကရင်ပြည်နယ် ဘားအံမြို့တွင် နိုင်ငံခြားသား ဝင်ထွက်သွားလာမှုများပြားလျက်ရှိရာ ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားလျက်ရှိသော ဝါး၊ ကြိမ်၊ ပေဒါဖြင့် ပြုလုပ်ထားသော အခြေခံလူသုံးကုန် လက်မှုထည်များ ပြုလုပ်နည်းသင်တန်းကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့ရာ သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၆ ရက် ညနေပိုင်းက ဘားအံမြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းတွင် ဘားအံမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်သင်ကြားခဲ့ပြီး ဝါးဖြင့်ပြုလုပ်သော မှန်တင်ခုံ၊ ကြည့်မှန်ပေါင်၊ သွားကြားထိုးတံထည့်ဘူး၊ ယင်းလိပ်ပုံစံ ရေနွေးအိုးတင်အပူခံပြား၊ တစ်သျှူးဘူး၊ ဝါးနီးဖြင့်ပြုလုပ်ထားသော ပိုက်ဆံထည့်အိတ်၊ ဝါးနှင့်ကြိမ် ရောစပ်ပြုလုပ်ထားသော ပန်းအလှထည့်ခြင်း၊ ကြိမ်နှင့်ပေဒါ ရောစပ်ပြုလုပ်ထားသော ဘောပင်၊ ခဲတံထည့်ခွက် အမျိုးအစားရှစ်မျိုးကို လှပသေသပ်စွာ ပြုလုပ်နည်းများကို ဖေဖော်ဝါရီ ၁၅ ရက်မှ ၂၆ ရက်ထိ ၁၂ ရက်တိုင်တိုင် အခမဲ့သင်ကြားပေးခဲ့ရာ သင်တန်းသား သင်တန်းသူများအနေဖြင့် တတ်မြောက်အောင်မြင်ပြီး လက်မှုထည် (Hand Made)များကို ပြုလုပ်ရောင်းချခြင်းဖြင့် ဝင်ငွေရရှိမည်ဖြစ်ကြောင်း သိရသည်။



သင်တန်းဆင်းပွဲတွင် ဘားအံမြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းအုပ် ဒေါ်ဧကရီအောင်အောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ရာ သင်တန်းသား သင်တန်းသူများ၏ ကိုယ်စားသင်တန်းသူတစ်ဦးက လက်ခံရယူသည်။ **ကိုမျိုးလွင်(ဘားအံ)**

## တော်ခရမ်းလေးကျေးရွာရှိ အိမ်ခြေ ၂၀၀ လျှပ်စစ်မီးလုံလောက်စွာသုံးစွဲနိုင်

**ကွမ်းခြံကုန်း ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တောကြီးတန်းကျေးရွာအုပ်စု တော်ခရမ်းလေးကျေးရွာတွင် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် ကျေးရွာပြည်သူတို့ ပူးပေါင်းပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေ၊ ကျေးရွာပြည်သူလူထု၏ ထည့်ဝင်ငွေ သိန်း ၂၅၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့သည့် လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က တော်ခရမ်းလေးကျေးရွာရှိ ထရန်စဖော်မာရှေ့တွင် ကျင်းပခဲ့သည်။

အဆိုပါ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဆောင်ရွက်ခဲ့သည့် ၃၁၅ KVA နှစ်လုံးကို တော်ခရမ်းလေးကျေးရွာအရှေ့နှင့် အနောက်တို့တွင် တစ်လုံးစီဖြင့် ၄၀၀ ဗို့အား ဓာတ်အားလိုင်းဖြင့် ကျေးရွာရှိ အိမ်ခြေ ၂၀၀ အတွက် လျှပ်စစ်မီးလုံလောက်စွာ သုံးစွဲနိုင်သောကြောင့် ကျေးရွာနေပြည်သူများ ဝမ်းသာပီတိဖြစ်ရကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းခိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးညွန့်ဝင်းက လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများနှင့် လျှပ်စစ်ဓာတ်အားကို ဒေသခံပြည်သူများ အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရေး သတိပြုသင့်သည့် အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

**စိန်တိုး(ကွမ်းခြံကုန်း)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိုင်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလဲ့

## ပြည်တွင်းရေးရာ

✱ ရွှေဖုံးမှ
မိုးစပါး၊ နွေစပါး သီးထပ်သီးနှံများ ပိုမိုတိုးတက် စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး ဒေသနေပြည်သူလူထု၏ လူမှုစီးပွားဘဝကို အထောက်အကူပြုဖွံ့ဖြိုးတိုးတက်လာစေနိုင်မည်ဖြစ်ပါကြောင်း။

ဤစီမံကိန်း၏ တိုက်ရိုက်အကျိုးကျေးဇူးဖြစ်သည့် သဘာဝဘေးအန္တရာယ်ကို ကာကွယ်ပေးနိုင်ခြင်း၊ စိုက်ပျိုးရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းနှင့် မကြာမီ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများ ပြီးစီးသည့်ကာလတွင် ကလေးမြို့အပါအဝင် ဆက်စပ်ဒေသတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြန့်ဖြူးပေးနိုင်မည် ဖြစ်သည့်အပြင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာစေမှု အကျိုးကျေးဇူးများ ဖြစ်ထွန်းရရှိစေနိုင်မည်ဖြစ်ကြောင်း။

အထူးသဖြင့် ဒေသနေတောင်သူလယ်သမားများ၏ ကိုယ်တိုင်စိတ်ဆန္ဒပြင်းပြမှု၊ ကိုယ်တိုင်တိုးတက်ကြီးပွားအောင်မြင်လိုစိတ်ကို အခြေခံပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် ကြံဆ၊ ကြံစည်ကြိုးပမ်းနိုင်စွမ်းရှိသလောက် သီးထပ်၊ သီးညှပ်စိုက်ပျိုးစွမ်းအားများ တိုးတက်လာစေနိုင်မည် ဖြစ်သည့်အတွက် မိသားစုတစ်စုချင်းစီ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝများ ကြိုးစားကြလျှင် ကြိုးစားသလောက် တိုးတက်ရရှိတော့မည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးအနေဖြင့် နိုင်ငံသားအားလုံးတို့၏ ရေရှည် "အမျိုးသားရေးအကျိုးစီးပွား အခြေခံလိုအပ်ချက်"အတွက် ရင်းနှီးမြှုပ်နှံတည်ဆောက်အကောင်အထည်ဖော်ပေးနိုင်ခဲ့သော နိုင်ငံတော်၏ကျေးဇူးတရားတို့ကို တုံ့ပြန်သောအားဖြင့် မိမိတို့နေထိုင်မှီခိုအားထားကြရာ နယ်မြေဒေသအသီးသီး တိုးတက်ရေးအတွက်လည်းကောင်း၊ နိုင်ငံနှင့်အဝန်းပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာရေးအတွက်လည်းကောင်း၊ အပြန်အလှန်ရိုင်းပင်းကူညီကြပြီး တစ်လှေတည်းစီး တစ်ခရီးတည်းသွား ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်၊ ခိုင်ခိုင်မြဲမြဲ အတူလက်တွဲကြလျက် နိုင်ငံသားအားလုံး ကျရာအခန်းကဏ္ဍမှ ဦးထမ်းပွဲထမ်း ကြိုးပမ်းပါဝင်တည်ဆောက်သွားကြရန် လေးစားစွာဖြင့် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ရာဇဂြိုဟ်ရေလှောင်တမံ ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖ ဦးခင်မောင်လွင်က ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများနှင့် စက်ယန္တရားများ ကူညီဆောင်ရွက် ပေးခဲ့ကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရာဇဂြိုဟ်ရေလှောင်တမံ ကမ္ဗည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က ရာဇဂြိုဟ်ရေလှောင်တမံဖွင့်ပွဲမှခ်ဦးအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် တက်ရောက်လာကြသူများနှင့်အတူစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မော်တော်ယာဉ်များဖြင့် ပင်မတမံနှင့် ကုန်းကျောတမံများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကမ္ဗည်းကျောက်စာတိုင်နှင့် စက်ရုံဆိုင်းဘုတ်တို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ ရေအားလျှပ်စစ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က မိုးတွင်းကာလတွင် ကလေးဒေသ ရေကြီးရေလျှံမှုမှ ကာကွယ်ရန်နှင့် စိုက်ပျိုးရေတိုးချဲ့ပေးဝေနိုင်ရေးအတွက် မဏိပူရဘက်စုံရေလှောင်တမံ တည်ဆောက်ရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ရာဇဂြိုဟ်ရေလှောင်တမံစီမံကိန်းနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ငလျင်ဒဏ်အပါအဝင် သဘာဝဘေးဒဏ်များခံနိုင်ရေးအတွက် ဆည်ကြံ့ခိုင်မှုများကို မပြတ်စစ်ဆေးရန်၊ ၂၀၁၅ ခုနှစ်ကဲ့သို့ ထူးကဲ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအတွက် တွက်ချက်ပြင်ဆင်ထားရန်၊ ရေလှောင်တမံအထက်ဘက်တွင် နုန်းထိန်းတမံများ ဆောက်လုပ်နိုင်ရေး လေ့လာဆောင်ရွက်ရန်နှင့် ဆည်ရေဝေရေလဲဒေသများတွင် တရားမဝင်သစ်ခိုးထုတ်မှုများမရှိအောင် ကာကွယ်တားဆီးရန်တို့ကို လမ်းညွှန်မှာကြားသည်။

ရာဇဂြိုဟ်ရေလှောင်တမံသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီးတွင် တည်ရှိပြီး ကလေးလွင်ပြင် ရေကြီး

**စာမျက်နှာ ၄ ကော်လံ ၅ သို့** ◗






**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရာဇဂြိုဟ်ရေလှောင်တမံ ကမ္ဗည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။** (သတင်းစဉ်)






**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရာဇဂြိုဟ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ အဆိုပါသင်တန်းကျောင်း ရှေ့မျက်နှာစာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲပထမပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ သင်တန်းကျောင်းအုပ် ဒေါက်တာဝေဝေလွင်၊ ချင်းတိုင်းရင်းသူလေးတစ်ဦးနှင့် မြန်မာတိုင်းရင်းသူလေးတစ်ဦးတို့က သင်တန်းကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သင်တန်းကျောင်း ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူစုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ဖွင့်ပွဲ ဒုတိယပိုင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က သူနာပြုနှင့် သားဖွားသင်တန်းကျောင်း တည်ဆောက် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ၂၀၁၁ ခုနှစ်မှစတင်ပြီး ပြည်သူ့ဆန္ဒနှစ်ရပ်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်(၄)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ပြည်သူလူထုကျန်းမာရေး အဆင့်အတန်းမြင့်မားရေးအတွက် ကုသရေး၊ ကာကွယ်ရေးအမြင်၊ ကျန်းမာရေးအသိ ပညာပေးရေးကိုပါ ပူးတွဲဆောင်ရွက်ရန်လိုအပ်မှု၊ ကလေးဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သော လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ လျှပ်စစ်ကဏ္ဍများ ပြည့်စုံအောင် ဆောင်ရွက်ပေးပြီးဖြစ်၍ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူအားလုံး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းကျောင်းအုပ် ဒေါက်တာဝေဝေလွင်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့ထံ ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်ပြီး မြို့မိမြို့ဖ ဦးပုမ်းဇကမ်းက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယနေ့ဖွင့်လှစ်လိုက်သည့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းသည် ဒေသ၏ သူနာပြုနှင့် သားဖွားများလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန်၊ ဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းကို မြှင့်တင်နိုင်ရန်နှင့် ဒေသခံများ ပညာဆည်းပူးနိုင်မည့် အခွင့်အလမ်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ၂၉၈၄ ဒသမ ၃၃၀ သန်း အကုန်အကျခံကာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ သင်တန်းကျောင်းအုပ် ဒေါက်တာဝေဝေလွင်၊ ချင်းတိုင်းရင်းသူလေးတစ်ဦးနှင့် မြန်မာတိုင်းရင်းသူလေး တစ်ဦးတို့က သူနာပြုနှင့် သားဖွားသင်တန်းကျောင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)



**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်စိုးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က ရာဇဂြိုဟ်ရေလှောင်တမံ ဖွင့်ပွဲမုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

◗ **စာမျက်နှာ ၃ မှ**

နှစ်မြုပ်မှုမှကာကွယ်ရန်၊ စိုက်ပျိုးမြေ ဧက ၈၅၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် ရေအားလျှပ်စစ်(၄)မဂ္ဂါဝပ် ထုတ်လုပ်သုံးစွဲနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယနေ့ဖွင့်လှစ်လိုက်သည့် ရာဇဂြိုဟ်ရေလှောင်တမံသည် ရေဆင်းဧရိယာ စတုရန်းမိုင် ၁၃၀၊ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၆၃ လက်မ၊ နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ ၂၄၄၇၈၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧက ပေ ၅၂၀၀၀၊ ကန်ရေသေရေလှောင် ပမာဏ ဧကပေ ၈၀၀၀ နှင့် ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ဧက ၉၈၀ ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် ကလေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ကလေးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို ပညာတတ်အောင်၊ စည်းကမ်းကောင်းအောင်၊ ကိုယ်ကျင့်တရားကောင်းအောင်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှိအောင် သင်ကြားလေ့ကျင့်ပေးရန်နှင့် ကျောင်း၏ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ တိုးတက်အောင် ပူးပေါင်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ပြင်သာကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ကွန်ကရစ်လမ်းဖောက်လုပ်ထားမှုနှင့် လူနေအိမ်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

# ၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေး မဟာဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ ကလေးဓာတ်အားခွဲရုံဖွင့်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေး မဟာဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ ကလေးဓာတ်အားခွဲရုံ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဓာတ်အားပေးစက်ရုံဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားရာ၌ နိုင်ငံတော်သမ္မတကြီးသည် ၁၉၈၈ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ ကလေးဒေသတွင် တပ်ရင်းမှူးတာဝန်ထမ်းဆောင်ခဲ့ရာ နိုင်ငံတော်သမ္မတကြီးက ကလေးဒေသအတွက် လက်ဆောင်အဖြစ် လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း။

ထိုစဉ်ကာလက ကလေးမြို့၏ လျှပ်စစ်မီးရရှိမှုကို ပြန်ကြည့်ပါက တစ်နေ့ နှစ်နာရီ၊ သုံးနာရီလောက်ပဲ ရရှိခဲ့ပါကြောင်း၊ ကလေးမြို့ကို ၁၉၅၅ ခုနှစ်က ကီလိုဝပ် ဒီဇယ်ဓာတ်အားပေးစက်ဖြင့် လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ ၁၉၆၇ ခုနှစ်ကဆိုလျှင် တည်ဆောက်ပြီး (ကျောက်အုံ) ကျောက်မီးသွေးသုံး ရေနွေးငွေ့စက်ရုံ(၂)မဂ္ဂါဝပ် တည်ဆောက်ပြီး ကလေးမြို့နှင့် ကလေးဝမြို့များသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးထားခဲ့ပါကြောင်း။

၁၉၈၇ ခုနှစ်တွင် ကျောက်မီးသွေးသုံးရေနွေးငွေ့တာဘိုင်စက်ချွတ်ယွင်းသွားသည့်အတွက် ဒီဇယ်ဓာတ်အားပေးစက်များနှင့် ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါကြောင်း၊ နိုင်ငံတော်မှ ဇီးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၁ ဒသမ ၂၆)မဂ္ဂါဝပ်ကို ၁၉၉၆ ခုနှစ်တွင် တည်ဆောက်ပေးခဲ့ပြီး မီးသုံးစွဲသူ ၂၈၁၂ ဦးသို့ လျှပ်စစ်မီး ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ သို့သော် ကလေးဒေသဖွံ့ဖြိုးတိုးတက်လာသည့်အတွက်ကြောင့် လျှပ်စစ်မီးလုံလောက်မှု မရှိခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် ၂၀၁၂ ခုနှစ် မေ ၁၉ ရက်တွင် ၅၀၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်တစ်လုံးနှင့် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် ၁၂၅၀ ကေဗွီအေ ဒီဇယ်ဓာတ်အားပေးစက်တစ်လုံးတို့ ထပ်မံတိုးချဲ့ပေးနိုင်ခဲ့ပါကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသ လျှပ်စစ်မီးရရှိရေးစီမံချက်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ရန်စီမံခဲ့ပြီး ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းအားလုံး အပြီးသတ်၍ လျှပ်စစ်မီးရရှိအောင် လျာထားရေးဆွဲဆောင်ရွက်ခဲ့ရပါကြောင်း။

လျှပ်စစ်ဓာတ်အားပေးသည့် လုပ်ငန်းတွင် ဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကို ဝန်ကြီးဌာနအနေဖြင့် ခက်ခက်ခဲခဲဆောင်ရွက်ရပါကြောင်း၊ ရွှေလီ(၁)ရေအားလျှပ်စစ်စက်ရုံမှ မန္တလေးမြို့အနီး ရွှေစာရံသို့ သွယ်တန်းသည့် မဟာဓာတ်အားလိုင်းကို ငါးနှစ်ကျော် တည်ဆောက်ခဲ့ရသကဲ့သို့ တောင်ကုတ်-မအီ-အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်းသို့ သွယ်တန်းသည့် မဟာဓာတ်အားလိုင်းကိုလည်း နှစ်နှစ်ခွဲကျော် တည်ဆောက်ခဲ့ရပါကြောင်း၊ သို့သော် ယနေ့ဖွင့်လှစ်သည့် ဂန့်ဂေါ-ကလေး မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၆ ရက်က လုပ်ငန်းများ စတင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဓာတ်အားပို့လွှတ်နိုင်ခဲ့သည့်အတွက် တစ်နှစ်အတွင်းပြီးအောင် မနားမနေကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုစီမံကိန်းလုပ်ငန်းအတွက် ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၃၃၃ သန်းနှင့် တည်ဆောက်ရေးစရိတ် ငွေကျပ် ၃၈၅၀ ဒသမ ၂၆၈ သန်း ကုန်ကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ဓာတ်အားတစ်ယူနစ် ထုတ်လုပ်မှုကုန်ကျစရိတ်သည် ရေအားဆိုလျှင် ၅၃ ကျပ်၊ သဘာဝဓာတ်ငွေ့ဆိုလျှင် ၁၄၂ ကျပ်၊ ကျောက်မီးသွေးဆိုလျှင် ၈၆ ကျပ် ကုန်ကျသဖြင့် ဓာတ်အားတစ်ယူနစ်ထုတ်လုပ်မှုပျမ်းမျှကုန်ကျစရိတ်သည် ၉၃ ကျပ်ဖြစ်ပါကြောင်း၊ တစ်ယူနစ်ရောင်းဈေးသည် အိမ်သုံး ၃၅ ကျပ်၊ စက်မှုသုံး ၇၅ ကျပ် ဖြစ်၍ ပျမ်းမျှရောင်းဈေး ၇၁ ကျပ်သာ ရရှိသဖြင့် ဓာတ်အားတစ်ယူနစ်ရောင်းတိုင်း နိုင်ငံတော်မှ ၂၂ ကျပ် စိုက်ထုတ်ကျခံရပါကြောင်း၊ ကလေးမြို့ပြည်သူများအနေဖြင့် ဓာတ်အားတစ်ယူနစ်သုံးတိုင်း ၃၅ ကျပ် ပေးဆောင်ရသော်လည်း တစ်ယူနစ်တိုင်း နိုင်ငံတော်မှ ၂၂ ကျပ် စိုက်ထုတ်ကျခံပေးရသည့် စေတနာကို သိရှိနားလည်ပြီး စနစ်တကျအသုံးပြုကြရန်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကလေးဓာတ်အားခွဲရုံ ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖဦးလှဝင်းက ဒေသခံပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ဘက်စုံပညာထူးချွန်လူငယ်၊ ကင်းထောက်လူငယ်နှင့် ကြက်ခြေနီလူငယ်တို့က ကလေးဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ကလေးဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသသည် အိန္ဒိယနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှင့် ချင်းပြည်နယ်၏ အဓိကဝင်ပေါက်တို့ ဆုံတွေ့သည့်နေရာတွင် တည်ရှိသော်လည်း နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ခြင်းမရှိသဖြင့် အရှိန်အဟုန်ရှိသည့်အတိုင်း ဖွံ့ဖြိုးတိုးတက်ခွင့် မရရှိခဲ့ခြင်းဖြစ်ရာ နိုင်ငံတော်ဓာတ်အားစနစ်မှ ကလေးဒေသသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်၍ ၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေး ဓာတ်အားလိုင်း၊ ၆၆ ကေဗွီ ကလေးဓာတ်အားလိုင်းနှင့် ၆၆ ကေဗွီ ကလေးဓာတ်အားခွဲရုံတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ စီမံကိန်းများအားလုံး တည်ဆောက်ပြီးစီးခဲ့သဖြင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်တွင် ဓာတ်အားစတင်ပို့လွှတ်နိုင်ခဲ့ပြီး ၂၃၀ ကေဗွီ ဂန့်ဂေါ-ကလေး မဟာဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ ကလေးဓာတ်အားခွဲရုံတို့ကို ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

၁၉၄၈ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတော် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားကို ကလေးဒေသသို့ ပထမဦးဆုံး ဖြန့်ဖြူးပေးနိုင်ခြင်းဖြစ်ပြီး စတင်အသုံးပြုနိုင်ခြင်းဖြစ်ရာ ကလေးဒေသရှိ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၃၀ကေဗွီဂန့်ဂေါ-ကလေးမဟာဓာတ်အားလိုင်းနှင့် ၆၆/၁၁ကေဗွီကလေးဓာတ်အားခွဲရုံဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

# ကလေးဒေသ ဖွံ့ဖြိုးတိုးတက်မှု ဓာတ်ပုံမှတ်တမ်း



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြင်သာကျေးရွာ ထူထောင်ရေးအတွက် ၂၂-၉-၂၀၁၅ ရက်က လမ်းညွှန်မှာကြားနေစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးဒေသသို့ရောက်ရှိစဉ် ကလေး-တမူး လမ်းတံတားများကို ၂၂-၈-၂၀၁၅ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



အထက(၁)ကလေး ကျောင်းဆောင်များအကြား ကွန်ကရစ်မခင်းမီ ၁-၁၀-၂၀၁၅ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)



အထက(၁) ကလေး ကျောင်းဆောင်များအကြား ကွန်ကရစ်ခင်းအပြီး ၃၁-၁-၂၀၁၆ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)



အထက(၁)ကလေး ကျောင်းဝင်းအတွင်း ကျောင်းရှေ့ကွင်းပြင်တွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း မဆောင်ရွက်မီ ၂၀-၈-၂၀၁၅ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)



အထက(၁)ကလေး ကျောင်းဝင်းအတွင်း ကျောင်းရှေ့ကွင်းပြင်တွင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီး ၂၄-၁၁-၂၀၁၅ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

# ကလေးဒေသ ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းဓာတ်ပုံ


နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တမူးခရိုင်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ၂၂-၈-၂၀၁၅ ရက်က နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)


ကလေး-ပြင်သာ ကွန်ကရစ်လမ်းမခင်းမီ ၉-၁၀-၂၀၁၅ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)


ကလေး-ပြင်သာ ကွန်ကရစ်လမ်းခင်းပြီး ၂၅-၁၂-၂၀၁၅ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)


ကလေး-ပြင်သာ ကွန်ကရစ်လမ်းခင်းကျင်းရန် ၁၈-၉-၂၀၁၅ ရက်က ဆောင်ရွက်နေစဉ်။ (သတင်းစဉ်)


ကလေး-ပြင်သာ ကွန်ကရစ်လမ်းခင်းပြီး ၂၀-၁-၂၀၁၆ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)


ပြင်သာကျေးရွာ၌ တည်ဆောက်ထားသော အိမ်အမှတ်(၂)ကို ၁၂-၁၁-၂၀၁၅ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)


ပြင်သာကျေးရွာ၌ တည်ဆောက်ထားသော အိမ်အမှတ်(၇)ကို ၁၂-၁၁-၂၀၁၅ ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

# တပ်မတော်(ရေ)မှ စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်းပြုလုပ်

# နိုင်ငံတော်ကာကွယ်ရေးအတွက် အမြဲသတိရှိရန်၊ ပြင်ဆင်ထားရန်လိုကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများတွင် အနောက်ဘက်အစွန်ဆုံး၌ရှိပြီး အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံအကြားတည်ရှိနေသဖြင့် မြေအနေအထားအရ မဟာဗျူဟာမြောက် အရေးပါကြောင်း၊ ရေပြင်အနေအထားအရ ကြည့်ပါကလည်း ဘင်္ဂလားပင်လယ်အော်၊ အိန္ဒိယသမုဒ္ဒရာတို့နှင့် ဆက်စပ်နေသည့် ရေပြင်ကို ပိုင်ဆိုင်ထားကြောင်း၊ ယင်းသို့ မြေအနေအထား၊ ရေပြင်အနေအထားများကြောင့် အရေးပါသော နိုင်ငံတစ်ခုဖြစ်၍ နိုင်ငံကာကွယ်ရေးအတွက် အမြဲသတိရှိရန်၊ ပြင်ဆင်ထားရန်လိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့တွင် လေ့ကျင့်ပြုလုပ်သော မြန်မာ့ရေပိုင်နက် (ကိုကိုးကျွန်းဒေသ)၌ တပ်မတော်(ရေ)မှ စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှု လေ့ကျင့်ခန်း (Combined Fleet Exercise-Sea Shield 2016) တွင် ပါဝင်ခဲ့ကြသည့် စစ်ရေယာဉ်မှူးများနှင့် အရာရှိ၊ စစ်သည်များကို အမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တပ်မတော်(ရေ)ဝတ်စုံအား ဂုဏ်ပြုဝတ်ဆင်၍ ယနေ့နံနက်ပိုင်းတွင် မြန်မာ့ရေပိုင်နက် (ကိုကိုးကျွန်းဒေသ)၌ ပြုလုပ်သည့် စစ်ရေယာဉ်တပ်ပေါင်းစုပင်လယ်ပြင်စစ်ဆင်မှု လေ့ကျင့်ခန်း (Combined Fleet Exercise-Sea Shield 2016) ကို ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့နှင့်အတူ အကဲကြည့် စစ်ရေယာဉ်-အောင်ဇေယျပေါ်မှ လိုက်ပါကြည့်ရှုအားပေးသည်။

စစ်ရေယာဉ်-အောင်ဇေယျပေါ်တွင် တာဝန်ကျတပ်ဖွဲ့က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အလေးပြုပြီး လေ့ကျင့်ခန်းကိုဦးဆောင်မည့် တာဝန်ရေတပ်မမှူးက လေ့ကျင့်ခန်းနှင့်ပတ်သက်၍ ဖြစ်စဉ်အကြောင်းအရာကို ရှင်းလင်းတင်ပြ၍ တိုက်စစ်နှုတ်မိန့်ပေးသည်။

ယင်းနောက် တာဝန်ရေတပ်မမှူးနှင့် စစ်ရေယာဉ်မှူးများသည် သက်ဆိုင်ရာ စစ်ရေယာဉ်များသို့ ပြန်လည်ထွက်ခွာပြီး စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင် စစ်ဆင်မှုလေ့ကျင့်ခန်းကို အစီအစဉ်အတိုင်း လုပ်ဆောင်ကြသည်။

ဦးစွာ တပ်မတော်(ရေ) အထူးစစ်ဆင်ရေးတပ်ဖွဲ့(NAVY SEALs)က ချေမှုန်းရေးစက်တပ် ရော်ဘာလှေလေးစင်း၊ ရဟတ်ယာဉ် နှစ်စင်းတို့ဖြင့် ရန်သူ့ရေယာဉ် တစ်စင်းအားဝင်ရောက်စီးနင်း၍ ဖမ်းဆီးခံ ဓားစာခံနှစ်ဦးကို ကယ်ဆယ်ခြင်း၊ ရန်သူ့စစ်ရေယာဉ်ကို ဖောက်ခွဲနစ်မြှုပ်ခြင်းတို့ကို သရုပ်ပြဆောင်ရွက်ကြသည်။

ယင်းနောက် ရန်သူ့ပစ်ခတ်မှုကြောင့် မီးလောင်နေသော ကုန်သွယ်ရေယာဉ်တစ်စင်းကို ဘက်စုံသုံးတွဲဆွဲ စစ်ရေယာဉ် နှစ်စင်းဖြင့် ပင်လယ်ပြင်မီးငြိမ်းသတ်ခြင်း လေ့ကျင့်ခန်းကို ဆောင်ရွက်သည်။

လေ့ကျင့်ခန်းများ အပြီးတွင် လေ့ကျင့်ခန်း၌ပါဝင်ကြသော ရဟတ်ယာဉ်နှင့် တပ်မတော်(ရေ) အထူးစစ်ဆင်ရေး တပ်ဖွဲ့ဝင်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို ချီတက်အလေးပြုကြသည်။

ထို့နောက် လေ့ကျင့်ခန်းအစီအစဉ်အရ စစ်ရေယာဉ်များသည် သတ်မှတ်ပုံပြု Formation 5 ပုံစံဖြင့် မောင်းနှင်ချီတက်ကြသည်။ ချီတက်စဉ် Circular Formation ပုံစံပြောင်းလဲချီတက်ပြီး ရေအောက်ရန်ကာကွယ်ရေး စစ်ဆင်မှုလေ့ကျင့်ခန်းကို လည်းကောင်း၊ Diamond Formation ပုံစံပြောင်းလဲ၍ ရန်သူ့လေယာဉ်များအား လေကြောင်းရန်ကာကွယ်ရေး လက်နက်များဖြင့် လက်တွေ့လေ့ကျင့်ပစ်ခတ်မှုကိုလည်းကောင်း၊ ဆက်လက်ပြီး Arrow Head Formation ပုံစံသို့ပြောင်းလဲ၍ အီလက်ထရွန်နစ်စစ်ဆင်မှုလေ့ကျင့်ခန်းနှင့် လေကြောင်းရန်ကာကွယ်ရေး လက်နက်များ ပစ်ခတ်မှုလေ့ကျင့်ခန်းကို လည်းကောင်း အသီးသီးဆောင်ရွက်ခဲ့ကြပြီး ရည်မှန်းချက်ဖြစ်သည့် ရန်သူ့ပင်မစစ်ရေယာဉ်အုပ်ကို တိုက်ခိုက်ချေမှုန်း





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား လေ့ကျင့်ခန်းတွင်ပါဝင်ခဲ့ကြသည့် စစ်ရေယာဉ်များက *Fleet Review* ဖြင့် ချီတက်အလေးပြုကြစဉ်။ (သတင်းစဉ်)

ရန်အတွက် Cruising Formation နှင့် Battle Line Formation ပုံစံများသို့ အဆင့်ဆင့်ပြောင်းလဲ၍ မိမိစစ်ရေယာဉ်များရှိ အမြောက်ကြီးများ၊ ဒုံးပျံများဖြင့် ပစ်ခတ်ချေမှုန်းသည့် လေ့ကျင့်ခန်းများကို ဆောင်ရွက်ခဲ့ကြသည်။

လေ့ကျင့်ခန်းပြီးဆုံးချိန်တွင် စစ်ရေယာဉ်-အောင်ဇေယျပေါ်တွင် စီးနင်းလိုက်ပါလာသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား လေ့ကျင့်ခန်းတွင်ပါဝင်ခဲ့ကြသည့် စစ်ရေယာဉ်များက Fleet Review ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)တို့ထံ လေ့ကျင့်ခန်းအထိမ်းအမှတ် လက်ဆောင်ပစ္စည်းကို ပေးအပ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်-အောင်ဇေယျ၏ ဧည့်သည်တော် မှတ်တမ်းတွင် လေ့ကျင့်ခန်းအထိမ်းအမှတ် အမှတ်တရလက်မှတ်ရေးထိုးပြီး စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင် စစ်ဆင်မှုလေ့ကျင့်ခန်း (Combined Fleet Exercise-Sea Shield 2016) တွင် ပါဝင်ခဲ့ကြသော စစ်ရေယာဉ်မှူးများနှင့် အရာရှိ၊ စစ်သည်များကို လေ့ကျင့်ခန်းနှင့်ပတ်သက်၍ပြန်လည်သုံးသပ် အမှာစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောကြားရာတွင် လုပ်ငန်းတာဝန်များ အောင်မြင်ပြီးမြောက်မှုအတွက် ချီးကျူးဂုဏ်ပြုကြောင်း၊ လေ့ကျင့်ခန်းဆိုသည်မှာ စွမ်းရည်ထက်မြက်စေရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် စစ်ရေးပိုင်းတွင် ချက်ချင်းလက်ငင်း လုပ်ဆောင်၍မရကြောင်း၊ လူ၊ လက်နက်၊ စစ်အတတ်ပညာများ အကျွမ်းတဝင်ဖြစ်နေအောင် လေ့ကျင့်ရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးလုပ်ငန်းများသည် အမြဲတမ်းလေ့ကျင့်နေရန်၊ ပြင်ဆင်နေရန်လိုအပ်ကြောင်း၊ ကြိုတင်စီစဉ်သော တိုက်စစ်လေ့ကျင့်ခန်းများအပြင် အချိန်မရွေးဖြစ်ပေါ်လာနိုင်သည်များကို ရင်ဆိုင်နိုင်စွမ်းရှိစေရန် ရုတ်ခြည်းတိုက်စစ်လေ့ကျင့်ခန်းများကိုလည်း လေ့ကျင့်ကြရမည်ဖြစ်ကြောင်း။

ရေတပ်စွမ်းအားမြှင့်တင်ရေးနှင့် ပတ်သက်၍ မြန်မာ့ကမ်းရိုးတန်းအရှည်သည် ရေမိုင် ၁၂၆၀နှင့် ကုန်းမိုင် ၁၄၅၀ ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ရေမိုင် ၁၀၄ ဒသမ ၂၈ မိုင်၊ အိန္ဒိယနိုင်ငံနှင့် ရေမိုင် ၅၉၂ ဒသမ ၀၃ မိုင်၊ ထိုင်းနိုင်ငံနှင့် ရေမိုင် ၁၉၅ ဒသမ ၃၂ မိုင် နယ်နိမိတ်ထိစပ်နေကြောင်း၊ ယင်းအပြင် မြန်မာနိုင်ငံ၏ အဓိကပို့ကုန် သွင်းကုန်များ၏ ၈၇ ရာခိုင်နှုန်းခန့်မှာလည်း ဘင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယသမုဒ္ဒရာ ဆက်စပ်ရေပြင်ကို အသုံးပြုသွားလာနေရကြောင်း၊ နိုင်ငံ၏ အဓိကဝင်ငွေရရှိနေသည့် ကမ်းနီး၊ ကမ်းဝေးရေနံနှင့် သဘာဝဓာတ်ငွေ့များ၊ ရေအောက်သယံဇာတဖြစ်သည့် ငါးနှင့် ရေထွက်ပစ္စည်းများလည်း များစွာထွက်ရှိကြောင်း၊ ယင်းလုပ်ငန်းများကို လုံခြုံစွာထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တပ်မတော်(ရေ)အနေဖြင့် စွမ်းအားအပြည့်အဝရှိရန် လိုအပ်သဖြင့် ရေတပ်စွမ်းအားမြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင်ပြင်ပနိုင်ငံများမှ ဝယ်ယူရသည်များရှိသကဲ့သို့ ကိုယ်တိုင်ဆောက်လုပ်နိုင်အောင် ကြိုးစားလုပ်ဆောင်ခြင်းဖြင့် တည်ဆောက်ခဲ့သည့် စစ်ရေယာဉ်များစွာရှိကြောင်း၊ ဆက်လက်၍ ယခုထက်ပိုမိုခေတ်မီသည့် အဆင့်မြင့်စစ်ရေယာဉ်များ တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

ကာကွယ်ရေးစွမ်းအား မြင့်မားရေးနှင့်ပတ်သက်၍ မိမိနိုင်ငံတွင် သစ္စာမဲ့သည့်လုပ်ရပ်များကြောင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရကြောင်း၊ လွတ်လပ်ရေးဆိုသည်မှာ မျက်စိတစ်မှိတ်လျှပ်တစ်ပြက်အတွင်း ဆုံးရှုံးသွားနိုင်သော်လည်း ယင်းကို ပြန်လည်ရရှိရန်အတွက် နှစ်ပေါင်းများစွာ၊ ပေးဆပ်မှုပေါင်းများစွာဖြင့် ကြိုးပမ်းလုပ်ဆောင်ရကြောင်း၊ သို့ဖြစ်၍ ကာကွယ်ရေးစွမ်းအား၊ ကာကွယ်ရေးစွမ်းပကား မြင့်မားရန် အရေးကြီးကြောင်း၊ နိုင်ငံတစ်ခုရပ်တည်မှုအတွက် နိုင်ငံရေးစွမ်းပကား၊ စီးပွားရေးစွမ်းပကားနှင့် ကာကွယ်ရေးစွမ်းပကား သုံးခုမြင့်မားနေရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ပါတီစုံဒီမိုကရေစီစနစ်၏ ပထမခြေလှမ်းလျှောက်လှမ်းခဲ့ရာ တပ်မတော်အနေဖြင့် ယင်းလမ်းကြောင်းတွင် ခိုင်ခိုင်မာမာဖြင့် မယိမ်းမယိုင် လျှောက်လှမ်းနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်း လုပ်ဆောင်ခဲ့ကြောင်း၊ အလားတူ ဒုတိယသက်တမ်းတွင်လည်း ဆက်လက်ထိန်းသိမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းမှုရရှိအောင် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းစေရန်လည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ Military Might မြင့်မားရန်လိုအပ်ကြောင်း၊ နောင်တွင်လည်း နှစ်စဉ်လေ့ကျင့်မည်ဖြစ်၍ ယခုထက် ပိုမိုကောင်းမွန်ပြည့်စုံအောင် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းကြောင်း ပြောကြားသည်။

တပ်မတော်(ရေ)မှ နိုင်ငံတော်ပိုင် ပင်လယ်ပြင် ရေထု၊ လေထုအတွင်း အချုပ်အခြာအာဏာ ခိုင်မာစေရန်နှင့် တပ်မတော်(ရေ)ရှိ စစ်ရေယာဉ်များကို အသင့်ဖြစ်မှု သုံးရပ်ဖြင့် စစ်ဆင်မှုနယ်ပယ်လေးရပ်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ တိုက်ပွဲဝင်နိုင်စေရန် ရည်ရွယ်၍ စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှုလေ့ကျင့်ခန်းကို ၂၀၁၄ ခုနှစ်မှစ၍ နှစ်စဉ်ပြုလုပ်ခဲ့သည်။ ယနေ့ပြုလုပ်ခဲ့သည့် စစ်ရေယာဉ်တပ်ပေါင်းစု ပင်လယ်ပြင်စစ်ဆင်မှု လေ့ကျင့်ခန်း (Combined Fleet Exercise-Sea Shield 2016) သည် (၃)ကြိမ်မြောက်ဖြစ်ပြီး စစ်ရေယာဉ်မျိုးစုံ အစင်း ၂၀ ကျော် ပါဝင်၍ ပစ်ခတ်မှုနှင့် လက်တွေ့စစ်ကစားလှုပ်ရှားမှုကို ပေါင်းစပ်လေ့ကျင့်ခဲ့ခြင်းဖြစ်ရာ စစ်ရေယာဉ်များနှင့် စစ်သည်များ၏ စွမ်းရည်တိုးတက်လာစေမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို လုံခြုံစွာကာကွယ်စောင့်ရှောက်ရန်အတွက် စွမ်းရည်ထက်မြက် မြင့်မားသော တပ်မတော်ဖြစ်စေရေး တည်ဆောက်လျက်ရှိပြီး ကာကွယ်ရေးစွမ်းအားမြှင့်တင်ရေးအတွက် တပ်မတော်(ကြည်း၊ရေ၊လေ) လေ့ကျင့်ခန်းများကို အမြဲမပြတ် လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြဝတီ)**

## ပြည်တွင်းရေးရာ

✪ ကျောဖုံးမှ

**မေး ။ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်ရဲ့ ရေဝေရေလဲဒေသ သဘာဝသစ်တောကြားခံဇုန် (Buffer Zone)မြေ ၂၇၂ ဒသမ ၁၅ ဧကကို စက်မှုဇုန် မြေငှားဂရန်ချပေးဖို့ ပြင်ဆင်နေကြောင်း ပြည်သူ့လွှတ်တော်မှာ အရေးကြီးအဆိုအဖြစ် တင်သွင်းတယ်လို့ သိရပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်ရဲ့ ရေဝေရေလဲဒေသကို သဘာဝသစ်တောကြားခံဇုန် (Buffer Zone) အဖြစ် သတ်မှတ်ထားခြင်း မရှိပါဘူး။ ဒီမြေဧရိယာ ၂၇၂ ဒသမ ၁၅ ဧကဟာ ပြင်ဦးလွင်မြို့ နယ်နိမိတ်ဧရိယာအတွင်းရှိ မြို့မြေဖြစ်ပါတယ်။

အမျိုးသားသဘာဝကန်တော်ကြီးဥယျာဉ်အတွင်းမှာရှိတဲ့ ကန်တော်ကြီးရေကန်ဟာ သစ်တောတွေ ပြုန်းတီးလာမှု၊ စည်းကမ်းမရှိ သစ်ပင်ခုတ်လှဲမှုတွေကြောင့် နောက်ဆက်တွဲဆိုးကျိုးအပြစ်တွေအဖြစ် ၁၉၉၅ ခုနှစ်မှာ တစ်ကြိမ်၊ ၁၉၉၆ ခုနှစ်မှာ တစ်ကြိမ် နွေရာသီမှာ ရေလုံးဝခန်းခြောက်တဲ့အထိ ဖြစ်ပွားခဲ့ဖူးပါတယ်။

ဒီလိုဆိုးကျိုးအပြစ်တွေ ကြုံတွေ့ခဲ့မှုကြောင့် ကန်တော်ကြီးရေကန်ပတ်လည်မှာ တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်နေပြီးတော့ သစ်တောတွေ ပြန်လည် ဖုံးလွှမ်းစေဖို့ ဖြစ်နိုင်ခြေရှိပြီး အကောင်းဆုံးနည်းလမ်းကို စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒါကတော့ ကန်တော်ကြီး ရေကန်ပတ်လည်က မြို့မြေနေရာတွေကို ပုဂ္ဂလိက လုပ်ငန်းရှင်တွေကို နေရာချထားပေးပြီးတော့ ကော်ဖီစိုက်ပျိုးလုပ်ကိုင်ခွင့်ပေးခဲ့ပါတယ်။ ကော်ဖီနဲ့အတူ ယှဉ်တွဲပြီး စိုက်ပျိုးရမယ့် အရိပ်ရပင်(ခါတော်မီပင်)တွေ ရှင်သန်လာရင် သစ်တောတွေ အမြန်ဆုံး ပြန်လည် ဖုံးလွှမ်းလာမယ်။ ဒီလိုတွေ ပြန်လည်ဖြစ်လာဖို့ကို လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။

ပြင်ဦးလွင်မြို့ အမျိုးသားသဘာဝကန်တော်ကြီးဥယျာဉ် ရေကန်ပတ်လည်မှာရှိတဲ့ မြို့မြေမှာ ရေမြေရာသီဥတုသဘာဝနဲ့ကိုက်ညီတဲ့ ကော်ဖီစိုက်ပျိုးဖို့၊ မြေဆီလွှာတိုက်စားမှုကို ကာကွယ်ထိန်းသိမ်းဖို့၊ ကော်ဖီစိုက်ပျိုးရင် ယှဉ်တွဲစိုက်ပျိုးရမယ့် အရိပ်ရအပင်တွေနဲ့ သစ်တောတွေ ပြန်လည်ဖြစ်ထွန်းလာပြီးတော့ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေဖို့ ရည်ရွယ်ချက်တွေ ထားခဲ့ပါတယ်။

ဒီလိုရည်ရွယ်ချက်တွေနဲ့ စည်းကမ်းသတ်မှတ်ချက်တွေ ထုတ်ပြန်ပြီး ၁၉၉၇-၁၉၉၈ ခုနှစ်ကနေ စတင်ပြီး လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနက မြို့မြေဧရိယာ ၂၇၂ ဒသမ ၁၅ ဧကမှ ပုဂ္ဂလိကလုပ်ငန်းရှင် ၅၀ ကို မြေဧရိယာ ၂၆၂ ဒသမ ၁၅ ဧကနဲ့ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ မြေဧရိယာ ၁၀ ဧကကို ကော်ဖီစိုက်ပျိုးဖို့ မြေနေရာတွေ ခွင့်ပြုချထားပေးခဲ့ပါတယ်။

**မေး ။ အဲဒီမြေတွေကို စက်မှုဇုန်မြေငှားဂရန်တွေ ထုတ်ပေးနေတယ်လို့ ကြားသိရပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့လည်း ဖြေကြားပေးပါ။**

ဖြေ ။ အဲဒီနေရာဟာ စက်မှုဇုန်မဟုတ်ပါဘူး။ စက်မှုဇုန်မြေငှားဂရန်ဆိုတာလည်း မရှိပါဘူး။ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနကနေ ကော်ဖီစိုက်ပျိုးဖို့ခွင့်ပြုထားတဲ့ နေရာတွေမှာ လူနေထိုင်ဖို့အတွက် မြေငှားဂရန်တွေကို ၂၀၀၀-၂၀၀၁ ခုနှစ်ကစပြီး ထုတ်ပေးထားတာကို စိစစ်တွေ့ရှိခဲ့တယ်။

ဒါ့အပြင် ကော်ဖီစိုက်ပျိုးဖို့ ခွင့်ပြုထားတဲ့ မြေနေရာတွေမှာ လူနေထိုင်ဖို့အတွက် မြေဧရိယာ ၄၂ ဒသမ ၄၁ ဧကကို မြေငှားဂရန် ၁၉ ခု ထုတ်ပေးထားတာ၊ ကော်ဖီစိုက်ပျိုးခွင့်ရရှိထားသူတွေကို အဆင့်ဆင့်လွှဲပြောင်းပေးမှုတွေရှိတာကိုလည်း စိစစ်တွေ့ရှိခဲ့ပါတယ်။

တချို့ဂရန်ရရှိထားတဲ့သူတွေက ဒီမြေကွက်တွေကို ခွဲစိတ်ရောင်းချတာ၊ အဆင့်ဆင့်လွှဲပြောင်းမှုတွေ ရှိနေတာတွေကို သိရှိရတဲ့အတွက် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းအဖွဲ့ခေါင်းဆောင်အဖြစ်ပါဝင်ပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်နဲ့ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနဲ့ မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းတို့ အဖွဲ့ဝင်အဖြစ် ပါဝင်တဲ့အဖွဲ့တွေနဲ့ကွင်းဆင်းစစ်ဆေးဆောင်ရွက်ဖို့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ (၁၈-၁၂-၂၀၁၅) ရက်စွဲပါစာအမှတ်၊ ၂၄၅၄/၂၅၅- မြေ ၁-၉/အဖရ(၂၀၁၅)အရ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

စစ်ဆေးတွေ့ရှိချက်တွေအရ အမျိုးသားကန်တော်ကြီး သဘာဝဥယျာဉ်ပတ်ဝန်းကျင်မှာ မြေ အမျိုးအစား သုံးမျိုးရှိတာကို တွေ့ရှိခဲ့ပါတယ်။

မြို့မြေ ၂၇၂ ဒသမ ၁၅ ဧက၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဧက ၁၅၂ ဒသမ ၅၀၊ သစ်တောမြေ ၂၁၉၁ ဒသမ ၁၃ ဧကရှိတာနဲ့ ကော်ဖီစိုက်ပျိုးဖို့ ခွင့်ပြုထားတဲ့ မြို့မြေ မြေဧရိယာ ၂၇၂ ဒသမ ၁၅ ဧက နေရာတွေမှာ ဒီလို မြေငှားဂရန်ရရှိထားသူတွေက အဆင့်ဆင့်လွှဲပြောင်းတာ၊ ခွဲစိတ်ထားတာ၊ ရောင်းချတာမျိုးနဲ့ တရားမဝင်အဆောက်အအုံတွေ ဆောက်လုပ်တာတွေ ရှိနေတာကို စိစစ်တွေ့ရှိခဲ့ရပါတယ်။

**မေး ။ ကော်ဖီစိုက်ပျိုးဖို့ ခွင့်ပြုထားတဲ့မြေတွေကို လူနေထိုင်ဖို့ မြေငှားဂရန်တွေ ထုတ်ပေးထားတာဟာ မူလရည်ရွယ်ချက်နဲ့ ကိုက်ညီမှုရှိပါသလား။**

ဖြေ ။ မူလရည်ရွယ်ချက်နဲ့ ကိုက်ညီမှုမရှိပါဘူး။ ဒါကြောင့် လူနေထိုင်ဖို့ မြေငှားဂရန်တွေကို စက်မှု/စီးပွားမြေငှားဂရန် (Industrial Commercial Lease)ထုတ်ပေးဖို့၊ လွှဲပြောင်းရောင်းချထားတဲ့ မြေအမည်ပေါက်လွှဲမှားနေတဲ့ ကိစ္စရပ်တွေကိုစိစစ်ပြီး ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ဖို့အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပါဝင်တဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၂ ရက်က ပြည်ထဲရေးဝန်ကြီးဌာနမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။


ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်

အဲဒီအစည်းအဝေးမှာ ဆုံးဖြတ်ချက် ၁၃ ချက်ကို ချမှတ်ခဲ့ပြီး ဒီဆုံးဖြတ်ချက်ထဲမှာ ကော်ဖီစိုက်ပျိုးဖို့ ခွင့်ပြုထားတဲ့ မြို့မြေတွေကို လူနေထိုင်ဖို့အတွက် မြေငှားဂရန် ထုတ်ပေးထားရှိတာတွေကို ပြန်လည်ပယ်ဖျက်တာတွေဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

မူလရည်ရွယ်ချက်နဲ့ ကိုက်ညီမှုမရှိတဲ့အတွက် အစည်းအဝေးဆုံးဖြတ်ချက်အရ မြို့မြေတွေမှာ ကော်ဖီစိုက်ပျိုးဖို့ ခွင့်ပြုထားတဲ့သူတွေကို စက်မှု/စီးပွားမြေငှားဂရန် လျှောက်ထားနိုင်ဖို့၊ အသိပေးရှင်းလင်း ဆောင်ရွက်နိုင်ဖို့ ဖိတ်ကြားတာနဲ့ ရှင်းလင်းအသိပေးတာကို တစ်ပတ်အတွင်း ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၈ ရက် မတိုင်ခင် ဆောင်ရွက်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဒါ့အပြင် စည်းကမ်းချက် ၁၂ ချက်ကိုလည်း သတ်မှတ်ပေးခဲ့ပါတယ်။

**မေး ။ အဲဒီစည်းကမ်းချက် ၁၂ ချက်ထဲမှာ ဘယ်အချက်တွေကို အဓိကထားသတ်မှတ်ခဲ့ပါသလဲ။**

ဖြေ ။ အဲဒီစည်းကမ်းချက် ၁၂ ချက်ထဲမှာ အဓိကအချက်ကတော့ ကန်တော်ကြီးပတ်ဝန်းကျင် မြို့မြေအတွင်းကျရောက်နေတဲ့ ကော်ဖီစိုက်ပျိုးမြေတွေကို စက်မှု/စီးပွားမြေငှားဂရန် ပြောင်းလဲထုတ်ပေးတာဟာ ကန်တော်ကြီးပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနဲ့ လူတွေရဲ့ သဘာဝလွန်ပစ္စည်းတွေအသုံးပြုမှုတွေကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ ဂေဟစနစ်ပျက်စီးမှုတွေကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့၊ အမျိုးသားသဘာဝဥယျာဉ်အမည်နဲ့ လိုက်လျောညီထွေတဲ့ ပတ်ဝန်းကျင်ဖြစ်စေဖို့ ရည်ရွယ်တဲ့ ကော်ဖီစိုက်ပျိုးရေးကိုသာ ဆောင်ရွက်ဖို့နဲ့ တခြားစီးပွားရေးလုပ်ငန်းတွေကို ပြောင်းလဲသုံးစွဲဆောင်ရွက်ခွင့်မပြုဖို့ သတ်မှတ်ထားခဲ့ပါတယ်။

အခုလို စက်မှု/စီးပွားမြေငှားဂရန်ထုတ်ပေးဖို့ ဆောင်ရွက်တာဟာ မူလကတည်းက ကော်ဖီစိုက်ပျိုးဖို့ ခွင့်ပြုချထားပေးတဲ့မြေမှာ ကော်ဖီစိုက်ပျိုးမှုမရှိဘဲ လူနေထိုင်တဲ့အတွက် မြေငှားဂရန်တွေ လျှောက်ထားရယူပြီး အဆောက်အအုံတွေ ဆောက်လုပ်နေတာတွေရှိနေတာနဲ့ ခွင့်ပြုချက်မရှိဘဲ အဆင့်ဆင့်လွှဲပြောင်း/ရောင်းချမှုတွေရှိတာတွေဟာ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်အခတွေ မရရှိတာတွေကြောင့် မြေစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေစည်းကမ်းသတ်မှတ်ချက်တွေနဲ့အညီ ထိန်းသိမ်းကြပ်မတ်နိုင်စေဖို့အတွက် လူနေထိုင်ဖို့ ထုတ်ပေးထားတဲ့ မြေငှားဂရန်တွေကို ပယ်ဖျက်ပြီး စက်မှု/စီးပွားမြေငှားဂရန် ပြောင်းလဲထုတ်ပေးဖို့ စီစဉ်ဆောင်ရွက်ခဲ့ရတာ ဖြစ်ပါတယ်။

**မေး ။ လူနေထိုင်ဖို့ မြေငှားဂရန်နဲ့ စက်မှု/ စီးပွားမြေငှားဂရန် ဘယ်လိုကွာပါသလဲ။**

ဖြေ ။ လူနေထိုင်ဖို့ မြေငှားဂရန်ဆိုတာက လူနေအဆောက်အအုံတွေ ဆောက်လုပ်နေထိုင် အသုံးပြုနိုင်ဖို့အတွက်ဖြစ်ပါတယ်။ စက်မှု/စီးပွား မြေငှားဂရန်ဆိုတာကတော့ ဥပမာ- ကော်ဖီစိုက်ပျိုးရန်ဆိုရင် ကော်ဖီစိုက်ဖို့ပဲဖြစ်ပါတယ်။

စက်ရုံအလုပ်ရုံ တည်ဆောက်အသုံးပြုရန်ဆိုရင် စက်ရုံအလုပ်ရုံ ဆောက်လုပ် အသုံးပြုဖို့ပဲဖြစ်ပါတယ်။ တခြား လုပ်ငန်းတွေလုပ်ကိုင်လို့မရနိုင်ပါဘူး။ ဒီအတွက်လည်း စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးရာမှာ စည်းကမ်းချက်တွေ သတ်မှတ်ပြဌာန်းပြီးတော့ မြေငှားဂရန်စာချုပ် ချုပ်ဆိုထုတ်ပေးဖို့ စီစဉ်ဆောင်ရွက်တာဖြစ်ပါတယ်။

မြေခွန်စည်းကြပ်တဲ့နှုန်းထားလည်း မတူညီပါဘူး။ လူနေထိုင်ဖို့အတွက်ဆို အထက်မြန်မာနိုင်ငံ မြေနဲ့ အခွန်နည်းဥပဒေ ၄၄ (က) (၂)၊ အောက်မြန်မာနိုင်ငံ မြို့နဲ့ ကျေးရွာမြေတွေ နည်းဥပဒေ ၁၇ တွေအရ မြေငှားရမ်းခရဲ့ ၇၅ ရာခိုင်နှုန်း သို့မဟုတ် မြေတန်ဖိုးရဲ့ ၆ ရာခိုင်နှုန်းကို နှစ်စဉ်မြေခွန်စည်းကြပ်ကောက်ခံပါတယ်။ စက်မှု/စီးပွားမြေငှားဂရန်ဆိုရင်တော့ မြေငှားရမ်းခရဲ့ ၇၅ ရာခိုင်နှုန်း သို့မဟုတ် မြေတန်ဖိုးရဲ့ ၆ ရာခိုင်နှုန်းထက် ကျော်လွန်သတ်မှတ်နိုင်ပါတယ်။

မြေတန်ဖိုးရဲ့ ၆ ရာခိုင်နှုန်းအထက်မှ ၁၂ ရာခိုင်နှုန်းအထိ သတ်မှတ်စည်းကြပ်ကောက်ခံပါတယ်။ ၁၉၁၃ ခုနှစ် မြို့နဲ့ကျေးရွာ မြေများဆိုင်ရာ အမိန့်ဆင့်ဆိုချက် ၄၅ (ခခ)အရ တွက်ချက်သတ်မှတ် စည်းကြပ်တာဖြစ်ပါတယ်။

**မေး ။ စက်မှု/ စီးပွားမြေငှားဂရန်မှာ အဆောက်အအုံတွေ ဆောက်ခွင့်ရှိပါသလား။**

ဖြေ ။ စက်မှု/စီးပွားမြေငှားဂရန်စာချုပ်မှာ ဖော်ပြထားတဲ့ သတ်မှတ်ချက်တွေနဲ့အညီသာ သတ်မှတ်တဲ့ အဆောက်အအုံတွေ ဆောက်ရမှာဖြစ်ပါတယ်။ ဥပမာ ကော်ဖီပင်နဲ့ အရိပ်ရပင်တွေကို စိုက်ပျိုးဖို့အတွက် ရည်ရွယ်တာဆိုရင် သတ်မှတ်ဧရိယာအတိုင်း အဓိကစိုက်ပျိုးရမှာဖြစ်ပါတယ်။

ကော်ဖီစေ့သိုလှောင်ဖို့ ဂိုဒေါင်၊ ကော်ဖီကြိတ်စက်အဆောက်အအုံ၊ အလုပ်သမားနေထိုင်ဖို့ အဆောက်အအုံစတာတွေတော့ စည်းကမ်းသတ်မှတ်ချက်အတိုင်းသာလုပ်ဆောင်ခွင့်ရှိမှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင် ထိခိုက်စေမယ့် ဟိုတယ်၊ မိုတယ်၊ စက်ရုံအလုပ်ရုံတွေ၊ ကော်ဖီစိုက်ပျိုးတာနဲ့ မသက်ဆိုင်တဲ့ အဆောက်အအုံတွေ၊ လုပ်ငန်းတွေကိုတော့ ခွင့်ပြုမှာမဟုတ်ပါဘူး။

**မေး ။ လက်ရှိဆောင်ရွက်မှုအခြေအနေကို သိလိုပါတယ်။**

ဖြေ ။ ကော်ဖီစိုက်ပျိုးရန်ချထားပေးတဲ့မြေကို စက်မှု/ စီးပွားမြေငှားဂရန် သတ်မှတ်စည်းကမ်းနဲ့အညီ ထုတ်ပေးနိုင်ဖို့အတွက် အဖွဲ့လိုက် ကွင်းဆင်းတိုင်းတာစစ်ဆေးတာ၊ မြေပုံရေးဆွဲတာတွေ ဆောင်ရွက်နေဆဲဖြစ်ပြီးတော့ အခုအခါ လုပ်ငန်းတွေ ရပ်ဆိုင်းထားပါတယ်။

**မေး ။ မြေယာစီမံခန့်ခွဲရေးနဲ့ပတ်သက်ပြီး ကိုင်တွယ်ကျင့်သုံးနေတဲ့ဥပဒေတွေကို သိလိုပါတယ်။**

ဖြေ ။ ၁၈၇၆ ခုနှစ် မြေနှင့်အခွန်အက်ဥပဒေ၊ ၁၈၈၉ ခုနှစ် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် စည်းမျဉ်းဥပဒေ၊ ၁၈၉၄ ခုနှစ် မြေသိမ်းအက်ဥပဒေ၊ ၁၈၉၈ ခုနှစ် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေ၊ ၁၉၈၇ ခုနှစ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ လွှဲပြောင်းခြင်းကိုကန့်သတ်သည့် ဥပဒေတို့နှင့် ယင်းဥပဒေတို့အရ ပြုလုပ်သည့် နည်းဥပဒေ၊ အမိန့်ဆင့်ဆိုချက်များကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် သစ်တောဥပဒေ၊ လယ်ယာမြေဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ စတဲ့ မြေယာစီမံခန့်ခွဲမှုနဲ့ပတ်သက်တဲ့ အခြားဆက်စပ်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကိုလည်း ဆက်စပ်ကျင့်သုံးဆောင်ရွက်နေပါတယ်။

**မေး ။ နိုင်ငံတော်ပိုင်မြေဆိုတာကို ဘယ်လိုသတ်မှတ်ပါသလဲ။**

ဖြေ ။ နိုင်ငံတော်ပိုင်မြေဆိုတာ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေပုဒ်မ ၄(၁)တွင် "နိုင်ငံတော်ပိုင်မြေဆိုသည်မှာ နိုင်ငံတော်အစိုးရ၏ကိုယ်စားဖြစ်စေ သို့မဟုတ် နိုင်ငံတော်အစိုးရကဖြစ်စေ ပြုလုပ်သည့်၊ အသိအမှတ်ပြုထားသည့် သို့မဟုတ် ဆက်လက်အသိအမှတ်ပြုထားဆဲဖြစ်သည့် အခွန်လွတ်ဂရန် သို့မဟုတ် အပိုင်ပေးဂရန် ထုတ်ပေးထားခြင်းမရှိသော မြေအားလုံးကိုခေါ်သည်"ဟု ပြဌာန်းထားပါတယ်။

အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပုဒ်မ ၂၃ မှာတော့ နိုင်ငံတော်ပိုင်မြေဆိုသည်မှာ နိုင်ငံတော်အစိုးရပိုင်မြေ သို့မဟုတ် နိုင်ငံတော်အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဖြစ်တယ်လို့ ပြဌာန်းထားပါတယ်။

အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေပုဒ်မ ၄(၂)တွင် အစိုးရက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေဆိုသည်မှာ-(က)မည်သူတစ်ဦးတစ်ယောက်မျှ ရယူပိုင်ဆိုင်ထားခြင်းမရှိသော မြေကို ဆိုသည်၊ (ခ) အစိုးရ၏ကိုယ်စားလည်းကောင်း သို့မဟုတ် အစိုးရကလည်းကောင်း ထုတ်ပေးထားသည့် အပိုင်ပေးဂရန် သို့မဟုတ် မြေငှားစာချုပ်အရ ပေါ်ပေါက်သည့် အခွင့်အရေးတစ်စုံတစ်ရာကို မည်သူတစ်ဦးတစ်ယောက်ကမျှ ရရှိထားခြင်းမရှိသော မြေကိုဆိုသည်လို့ ပြဌာန်းသတ်မှတ်ထားပါတယ်။

**မေး ။ နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့မြေတွေကို မြေငှားဂရန်ထုတ်ပေးရာမှာ ဘယ်လိုဥပဒေတွေနဲ့ ထုတ်ပေးနေပါသလဲ။**

ဖြေ ။ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပုဒ်မ ၂၆ မှာတော့ နိုင်ငံတော်ပိုင် မြေ၊ နိုင်ငံတော် စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေကို နည်းဥပဒေများပြဌာန်းသတ်မှတ်ပြီး မြေငှားဂရန်များချထားပေးရန်နှင့် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေ ၁၆ မှာတော့ နည်းဥပဒေအရ သတ်မှတ်သည့် စည်းကမ်းချက်များဖြင့် အကျိုးခံစားခွင့်များနှင့်အတူ မြေငှားဂရန်၊ မြေငှားစာချုပ်များ ထုတ်ပေးနိုင်တယ်လို့ ပြဌာန်းထားပါတယ်။

နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေကို မြေငှားဂရန်ထုတ်ပေးရာတွင် လူနေထိုင်ရန်အတွက်သော်လည်းကောင်း၊ အဆောက်အအုံ ဆောက်လုပ်ရန်အတွက်သော်လည်းကောင်း၊ စက်မှုလက်မှုလုပ်ငန်းများ လုပ်ကိုင်ရန်အတွက်သော်လည်းကောင်း အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၉၊ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၁၊ အောက်မြန်မာနိုင်ငံမြေနှင့်အခွန် နည်းဥပဒေ ၃၇(က)တို့အရ မြေငှားဂရန် ထုတ်ပေးနိုင်ပါတယ်။ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အတွက်တော့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် နည်းဥပဒေ ၅၁ (ခ)မှ (ယ)အထိ သီးခြားနည်းဥပဒေတွေ ထုတ်ပြန်ပြဌာန်းထားပါတယ်။

**မေး ။ မြေငှားဂရန်ထုတ်ပေးရာမှာ စည်းကမ်းသတ်မှတ်ချက်တွေ ရှိပါသလား။**

ဖြေ ။ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများ နည်းဥပဒေအခန်း(၂)၊ အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေအခန်း(၇)နဲ့ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေအခန်း(၆) တို့မှာ နိုင်ငံတော်က စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေကို အဆောက်အအုံဆောက်လုပ်ရန်၊ လူနေထိုင်ရန် သို့မဟုတ် စက်မှုလက်မှုစီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ဖို့အတွက် စည်းကမ်းသတ်မှတ်ချက်တွေနဲ့ မြေငှားစာချုပ်ထုတ်ပေးနိုင်ဖို့ နည်းဥပဒေတွေကို ပြဌာန်းထားပါတယ်။

အဆောက်အအုံဆောက်လုပ်ပြီး လူနေထိုင်ဖို့ မြေငှားဂရန်လျှောက်ထားလာရင် လူနေထိုင်ဖို့အတွက် မြေငှားဂရန်စာချုပ်ထုတ်ပေးပါတယ်။ လူနေထိုင်ဖို့အတွက်သာ အသုံးပြုနိုင်ပါတယ်။ စက်မှုလက်မှု လုပ်ငန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေလုပ်ကိုင်ဖို့ လျှောက်ထားရင် လျှောက်ထားတဲ့ ရည်ရွယ်ချက်အတိုင်းသာ လုပ်ကိုင်နိုင်ဖို့အတွက် စက်မှု/စီးပွားမြေငှားဂရန် စာချုပ်ထုတ်ပေးပါတယ်။ ဂရန်စာချုပ်မှာ သတ်မှတ်ဖော်ပြထားတဲ့ စည်းကမ်းသတ်မှတ်ချက်များအတိုင်းသာ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

ဟုတ်ကဲ့။ အခုလို ရှင်းလင်းဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း - ဟန်နီဝင်း**

**❖ စွမ်းအင်ကဏ္ဍမှ**

ပြည်တွင်းလိုအပ်ချက်နှင့် ကိုက်ညီသည့် စက်သုံးဆီအပါအဝင် အခြားလောင်စာဆီများကိုလည်း ပြန်လည်တင်သွင်းရခြင်းများရှိရာ စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအပိုင်းနှင့် ပုဂ္ဂလိကနှင့် ပူးတွဲဆောင်ရွက်မှုအပိုင်းများကို စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဖေဇင်ထွန်းနှင့် ဆက်သွယ်တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

**မေး။ စွမ်းအင်ဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံနဲ့ လက်ရှိဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို သိပါရစေရှင့်။**

ဖြေ။ စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုလက်အောက်မှာ ဝန်ကြီးရုံးအပါအဝင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ မြန်မာ့ရေနံနဲ့သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းနဲ့ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းဆိုတဲ့ လုပ်ငန်းသုံးခုရှိပါတယ်။ အဓိကတာဝန်တွေကတော့ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေရှာဖွေတူးဖော်မယ်၊ ထုတ်လုပ်မယ်၊ ချက်လုပ်မယ်၊ ဖြန့်ဖြူးရောင်းချမယ်ဆိုတဲ့တာဝန်တွေပေါ့။ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်းတွေဖြစ်တာနဲ့အညီ စွမ်းအင်ကဏ္ဍတိုးတက်စေဖို့ စီမံကိန်းတွေ အကောင်အထည်ဖော်နေတာပေါ့။ အများပိုင်စီးပွားရေး အသွင်ကူးပြောင်းရေးကို တစ်ဆင့်ချင်းဆောင်ရွက်နေတဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။

**မေး။ စက်သုံးဆီလုပ်ငန်းတွေအကြောင်းနဲ့ လက်ရှိမြန်မာနိုင်ငံရဲ့စက်သုံးဆီဆိုင် အရေအတွက်ကိုလည်း ဖြေကြားပေးပါဦးရှင့်။**

ဖြေ။ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ နိုင်ငံပိုင်ကဏ္ဍကို တဖြည်းဖြည်းချင်း ကျွန်တော်တို့ လျှော့ချလာတာ အခုမှမဟုတ်ပါဘူး။ ၂၀၁၀ ပြည့်နှစ်ကတည်းက ပထမ ခြေလှမ်းအနေနဲ့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကို ဖွဲ့စည်းပြီး ဝန်ကြီးဌာနလက်အောက်က နိုင်ငံပိုင်စက်သုံးဆီဆိုင် ၂၇၃ ဆိုင်အနက် ၁၂ ဆိုင်သာချန်ပြီး ကျန်တာတွေကို ပုဂ္ဂလိကကို လွှဲပြောင်းရောင်းချခဲ့ပါတယ်။ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းလက်အောက်က တွင်းတူးဖော်ခြင်း၊ ဆိုက်စမစ်တိုင်းတာခြင်းတွေနဲ့ ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းတွေကိုလည်း အကျိုးတူပူးပေါင်းဖို့အတွက် ပြည်တွင်းပြည်ပကုမ္ပဏီတွေကို ဖိတ်ခေါ် လုပ်ကိုင်ခဲ့သလို မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်က စက်ရုံအချို့နဲ့ ရေနံဓာတ်ငွေ့ရည် အရောင်းဆိုင်တွေ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းလက်အောက်မှာရှိတဲ့ လေယာဉ်ဆီနဲ့ အခြားစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရေးကိစ္စတွေအတွက်လည်း ပြည်တွင်းပြည်ပကုမ္ပဏီတွေနဲ့ အကျိုးတူဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အရောင်းဆိုင် ၁၂ ဆိုင်ကတော့ နေပြည်တော် ဟိုတယ်ဇုန်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ၊ ဗိုလ်တထောင်နဲ့ လှိုင်အရောင်းဆိုင်များ၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံ၊ မဟာအောင်မြေအရောင်းဆိုင်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးနဲ့ တောင်ငူ (ဟင်းငုတ်ပင်) အရောင်းဆိုင်၊ ကယားပြည်နယ် လွိုင်ကော်အရောင်းဆိုင်၊ ကရင်ပြည်နယ် ဘားအံအရောင်းဆိုင်၊ ချင်းပြည်နယ် ဟားခါးအရောင်းဆိုင်၊ ရှမ်းပြည်နယ် လွိုင်လင်အရောင်းဆိုင်တွေ ဖြစ်ပါတယ်။

**မေး။ ၂၀၁၀ နောက်ပိုင်းမှာ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ပုဂ္ဂလိကလုပ်ကိုင်လိုသူတွေကို စက်သုံးဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ချပေးတဲ့အပိုင်းကိုလည်း ဖြေကြားပေးပါရှင့်။**

ဖြေ။ ဝန်ကြီးဌာနမှာ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးလေးခုနဲ့ ဌာနခွဲ ၁၉ ခု၊ သိုလှောင်ဖြန့်ဖြူးရေးစခန်း ငါးခု၊ လေယာဉ်ဆီဌာနခွဲ/ဌာနစိတ် ၁၁ ခုနဲ့ စက်သုံးဆီအရောင်းဆိုင် ၁၂ ဆိုင်တို့ ရှိနေပါတယ်။ အဲဒီကနေ နိုင်ငံပိုင်ကဏ္ဍကို ဖြည့်တင်းနေတာဖြစ်ပါတယ်။ ပုဂ္ဂလိကအနေနဲ့ကတော့ ဝန်ကြီးဌာနလွှဲပြောင်းစဉ်က ၂၆၁ ဆိုင်ရှိခဲ့ပေမယ့် စက်သုံးဆီအရောင်းဆိုင်အသစ်တွေ ထပ်မံဖွင့်လှစ်ဖို့ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်တွေ စိစစ်ချပေးနေပါတယ်။ ယနေ့အထိဆိုရင် စက်သုံးဆီအရောင်းဆိုင် ၁၇၇၈ ဆိုင်၊ သိုလှောင်ကန်စခန်း ခြောက်ခု၊ ရေယာဉ် ၁၂ စီးအတွက် ရေယာဉ်တွေကို စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်တွေကို ပုဂ္ဂလိကကို ထုတ်ပေးထားပြီးပါပြီ။ ဒါ့အပြင် ဓာတ်ဆီ၊ ဒီဇယ်ဆီတင်သွင်းတဲ့ ပုဂ္ဂလိကကုမ္ပဏီပေါင်းက ၄၀၆ ခုအထိရှိနေပါပြီ။ Pioneer Services နဲ့ National Puma Energy Aviation Service ကုမ္ပဏီနှစ်ခုကို လေယာဉ်ဆီဖြန့်ဖြူးရောင်းချခွင့်လိုင်စင်တွေ ထုတ်ပေးထားပါတယ်။ ပုဂ္ဂလိကကိုချထားပေးတဲ့ အရောင်းဆိုင်စာရင်းကို မှတ်တမ်းပြုစုထားပါတယ်။ (ဇယား-၁)

**မေး။ ရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင်ဖြန့်ဖြူးတဲ့အပိုင်းမှာရော စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ လုပ်ဆောင်ချက်တွေအကြောင်း ပြောပြပေးပါရှင့်။**

ဖြေ။ ရေနံဓာတ်ငွေ့ရည်ကို ထင်းအစားထိုး မီးဖိုချောင်သုံးလောင်စာအပြင် သယ်ယူပို့ဆောင်ရေးနဲ့ အခြားကဏ္ဍတွေမှာ ကျယ်ကျယ်ပြန့်ပြန့်သုံးနိုင်ဖို့ ၂၀၁၁ ခုနှစ်ကတည်းက မြန်မာ့တိုင်းရင်းသားလုပ်ငန်းရှင်တွေကို တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခွင့် ပြုခဲ့ပါတယ်။ ကျွန်တော်တို့ဆီမှာ ညောင်တုန်း၊ မင်းဘူးနဲ့ အရာတော်တို့မှာ ရေနံဓာတ်ငွေ့စက်ရုံတွေ ရှိပါတယ်။ ဒါပေမယ့် ကုန်းတွင်းပိုင်းဓာတ်ငွေ့ထုတ်ဖော်ခြင်းကနေ ဖမ်းယူပြီး အရည်ပြုလိုက်တဲ့အခါ တကယ်အသုံးဝင်တဲ့ ဓာတ်ငွေ့ရတာက ပြည်တွင်းမှာလုံလောက်မှုမရှိပါဘူး။

ပတ်ဝန်းကျင်ညစ်ညမ်းမှုနဲ့ သစ်တောပြုန်းတီးမှုတွေကို တားဆီးလျှော့ချဖို့



အမြဲတမ်းအတွင်းဝန် ဦးဖေဇင်ထွန်း

> **ကျွန်တော်တို့ဆီမှာ ညောင်တုန်း၊ မင်းဘူးနဲ့ အရာတော်တို့မှာ ရေနံဓာတ်ငွေ့စက်ရုံတွေ ရှိပါတယ်။ ဒါပေမယ့် ကုန်းတွင်းပိုင်း ဓာတ်ငွေ့ထုတ်ဖော်ခြင်းကနေ ဖမ်းယူပြီး အရည်ပြုလိုက်တဲ့အခါ တကယ်အသုံးဝင်တဲ့ ဓာတ်ငွေ့ရတာက ပြည်တွင်းမှာ လုံလောက်မှုမရှိပါဘူး။**

ရည်ရွယ်တဲ့အတွက် ပြည်ပက တင်သွင်းဖြန့်ဖြူးတာလည်းဖြစ်ပြီး လက်ရှိမှာ တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခွင့် (က)အဆင့် လိုင်စင်ရရှိတဲ့ တိုင်းရင်းသားကုမ္ပဏီခုနစ်ခုနဲ့ သိုလှောင်ခွင့်မရှိဘဲ တင်သွင်း၊ ဖြန့်ဖြူးခွင့်ရရှိတဲ့ (ခ) အဆင့် လိုင်စင်ခြောက်ခုကို ဝန်ကြီးဌာနက ခွင့်ပြုထားခဲ့ပါတယ်။ လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ်ထိန်းသိမ်းရေးနဲ့ ကျေးလက်ဒေသအထိ တွင်ကျယ်စွာ ရောက်ရှိအသုံးပြုဖို့အတွက် ဖေဖော်ဝါရီ ၂၅ ရက်ကတင် မြန်မာ့ရေနံနဲ့ ဓာတုဗေဒလုပ်ငန်းနဲ့ စင်ကာပူအခြေစိုက် Ava Kahyasi Investments Pte ကုမ္ပဏီ၊ တိုင်းရင်းသားကုမ္ပဏီနှစ်ခုဖြစ်တဲ့ SAME Sky နဲ့ Guiding Star ကုမ္ပဏီတွေနဲ့ အကျိုးတူပူးပေါင်းပြီး ရေနံဓာတ်ငွေ့ရည် တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးတာတွေ ပူးပေါင်းဆောင်ရွက်မယ်။ နောက်အစိုးရလက်ထက်မှာလည်း ကျွန်တော်တို့လုပ်ငန်းတွေက တစ်ဆင့်ချင်းသွားရမယ့် သဘောအတိုင်း ဆက်သွားနေမှာဖြစ်ပါတယ်။ ပူးပေါင်းတဲ့အပိုင်းတွေမှာ တိုင်းရင်းသားလုပ်ငန်းရှင် အနည်းဆုံးတစ်ဦး ပါဝင်လုပ်ဆောင်ရမှာဖြစ်တဲ့အပြင် Public Private Partnership အနေနဲ့သွားရမှာ ဖြစ်ပါတယ်။

**မေး။ စက်သုံးဆီဈေးနှုန်းတွေက ဈေးကွက်မှာစတင်ကျဆင်းလာတာကို တွေ့ရပါတယ်။ ဒါပေမယ့် ရာနှုန်းပြည့်ဆိုင်တိုင်းတော့ မဟုတ်သေးပါဘူး။ စက်သုံးဆီဈေးနှုန်းထိန်းချုပ်မှုအပိုင်းကိုလည်း သိပါရစေ။**

ဖြေ။ စက်သုံးဆီဆိုင်တွေကို ပုဂ္ဂလိကကို ချထားပေးတဲ့အချိန်ကစပြီး ဈေးနှုန်းသတ်မှတ်ရောင်းချတဲ့အပိုင်းတွေကို လွတ်လပ်စွာ လုပ်ပိုင်ခွင့်ပေးထားခဲ့ပါတယ်။ ဈေးနှုန်းတွေကို မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးရေးအသင်းက လုပ်ငန်းရှင်အသင်းဝင်တွေအချင်းချင်း ထိန်းညှိပြီး ဈေးနှုန်းကို သတ်မှတ်ရောင်းချပေးနေတာဖြစ်ပါတယ်။ သို့သော် အဓိက တင်သွင်းတာက စင်ကာပူကဖြစ်နေတော့ ငွေကြေးဈေးနှုန်းအလိုက် ကွာခြားမှုတွေရှိလာတယ်။ အခုနောက်ပိုင်းမှာ ဈေးနှုန်းတွေကို ငွေကြေးဈေးနှုန်းနဲ့ တစ်သမတ်တည်းဖြစ်အောင် သတင်းစာကနေ နေ့စဉ်၊ အပတ်စဉ် ကြေညာပေးနေပါတယ်။ ဆိပ်ကမ်းအရောက်ဈေးတွေနဲ့ သယ်ယူစရိတ်၊ သိုလှောင်စရိတ်တွေပေါင်းစပ်ပြီး ဈေးနှုန်းအပြောင်းအလဲတွေတော့ရှိပါတယ်။ ဒါ့အပြင် ရေနံထွက်ပစ္စည်း သိုလှောင်ကြီးကြပ် ထိန်းသိမ်းရေးကော်မတီကနေကြီးကြပ်ပြီး ဈေးနှုန်းကြီးမြင့်ရောင်းချနေတဲ့ ဆိုင်တွေကို သတိပေးတာတွေ၊ အရည်အသွေးစိစစ်တာတွေနဲ့ အရေးယူတာမျိုးတွေကို လုပ်ဆောင်ပေးနေပါတယ်။

**မေး။ အနာဂတ်မှာ စွမ်းအင်ဝန်ကြီးဌာနရဲ့ မူဝါဒနဲ့ ဆက်ပြီးလုပ်ဆောင်သွားမယ့် တာဝန်တွေကိုလည်း ပြောပြပေးပါ။**

ဖြေ။ ဝန်ကြီးဌာနအနေနဲ့ကတော့ နိုင်ငံတော်လုံခြုံရေးနဲ့ စွမ်းအင်ဖူလုံရေးအတွက် ထုတ်ကုန်တွေကို နိုင်ငံပိုင်အနေနဲ့ထားမယ်။ ကျန်တာတွေကို ပုဂ္ဂလိကကို လွှဲပြောင်းမယ်ဆိုတဲ့မူဝါဒနဲ့ဆောင်ရွက်လာခဲ့တာ ၂၀၁၀ ပြည့်နှစ်ကတည်းက ဖြစ်ပါတယ်။ ဥပမာပြောရရင် ပြည်တွင်းသဘာဝဓာတ်ငွေ့လိုအပ်ချက်ဆိုရင် ပြည်ထောင်စုအပိုင်းကပဲ တင်သွင်းဖြန့်ဖြူးပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေကနေလုပ်ငန်းတင်ပြမှုတွေကိုလည်း ခွင့်ပြုထားတာမရှိပါဘူး။ အမျိုးသားစီမံကိန်းနဲ့အညီ ဆက်လက်ပြီးတော့လည်း ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးဖို့ အားပေးသွားမှာဖြစ်သလို နိုင်ငံတော်ရဲ့ လိုအပ်ချက်၊ ထွက်ရှိမှုအခြေအနေနဲ့ ပြန်လည်ထုတ်လုပ်ရောင်းချမှုအားလုံးကို ပွင့်လင်းမြင်သာစွာ လုပ်ဆောင်နေပါတယ်။ လက်ရှိမှာ နောက်အစိုးရကို လွှဲပြောင်းပေးဖို့လည်း အချိန်နီးလာပြီး ဒုတိယအကြိမ် လွှတ်တော်သစ်ကလည်းစတင်ချိန်မှာ စွမ်းအင်ဝန်ကြီးဌာနကလည်း မူလကချမှတ်ထားခဲ့တဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို ဆက်လက်တာဝန်ယူသွားမှာ ဖြစ်ပါတယ်။

ဇယား(၁)

**ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီအဖွဲ့အစည်းများသို့ လွှဲပြောင်းရောင်းချခဲ့သည့် စက်သုံးဆီအရောင်းဆိုင်များ**

| စဉ် | ကုမ္ပဏီအမည် | လွှဲပြောင်းရောင်းချခဲ့သည့် အရောင်းဆိုင် |
|---|---|---|
| ၁ | Regency Material Ind Co., Ltd. | ၂၄ |
| ၂ | နီလာရိုးမကုမ္ပဏီလီမိတက် | ၁၄ |
| ၃ | Eden Group Co., Ltd. | ၁၆ |
| ၄ | Max Energy Co., Ltd. | ၁၂ |
| ၅ | ရောရွှေဝါကုမ္ပဏီလီမိတက် | ၁၃ |
| ၆ | ရွှေဗျိုင်းဖြူ | ၁၆ |
| ၇ | New Day Energy | ၁၉ |
| ၈ | ရာဇာမင်းကုမ္ပဏီလီမိတက် | ၄ |
| ၉ | အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက် | ၁၇ |
| ၁၀ | မြဝတီထရေးဒင်း | ၁၄ |
| ၁၁ | ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ | ၁၄ |
| ၁၂ | မြတ်မေတ္တာမွန်ကုမ္ပဏီလီမိတက် | ၁၁ |
| ၁၃ | ရွှေသံလွင်ကုမ္ပဏီလီမိတက် | ၁၃ |
| ၁၄ | အထွတ်အထိပ်ကုမ္ပဏီလီမိတက် | ၁၂ |
| ၁၅ | ကောင်းမွန်ကုမ္ပဏီ | ၈ |
| ၁၆ | Myanmar Naing Group Co., Ltd. | ၇ |
| ၁၇ | ကောင်းဇော်ဟိန်းကုမ္ပဏီ | ၅ |
| ၁၈ | ဦးခွန်အောင်ထွန်း (MTA တပ်မဟာ-၈) | ၅ |
| ၁၉ | ငါးလုပ်ငန်းနှင့် ပင်လယ်ထွက်ကုန်များ | ၆ |
| ၂၀ | ယုဇနကုမ္ပဏီ | ၆ |
| ၂၁ | ကေတုမတီကုမ္ပဏီ | ၃ |
| ၂၂ | အင်းပေါက်ဝကုမ္ပဏီလီမိတက် | ၂ |
| ၂၃ | Silver Wave | ၃ |
| ၂၄ | ဒဂုံအင်တာနေရှင်နယ် | ၃ |
| ၂၅ | ဒေါ်အေးအေးတင့် | ၁ |
| ၂၆ | ဒေါ်မမကြီး | ၁ |
| ၂၇ | Myanmar Might Industrial Co., Ltd. | ၂ |
| ၂၈ | ကချင်အထူးဒေသ(၁) (ဦးစခုန်တိန်ယိန်း) | ၁ |
| ၂၉ | ဦးနေရွှေသွေးအောင် | ၂ |
| ၃၀ | IGE Co., Ltd. | ၁ |
| ၃၁ | ရွှေပိုးဝါကုမ္ပဏီ (ဦးအာဒီးဆာ) | ၁ |
| ၃၂ | ဦးတင်မြင့် | ၁ |
| ၃၃ | ဦးတင်အောင်ဦး | ၁ |
| ၃၄ | ဦးသန်းထွန်း | ၁ |
| ၃၅ | ဒေါ်ခင်မိမိနိုင် | ၁ |
| ၃၆ | DKBA ဗဟိုဌာနချုပ် (ဦးသာထူးကျော်) | ၁ |
| | စုစုပေါင်း | ၂၆၁ |

မြန်မာနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကြွယ်ဝသည့် နိုင်ငံတစ်ခုဖြစ်ပြီး ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံစီးပွားရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။ ထို့အတူ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများမှာလည်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိခြင်းကြောင့် ပြန်လည်လိုအပ်နေသည့် စက်သုံးဆီအပါအဝင် အခြားလောင်စာများကိုလည်း တင်သွင်းအသုံးပြုနေကြရသည်။ ယခုအခါ ပုဂ္ဂလိကစွမ်းအားစုများကို မြှင့်တင်ပေးလျက်ရှိပြီး ပြည်ပအကျိုးတူပူးပေါင်းဆောင်ရွက်မှုများ အားကောင်းမှုမှသည် ပြည်တွင်းစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဟု စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

**တွေ့ဆုံမေးမြန်း - ခင်ရတနာ**
**ဓာတ်ပုံ - မေဦးမိုး**

---

## ငွေကျပ် ၂၀၀တန်ထီ မတ် ၁ ရက် ဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

(၃၂၆) ကြိမ်မြောက် ငွေကျပ် ၂၀၀ တန်အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ မတ် ၁ ရက် (အင်္ဂါနေ့) နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်းစနစ်အရ ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ နှစ်ဆု၊ ကျပ်သိန်း ၅၀၀ ငါးဆု၊ ကျပ်သိန်း ၃၀၀ ခြောက်ဆု၊ ကျပ်သိန်း ၂၀၀ ခုနစ်ဆု၊ ကျပ်သိန်း ၁၀၀ (၁၈)ဆု၊ ကျပ်သိန်း ၅၀ (၂၀)ဆု၊ ကျပ် ၂၅ သိန်း (၂၀)ဆု၊ ကျပ် ၁၀သိန်း (၃၀)ဆု၊ ကျပ် ၅ သိန်း (၃၄) ဆု၊ ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံးတူ (၁၀) ယူနစ်အတွက် ကျပ် ၃ သိန်း (၁၀၀) ဆုနှင့် အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံးတူ (၁၀)ယူနစ်အတွက် ကျပ် ၂ သိန်း (၁၀၀၀)ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံးတူ(၉) ယူနစ်အတွက် ကျပ် ၁ သိန်း(၉၀၀၀) ဆုနှင့် အက္ခရာနှင့် ရှေ့ဂဏန်း (၂) လုံးတူ (၃)ယူနစ်အတွက် ကျပ် ငါးသောင်း (၃၀၀၀၀) ဆုအပါအဝင် ဆုမဲပေါင်း(၄၀၂၄၃) ဆုခွဲဝေပေးမည်ဖြစ်သည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်း တင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့အား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း သတ်မှတ်ကြေညာ

»» ယမန်နေ့မှအဆက်

| စဉ် | လွှတ်တော် ကိုယ်စားလှယ်လောင်း | ရွေးကောက်ပွဲ ကိုယ်စားလှယ် | လွှတ်တော်မဲဆန္ဒနယ် |
|---|---|---|---|
| ၇၈ | ဦးခင်မောင်ကြည် | မရှိ | မဟာအောင်မြေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၇၉ | ဦးသွယ် | ဦးသွယ်မောင်မောင် | အောင်မြေသာစံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၈၀ | ဦးအေးကျော် | မရှိ | မဟာအောင်မြေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၈၁ | ဦးဇော်ရှိန်း | မရှိ | ချမ်းအေးသာစံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၈၂ | ဦးမင်းစိုး | မရှိ | ပုသိမ်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၈၃ | ဒေါ်တိုးတိုးကျော် | မရှိ | မိတ္ထီလာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၈၄ | ဒေါ်ယဉ်ယဉ်ဝင်း | မရှိ | မလှိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ မန္တလေးတိုင်းဒေသကြီး |
| ၈၅ | ဒေါ်မေဝင်းနိုင်ဦး | မရှိ | ကျိုက်မရောမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ မွန်ပြည်နယ် |
| ၈၆ | ဦးသိန်းလွင် | မရှိ | အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁၂)၊မွန်ပြည်နယ် |
| ၈၇ | ဦးမျိုးဝေ | ဦးကျော်စိုးမင်း | သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ် |
| ၈၈ | ဦးအောင်ငွေး | ဦးအောင်ထူးလင်း | သထုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ မွန်ပြည်နယ် |
| ၈၉ | ဦးထွန်းရွှေ | မရှိ | မာန်အောင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရခိုင်ပြည်နယ် |
| ၉၀ | ဦးမောင်ကျော်ဇံ | မရှိ | မင်းပြားမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ရခိုင်ပြည်နယ် |
| ၉၁ | ဦးကြာအောင် | မရှိ | မင်းပြားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ရခိုင်ပြည်နယ် |
| ၉၂ | ဦးခင်စိုး | မရှိ | လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၃ | ဦးထွန်းထွန်းဦး | မရှိ | မှော်ဘီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၄ | ဒေါက်တာ စောအောင်ထွန်းကြည် | မရှိ | ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၅ | ဦးသက်ထွန်း | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၉)၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၆ | ဦးမန်းဖိုးစော | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၀)၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၇ | ဦးကျော်မိုးသူ | မရှိ | အင်းစိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၈ | ဒေါ်တိုးတိုး | မရှိ | ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၉ | ဦးပြည့်စုံ | မရှိ | ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၀ | ဒေါ်အေးစန္ဒာလင်း | မရှိ | လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၁ | ဒေါ်ကြည်ကြည်ဆွေ | မရှိ | လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၂ | ဒေါ်စန်းစန်းဝေ | မရှိ | မှော်ဘီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၃ | ဦးနိုင်လင်းထက် | မရှိ | ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၄ | ဒေါ်ထွေးထွေးမြင့် | မရှိ | ဒေါပုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၅ | ဒေါက်တာ အောင်ကျော်ရှိန် | မရှိ | မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၆ | ဦးညီညီဖုန်းကျော် | မရှိ | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၇ | ဦးခင်မောင်ကျော် | ဦးအောင်ဇော်ဦး | သယ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၈ | ဒေါက်တာအမောင် | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၄)၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၉ | ဦးဝင်းထွန်းနိုင် | မရှိ | တောင်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၀ | ဦးစိုးမြင့် | မရှိ | မြောက်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၁ | ဦးထူးဝေလင်း | မရှိ | တာမွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၂ | ဒေါ်အေးသီတာ | မရှိ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၃ | ဦးမင်းမင်းသန်း | မရှိ | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၄ | ဦးခင်မောင်ရွှေ | မရှိ | မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၅ | ဦးကျော်စွာငြိမ်း | ဦးကြိုင်ဝင်း | သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၆ | ဦးစိုးသိန်း(ခ)ရဲသီဟ | မရှိ | ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၇ | ဒေါ်စိုးစန္ဒာနိုင် | ဒေါ်လှလှဝင်း | ကော့မှူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၈ | ဦးသောင်းကြည် | မရှိ | လမ်းမတော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၉ | ဒေါ်အီးအမ်း | မရှိ | မိုင်းပျဉ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရှမ်းပြည်နယ် |
| ၁၂၀ | ဦးဆန်နီ | မရှိ | မိုင်းခတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရှမ်းပြည်နယ် |
| ၁၂၁ | ဦးစိုင်းဆမ်တစ် | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၆)၊ ရှမ်းပြည်နယ် |
| ၁၂၂ | ဦးစိုင်းခမ်းခေါင် | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၆)၊ ရှမ်းပြည်နယ် |
| ၁၂၃ | ဦးစောဖေ | မရှိ | ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၂၄ | ဦးဘော်နီ | မရှိ | မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၂၅ | ဦးကျာလား | မရှိ | မိုင်းခတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၂၆ | ဦးအိုက်ဆိုက် | မရှိ | မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၂၇ | ဦးစိုင်းထွန်းရွှေ(ခ) စိုင်းဆိုင်လျှန်း | မရှိ | မိုင်းယန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၂၈ | ဒေါ်နန်းခမ်းအောင် | မရှိ | မိုင်းကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၂၉ | ဦးကျော်ကျော်မိုး | မရှိ | မိုင်းဖြတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရှမ်းပြည်နယ် |
| ၁၃၀ | ဦးအိုက်အောင် | မရှိ | မိုင်းယောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရှမ်းပြည်နယ် |
| ၁၃၁ | ဦးစိုင်းလုံ | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၇)၊ ရှမ်းပြည်နယ် |
| ၁၃၂ | ဦးစိုင်းနွံ | မရှိ | တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၃၃ | ဒေါ်သိန်းမေ | မရှိ | တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၃၄ | ဦးစည်သူ(ခ)အားတီ | မရှိ | မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၃၅ | ဦးအိုက်နွန်း | မရှိ | မိုင်းယောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၃၆ | ဦးခွန်သီဟ | ဦးစိန်မောင် | မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၃၇ | ဦးလျှုတယ်ချောင်(ခ) အောင်ခိုင် | မရှိ | ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၃၈ | ဦးဖေသိန်း | မရှိ | တောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ် |
| ၁၃၉ | (ကွယ်လွန်) | ဦးအိုက်လှမောင် | ကယန်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်၊ ရှမ်းပြည်နယ် |
| ၁၄၀ | ဦးဂျွန်လီ | မရှိ | လားဟူတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်၊ ရှမ်းပြည်နယ် |
| ၁၄၁ | ဦးသန့်ဇင်ဦး | မရှိ | မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၂ | ဦးယဉ်ကျေးကို | မရှိ | ဒေးဒရဲမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၃ | မန်းအောင်ကျော်ဝင်း | မရှိ | ဘိုကလေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၄ | ဒေါ်မင်းမင်းအိ | မရှိ | ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၅ | ဦးစောစံအေး | မရှိ | မြန်အောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၆ | ဦးမြဟံ | မရှိ | ပုသိမ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၇ | ဦးသိန်းဝင်း | ဦးတင်စိန် | ပုသိမ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၈ | ဦးမြင့်ဇော်ဦး | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၉ | ဦးဝေလင်းဦး | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၀ | ဦးမောင်ညို | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၃)၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၁ | ဦးညိုထွန်း | မရှိ | ပုသိမ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၂ | ဦးအောင်နိုင် | မရှိ | ပုသိမ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |

စာမျက်နှာ ၁၂ သို့ ❖

❖ စာမျက်နှာ ၁၁ မှ

| | | | |
|---|---|---|---|
| ၁၅၃ | ဦးအေးဝင်း (ခ) ဦးဝင်းကြည် | မရှိ | ပုသိမ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၄ | ဦးအောင်မြတ်သူ | ဦးတိုးမြင့် | သာပေါင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၅ | မန်းဆုဆိုင် | မရှိ | ကျုံပျော်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၆ | ဦးတင်ရီ | ဦးတင်မြင့် | ရေကြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၇ | ဦးထွန်းမြင့် | ဦးမြင့်စိုး | ရေကြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၈ | မန်းခိုင်းဒေ | မရှိ | ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၅၉ | ဦးသန်းဌေး | ဦးချမ်းငြိမ်းကို | ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၆၀ | ဦးအေးကို | မရှိ | ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်၊ ဧရာဝတီတိုင်းဒေသကြီး |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့များ၏ဆုံးဖြတ်ချက်နှင့် အစီရင်ခံစာများကိုစိစစ်၍ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၄ အရ အထက်ပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာလိုက်သည်။

၅။ ယင်းသို့အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၈(ဂ)အရ ယခုကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော် သက်တမ်းအတွင်း ကျင်းပသည့် ရွေးကောက်ပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်းကိုလည်း အသိပေးကြေညာလိုက်သည်။

**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ထောင်စုဝန်ကြီးများ ပြောင်းရွှေ့ကျေးရွာများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒေါက်တာသန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်တို့သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းတွင် ပြီးခဲ့သည့် မိုးရာသီအတွင်းက မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးခဲ့သဖြင့် ပြန်လည်နေရာချထားပေးသည့် တမူးခရိုင်အတွင်းရှိ ပြောင်းရွှေ့ကျေးရွာများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် တမူးခရိုင် တမူးမြို့နယ် မင်းသမီးပြောင်းရွှေ့ကျေးရွာသစ်သို့သွားရောက်ပြီး ကျေးရွာသူ ကျေးရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် မင်းသမီးပြောင်းရွှေ့ကျေးရွာသစ်အတွင်း လူနေအိမ်များဆောက်လုပ်ပြီးစီးမှု၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။





မင်းသမီးပြောင်းရွှေ့ကျေးရွာသစ်သည် မြေဧရိယာအကျယ် ၁၄၁ ဒသမ ၀၇ ဧကပေါ်တွင် မြေကွက်များဖော်ထုတ်ကာ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုဖြင့် လူနေအိမ်အလုံး ၁၈၀ ဆောက်လုပ်ပေးခဲ့ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး၏အစီအစဉ်ဖြင့်လည်း လူနေအိမ် ၁၆၆ လုံး ထပ်မံဆောက်လုပ်ပေးမည်ဖြစ်ကြောင်းနှင့် စုစုပေါင်း ၃၄၆ လုံး ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများသည် ကနန်ပြောင်းရွှေ့ကျေးရွာသစ်သို့ရောက်ရှိပြီး ကျေးရွာသူ ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် ပြောင်းရွှေ့ကျေးရွာသစ်အတွင်း လူနေအိမ်များဆောက်လုပ်ပြီးစီးမှု၊ လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်ထားရှိမှု၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကနန်ပြောင်းရွှေ့ကျေးရွာသစ်သည် မြေဧရိယာအကျယ် ၁၇ ဒသမ ၇၂ ဧကပေါ်တွင် မြေကွက်များ ဖော်ထုတ်ထားကြောင်းနှင့် စေတနာရှင်ပြည်သူများ အစီအစဉ်ဖြင့် လူနေအိမ် စုစုပေါင်း ၁၀၁ လုံးကို ဆောက်လုပ်ပေးခဲ့ပြီး တိုင်းဒေသကြီးအစီအစဉ်ဖြင့် လူနေအိမ် ၂၄ လုံးကိုလည်း ထပ်မံဆောက်လုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြောင်းရွှေ့ကျေးရွာများဆောက်လုပ်ရာတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန(GSAD) ပထမအကြိမ် ဘွဲ့လွန်ဒီပလိုမာပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန (Graduate School of Administration and Development- GSAD)တွင် ပြည်သူ့ရေးရာ မူဝါဒနှင့် အုပ်ချုပ်မှုဘွဲ့လွန်ဒီပလိုမာ(Post Graduate Diploma in Public Policy and Administration- PG Dip PPA)၊ ဖွံ့ဖြိုးမှုစီမံကိန်းဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Development Planning-PG Dip Dev Pln) နှင့် ဖွံ့ဖြိုးမှုလက်တွေ့ ဘွဲ့လွန်ဒီပလိုမာ (Post Graduate Diploma in Development Practice - PG Dip Dev Pract) သင်တန်းများ၏ ပထမအကြိမ် ဘွဲ့လွန်ဒီပလိုမာ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရာဇသင်္ဂဟလမ်းရှိ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန အဆောင်(A)တွင် ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း၊ အမြဲတမ်းအတွင်းဝန်များ၊ နိုင်ငံခြားအဖွဲ့အစည်းများဖြစ်သည့် UNDP, USAID, Asia Foundation, JICA, KOICA တို့မှ ကိုယ်စားလှယ်များ၊ ဘာသာရပ်ပို့ချသူ ဆရာ ဆရာမများ၊ အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာနမှ တာဝန်ရှိသူများ၊ ဘွဲ့လွန်ဒီပလိုမာရရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန(Graduate School of Administration and Development - GSAD) ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က ဖွင့်လှစ်ခဲ့ကြောင်း။

ဘွဲ့လွန်ဒီပလိုမာ သင်တန်းများတွင် ပို့ချသည့် ဘာသာရပ်များသည် နိုင်ငံတကာတက္ကသိုလ်များ၏ သင်ရိုးများအတိုင်း ရွေးချယ်ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး ပြည်တွင်း ပြည်ပမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် IMF, World Bank, EU, JICA, UNDP, KOICA, USAID, Australia တို့မှ ပညာရှင်များ၊ MDRI မှ အကြီးတန်းသုတေသီများ၊ စီးပွားရေးတက္ကသိုလ်အသီးသီးမှ ပါမောက္ခများ၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၏ ပို့ချမှုများ၊ အတွေ့အကြုံဖလှယ်မှုများ၊ ဆွေးနွေးမှုများဖြင့် ဗဟုသုတများကို သင်ရိုးညွှန်းတမ်းများနှင့် ကိုက်ညီအောင် ဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်း။

ယခုနှစ်တွင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတကာနှင့် စီးပွားရေး၊ သံတမန်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုများအရ ပူးပေါင်းဆက်ဆံဆောင်ရွက်ရာတွင် အပြန်အလှန်နားလည်မှုရရှိရေးအတွက် ဥပဒေများ၊ နိုင်ငံတကာဆက်ဆံရေးများ၊ သံတမန်ရေးရာ ဆက်သွယ်မှုများကို သိရှိရန် Post Graduate Diploma in International Economic Relations and Development နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအချက်ဖြစ်သည့် စာရင်းအင်း ကိန်းဂဏန်းများ မှန်ကန်ရေး Reliable & Quality of Statistics ရရှိရေးသည် အရေးပါသဖြင့် နိုင်ငံ့ဝန်ထမ်းများ ကျွမ်းကျင်စွာ သိရှိနားလည်နိုင်ရန် Post Graduate Diploma in Statistics တို့ကိုလည်း ဖွင့်လှစ်နိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ရာ ပိုမိုရွေးချယ်ခွင့်ရကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းဌာနမှ ပထမအကြိမ် ဖွင့်လှစ်သင်ကြားခဲ့သော ပြည်သူ့ရေးရာမူဝါဒနှင့် အုပ်ချုပ်မှုပညာဘွဲ့လွန်ဒီပလိုမာ အောင်မြင်သူ ၅၇ ဦး၊ ဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲခြင်းပညာ ဘွဲ့လွန်ဒီပလိုမာ အောင်မြင်သူ ၂၇ ဦးနှင့် ဖွံ့ဖြိုးမှုလက်တွေ့ပညာဘွဲ့လွန်ဒီပလိုမာ အောင်မြင်သူ ၂၄ ဦး၊ စုစုပေါင်း ၁၀၈ ဦးကို အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်ကြည်က ဘွဲ့လွန်ဒီပလိုမာ အောင်လက်မှတ်များကို သင်တန်းသားတစ်ဦးချင်းသို့ အပ်နှင်းခဲ့သည်။

အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှုပညာ ဘွဲ့လွန်သင်တန်းဌာနမှ မတ် ၁၀ ရက်တွင် Post Graduate Diploma in Public Policy and Administration, Post Graduate Diploma in Development Planning & Practice, Post Graduate Diploma in International Economic Relations and Development နှင့် Post Graduate Diploma in Statistics သင်တန်းများကို ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၂၇ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၂)တွင် ဖော်ပြထားသော ခင်မောင်ဌေး (ပညာရေး)၏ "တီထွင်ဖန်တီးတတ်သည့် အသိဉာဏ် နည်းပညာတို့ နိုးထချိန်" ဆောင်းပါးတွင် "ဗိုလ်ချုပ်အောင်ဆန်းလည်း ကျောင်းမပြီးခဲ့ပါ" အစား "ဗိုလ်ချုပ်အောင်ဆန်းလည်း B.L မပြီးခဲ့ပါ" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **ခင်မောင်ဌေး(ပညာရေး)**

# နီပေါနိုင်ငံ၌ နှစ်ရက်အတွင်း လေယာဉ်ငယ်တစ်စင်းထပ်မံပျက်ကျ



**ခတ္တမန္ဒူ ဖေဖော်ဝါရီ ၂၇**

နီပေါနိုင်ငံအနောက်ပိုင်းတွင် ဖေဖော်ဝါရီ ၂၆ ရက်က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လိုက်ပါစီးနင်းလာသူနှစ်ဦး သေဆုံးခဲ့ကြောင်း ဒေသန္တရသတင်းများအရ သိရသည်။

ဖေဖော်ဝါရီ ၂၄ ရက်က ရာသီဥတုဆိုးရွားမှုကြောင့် ခရီးသည် ၂၃ ဦးလိုက်ပါစီးနင်းခဲ့သည့် လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ပြီးနောက် အလားတူ ဖေဖော်ဝါရီ ၂၆ ရက်တွင် နောက်ထပ် လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ခြင်းဖြစ်သည်။

ထိုသို့ နှစ်ရက်တာကာလအတွင်း လေယာဉ်နှစ်စင်းပျက်ကျမှုသည် နီပေါနိုင်ငံလေကြောင်းထိန်းချုပ်ရေးလုပ်ငန်း၏ ဘေးကင်းရေးဆောင်ရွက်ချက်များ ဆောင်ရွက်ရာတွင် ညံ့ဖျင်းရာရောက်ကြောင်း မီးမောင်းထိုးပြသည်။

ယင်းလေယာဉ်သည် မြို့တော်ခတ္တမန္ဒူအနောက်ပိုင်း ကီလိုမီတာ ၃၂၀ အကွာဝေးရှိ ကာလီကော့တ်ခရိုင်အတွင်း ပျက်ကျခဲ့ခြင်းဖြစ်ပြီး လိုက်ပါစီးနင်းလာသူများအနက် ကိုးဦးမှာ ထိခိုက်ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

ပျက်ကျသွားသည့်လေယာဉ်သည် ကတ်စ်သာမန်ဒက်ပ် လေကြောင်းလိုင်းမှဖြစ်ပြီး အနောက်တောင်ပိုင်း နီပေါဂန်ဂျက်မြို့မှ ဂျမ်လာမြို့သို့ ဦးတည်မောင်းနှင်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**




# ဂျီ ၂၀ အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရှန်ဟိုင်း ဖေဖော်ဝါရီ ၂၇**

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပသည့် ဂျီ ၂၀ နိုင်ငံများ၏ စီးပွားရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၏ ဒုတိယနေ့အစည်းအဝေးတွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ရန် မျှော်လင့်ရကြောင်း ဒေသန္တရသတင်းများကဆိုသည်။

နှစ်ရက်တာကျင်းပသည့် ဂျီ ၂၀ အစည်းအဝေးကို ယခုနှစ်စပိုင်း ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြုံခဲ့ပြီးနောက် ပထမဆုံးအကြိမ် ကျင်းပခြင်း ဖြစ်သည်။

အစည်းအဝေးတက်ရောက်သူများက ကမ္ဘာ့အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများအပါအဝင် အခြားသောမဟာဗျူဟာကျစီမံကိန်းများနှင့်ပတ်သက်ပြီး အဓိကဆွေးနွေးခဲ့ကြောင်း သိရသည်။



အလုပ်သမားဈေးကွက်တည်ငြိမ်စွာထွက်ပေါ်လာရေးနှင့် လွတ်လပ်စွာ ကုန်သွယ်ရောင်းဝယ်မှုများအပါအဝင် ဂျီ ၂၀ အဖွဲ့ဝင်နိုင်ငံများက ထိန်းချုပ်ညှိနှိုင်းပေးရန်လိုအပ်သည့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။ တရုတ်နိုင်ငံအပါအဝင် အခြားစီးပွားရေးလုပ်ငန်းများမှ စီးဝင်လာသောငွေကြေးများကြောင့် ဈေးကွက်တည်ငြိမ်မှုကို ထိခိုက်စေမည့် အကြောင်းရင်းများကို ကာကွယ်နိုင်ရေးအတွက် လုပ်ငန်းအခြေအနေများအား လေ့လာမှုပြုရန် အစည်းအဝေးတက်ရောက်သူများက သဘောတူညီခဲ့ကြသည်။

ထုတ်ပြန်မည့်ကြေညာချက်တွင် အဖွဲ့ဝင်နိုင်ငံများအား ကမ္ဘာ့စီးပွားရေးတည်ငြိမ်မှုကို ဆက်လက်ထိန်းထားရန်နှင့် ပို့ကုန်တင်ပို့သည့် နိုင်ငံများအား ကူညီသည့်အနေဖြင့် ၎င်းတို့၏ငွေကြေးများကို အပြိုင်အဆိုင် တန်ဖိုးလျှော့ချခြင်းများ မပြုလုပ်ရန် တိုက်တွန်းထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ဘဂ္ဂဒက်တွင် အသေခံပုံးဖောက်ခွဲ လူ ၁၅ ဦးထက်မနည်းသေဆုံး၊ ၅၀ ဒဏ်ရာရ

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၇**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဖေဖော်ဝါရီ ၂၅ ရက်က ရှီးယိုက်မွတ်စလင်ဗလီတစ်ခုအတွင်း အသေခံဗုံးခွဲဖောက်ခွဲရေးသမားနှစ်ဦးက ဗုံးဖောက်ခွဲမှုကြောင့် လူ ၁၅ ဦးထက်မနည်း သေဆုံးခဲ့သည်။ ယင်းဗုံးဖောက်ခွဲမှုကို ၎င်းတို့အဖွဲ့ကလုပ်ဆောင်ခြင်းဖြစ်သည်ဟု အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့ (အိုင်အက်စ်)ကပြောကြားကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။

ဗုံးဖောက်ခွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူ ၅၀ ခန့်ရှိပြီး မြို့တော်ဘဂ္ဂဒက်ရှိ ရှီးယိုက်ရှုလာလူမျိုးများရပ်ဝန်းတွင် ယင်းထိခိုက်ဒဏ်ရာရမှုမှာ ထူးထူးခြားခြားဖြစ်ကြောင်း အီရတ်ရဲတပ်ဖွဲ့နှင့် ဆေးဘက်ဆိုင်ရာသတင်းရင်းမြစ်များက ပြောကြားသည်။ ပထမအသေခံဗုံးဖောက်ခွဲသူက ၎င်း၏ ပေါက်ကွဲပစ္စည်းများတပ်ဆင်ထားသောခါးပတ်ကို ဗလီအတွင်း၌ ဖောက်ခွဲခဲ့ပြီး ဒုတိယအသေခံဖောက်ခွဲရေးသမားကမူ လုံခြုံရေးအစောင့်များစုဝေးနေသည့် နေရာအနီးတွင် အသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်။

ယင်းဗုံးဖောက်ခွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူများထဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦး ပါဝင်သည်ဟု သတင်းများ၌ ဖော်ပြသည်။ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့သည် အီရတ်နိုင်ငံမြောက်ပိုင်းနှင့် အနောက်ပိုင်းတို့ကို သိမ်းယူထိန်းချုပ်ထားသည်။

**ရိုက်တာ။**

# ပါပူအာနယူးဂီနီတွင် ထောင်ဖောက်မှုဖြစ် ရဲကပစ်ခတ်၍ ၁၁ ဦး သေဆုံး၊ ၁၇ ဦးဒဏ်ရာရ

**ဆစ်ဒနီ ဖေဖော်ဝါရီ ၂၇**

ပါပူအာနယူးဂီနီနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ရှိ အကျဉ်းထောင်တစ်ခုတွင် အကျဉ်းသားများက လူစုလူဝေးဖြင့် ထောင်ဖောက်မှုဖြစ်ပွားခဲ့ရာမှ ရဲတပ်ဖွဲ့က ပစ်ခတ်နှိမ်နင်းမှုကြောင့် အကျဉ်းသား ၁၁ ဦးသေဆုံးပြီး ၁၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဘီအင်န်ဂျီသတင်းဌာနက ဖေဖော်ဝါရီ ၂၇ ရက်တွင် ဖော်ပြသည်။

ပါပူအာနယူးဂီနီ၏ ဒုတိယအကြီးဆုံးဖြစ်သည့် လေးမြို့ရှိ ဘူရီမိုအကျဉ်းထောင်တွင် လုံခြုံရေးအစောင့်နှစ်ဦးအား အကျဉ်းသား ၃၀ ခန့်က ထွက်ပြေးလွတ်မြောက်ခြင်းမတိုင်မီ ဝိုင်းဝန်းတိုက်ခိုက်ခဲ့သည်။

အခင်းဖြစ်ပွားမြို့သည် ပါပူအာနယူးဂီနီနိုင်ငံ မြို့တော်ပို့စ်မော်လီမြောက်ဘက် ကီလိုမီတာ ၃၂၀ (မိုင် ၂၀၀)ခန့်အကွာတွင် တည်ရှိသည်။ ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် အကျဉ်းသား ၁၁ ဦးသေဆုံးပြီး ဒဏ်ရာရရှိသူ ၁၇ ဦးအား ပြန်လည်ဖမ်းဆီးရမိသည်ဟု သတင်းတွင်ဖော်ပြသည်။

၂၀၀၉ ခုနှစ်အတွင်းက အဆိုပါအကျဉ်းထောင်မှ အကျဉ်းသား ၇၉ ဦးသည် ထောင်ဝင်းနံရံကို နှစ်နေရာမှ ချိုးဖောက်ကာ ထွက်ပြေးလွတ်မြောက်ခဲ့ဖူးကြောင်း ဩစတြေးလျအသံလွှင့်ဌာနက ပြောကြားသည်။ ပါပူအာနယူးဂီနီနိုင်ငံသည် ယခင်က အိမ်နီးချင်း ဩစတြေးလျနိုင်ငံ၏ အုပ်ချုပ်မှုအောက်တွင်ရှိခဲ့ဖူးပြီး လက်ရှိတွင် ဆင်းရဲနွမ်းပါးမှုနှင့် အကြမ်းဖက်မှုများအကြားတွင် ရုန်းကန်နေရသည်။

**ရိုက်တာ။**

# ဖိလစ်ပိုင်နိုင်ငံတွင် လှေငယ်တစ်စင်းတိမ်းမှောက်၊ လူသုံးဦးသေဆုံး

**မနီလာ ဖေဖော်ဝါရီ ၂၇**

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ကေဇွန်ပြည်နယ်တွင် ဖေဖော်ဝါရီ ၂၆ ရက်က ခရီးသည်များ တင်ဆောင်လာသည့် လှေတစ်စင်း တိမ်းမှောက်ခဲ့ရာ လူသုံးဦးသေဆုံးပြီး ကျန် ၆၂ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်က ယနေ့ပြောကြားသည်။

M/V Lady Aimme ဟုအမည်ပေးထားသည့် အဆိုပါလှေမှာ ကေဇွန်မြို့သို့ဦးတည်ပြီး ခုတ်မောင်းနေစဉ် ဂူမာကာမြို့၏ကမ်းခြေမှ ရေမိုင်တစ်မိုင်ခန့်အကွာရှိ ရေပြင်တစ်နေရာတွင် ဖေဖော်ဝါရီ ၂၆ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၅ မိနစ်ခန့်က နစ်မြုပ်သွားခဲ့ခြင်းဖြစ်သည်။

လှေနစ်မြုပ်မှုဖြစ်ပွားခဲ့ပြီးနောက် ကမ်းခြေစောင့်တပ်ဖွဲ့က ရှာဖွေကယ်ဆယ်ရေးအဖွဲ့ကို အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းစေလွှတ်ခဲ့ရာ အခင်းဖြစ်ရာနေရာတွင် သက်ကြီးပိုင်းအမျိုးသမီး အလောင်းသုံးလောင်းကို ဆယ်ယူခဲ့ကြောင်း သိရသည်။

ခရီးသည်များနှင့် လှေအမှုထမ်းများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် အဆိုပါအသက်ရှင်ကျန်ရစ်သူ ၆၂ ဦးကို လိုအပ်သည့် ဆေးကုသမှုများခံယူရန်အတွက် တာဝန်ရှိသူများက ဂူမာကာပြည်သူ့ဆေးရုံသို့ ချက်ချင်း ပို့ဆောင်ခဲ့ကြောင်း သိရသည်။

လှိုင်းလုံးကြီးများရိုက်ခတ်မှုကြောင့် လှေနစ်မြုပ်ခဲ့ခြင်းဖြစ်သည်ဟုဆိုကြသော်လည်း အဆိုပါလှေနစ်မြုပ်မှုနှင့်ပတ်သက်ပြီး သတင်းအတိအကျမသိရသေးကြောင်း ကမ်းခြေစောင့်တပ်က ပြောကြားသည်။ **ဆင်ဟွာ။**



# ရွှေပြည်သာမြို့နယ်တွင် ဂက်စ်ပိုက်လိုင်းယိုစိမ့်ရာမှ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဘုံရှည်ကုန်းကျေးရွာတွင် ယနေ့ ညနေ ၅ နာရီခွဲခန့်က ဂက်စ်ပိုက်လိုင်းယိုစိမ့်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

"ဂက်စ်ပိုက်လိုင်း ပေါက်သံနဲ့အတူ မီးတောက်တွေ တက်လာတော့ ပတ်ဝန်းကျင်ကလူတွေ ထွက်ပြေးကြတယ်။ မီးတောက်ကအရမ်းမြန်တော့ အနီးကအိမ်ဆိုရင် ဘာပစ္စည်းမှ သယ်ချိန်မရလိုက်ဘူး။ ကိုယ်လွတ်ရုန်းပြီး ပြေးကြတာတွေ့ရတယ်"ဟု အဆိုပါဖြစ်ပွားမှုအနီးရှိ ကိုသိန်းက ပြောသည်။

ဖြစ်စဉ်မှာ အဆိုပါကျေးရွာ သံဖြူကားမှတ်တိုင်အနီးရှိ အမှတ်(၄) လမ်းမကြီးဘေးတွင် သွယ်တန်းထားသော အဖျောက်မှ ရွှေပြည်သာသို့ ဂက်စ်ပို့လွှတ်သည့် ၁၀ လက်မ ဂက်စ်ပိုက်လိုင်း၏ အဆက်နေရာမှ ဂက်စ်များပေါက်ထွက်၍ အပေါ်ရှိ လျှပ်စစ်ကြိုးနှင့်ထိတွေ့ရာမှ မီးလောင်မှု စတင်ဖြစ်ပွားခဲ့သည်။

ထိုဖြစ်ပွားရာသို့ သက်ဆိုင်ရာတာဝန်ရှိသူတို့နှင့်အတူ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၃၂၅ ဦး၊ အရန်မီးသတ် ၁၁၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၉၀ တို့က မီးငြိမ်းသတ်ယာဉ် ၃၈ စီး၊ ရေသယ်ယာဉ် ရှစ်စီး၊ ကွပ်ကဲမှုယာဉ် ခုနစ်စီး၊ အထောက်ကူပြုယာဉ် လေးစီး၊ လူနာတင်ယာဉ် ၁၀ စီး၊ မိတ်ဖက်ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ၆ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားသည်။



"ဂက်စ်မီးဆိုတော့ အမြုပ်မီးသတ်ဆေးရည်နဲ့ ရေကိုအသုံးပြုပြီး လူအင်အား များများနဲ့ငြိမ်းသတ်ခဲ့ရတယ်။ မီးလောင်ဆုံးရှုံးမှု တန်ဖိုးအနေနဲ့တော့ အတွင်းပစ္စည်း ကျပ်သိန်း ၃၀ လောက်ရှိပါတယ်။ အသေးစိတ်ကိုတော့ စုံစမ်းမှုတွေလုပ်နေတုန်းပါ"ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါက ပြောသည်။

အဆိုပါဖြစ်ပွားမှုကြောင့် အနီးရှိ ဂိုဒေါင်ဟောင်းတစ်လုံးနှင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင် မီးလောင်ခဲ့ပြီး ထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း ကနဦးသတင်းများအရ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး (ပဏီတ)**

၀၀၀

# မီးဖိုမီးကြွင်းကြောင့် ယင်းမာပင်မြို့နယ် ဆင်တဲကျေးရွာတွင် နေအိမ်ရှစ်လုံးမီးလောင်

**ယင်းမာပင် ဖေဖော်ဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ဆင်တဲကျေးရွာတွင် နေအိမ်မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် သွပ်မိုးကပ်ကာ ပျဉ်ခင်းနှစ်ထပ်အိမ်အပါအဝင် နေအိမ်ရှစ်လုံးမီးလောင်ကျွမ်းမှု ဖေဖော်ဝါရီ ၂၅ ရက်က ဖြစ်ပွားခဲ့ကြောင်း ယင်းမာပင်မြို့ မြို့မရဲစခန်းမှ သိရသည်။

ဆင်တဲကျေးရွာတွင် နေထိုင်သော ဦးချစ်စန်း၏နေအိမ် မီးဖိုမီးကြွင်းမီးကျန်မှုတစ်ဆင့်လောင်ကျွမ်းရာ ထန်းလက်မိုးကပ်ကာနှင့် ကပ်မိုးကပ်ကာနေအိမ် ခုနစ်လုံး၊ သွပ်မိုးကပ်ကာ ပျဉ်ခင်းနှစ်ထပ်အိမ်တစ်လုံး စုစုပေါင်း နေအိမ်ရှစ်လုံး မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

၀၀

# ဘားအံ-သထုံ ကားလမ်းမပေါ်ယာဉ်တိမ်းမှောက် နိုင်ငံခြားခရီးသွားတစ်ဦး ဒဏ်ရာအနည်းငယ်ရ

**ဘားအံ ဖေဖော်ဝါရီ ၂၇**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ပနောကျေးရွာအနီးတွင် ဘားအံမှ သထုံသို့ မောင်းနှင်လာသော ဟိုင်းလတ်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်လိုက်ပါလာသည့် ခရီးသည်သုံးဦးနှင့် နိုင်ငံခြားသားခရီးသွားတစ်ဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ၂၄ ရက် မွန်းလွဲပိုင်းက ဘားအံ-သထုံကားလမ်းအတိုင်း ခရီးသည် ၁၀ ဦးနှင့် ကုန်ပစ္စည်းအချို့တင်ဆောင်လာသည့် ဟိုင်းလတ်ယာဉ်သည် ဘားအံမြို့နယ် ကော့ပနောကျေးရွာအနီး မိုင်တိုင်အမှတ်(၈/၆) နှင့် (၈/၇)ကြားအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ နှစ်ဦးစလုံးမှာ အခင်းဖြစ်လျှင်ဖြစ်ချင်း ရှောင်တိမ်းသွားပြီး ယာဉ်ပေါ်ပါခရီးသည်များ ဒဏ်ရာအနည်းငယ်စီ(မစိုးရိမ်ရ) ရရှိခဲ့ပြီး ခရီးသည်များတွင် ပော်လန်နိုင်ငံသူမှာ ပြင်ပလူနာဌာနတွင် ဆေးကုသခံယူပြီး ဒဏ်ရာသက်သာ၍ ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် ဆေးရုံမှဆင်းသွားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

နိုင်ငံတကာသတင်းဂျာနယ်

- အိန္ဒိယတွင် ရှုပ်ထွေးလာသည့် ဇာတ်နိုင်ငံရေး၊ မဲနိုင်ငံရေး၊ မိုးနိုင်ငံရေး
- မြောက်ကိုရီးယားမွေးနေသော စစ်မီး
- အိန္ဒိယတပ်မတော်၏ တိုက်ခိုက်ရေးကဏ္ဍများ၌ အမျိုးသမီးများ ပါဝင်ခွင့်ပြုတော့မည်
- EU နဲ့ လမ်းခွဲမလား၊လက်တွဲမလား ဆုံးဖြတ်ရတော့မည့် ဗြိတိန်
- တတိယကမ္ဘာစစ် ဆီးရီးယား၊ တူရကီနယ်စပ်မှ စတင်နိုင်
- အရှေ့ဖျားဆီမှ စိုးရိမ်နေရသည့် ကိုရီးယားကျွန်းဆွယ်၏ ပစ္စက္ခအခြေအနေ
- ရေနံဈေးနှုန်းကျဆင်းမှုနှင့် ကမ္ဘာ့စီးပွားရေး
- အကျင့်ပျက်ခြစားမှုကြောင့် ဖွံ့ဖြိုးမှုနိမ့်ကျနေကြတာလား

အိုင်အက်စ်အစွန်းရောက်များ စသည့် သတင်းဆောင်းပါးများနှင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ အမှုထမ်းများ၊ အင်္ဂလိပ်ဘာသာလိုက်စားသူများအတွက် အင်္ဂလိပ်ဘာသာသင်ခန်းစာနှင့် လေ့ကျင့်ခန်းများ ထည့်သွင်းဖော်ပြထားပါသည်။
နယ်စာဖတ်ပရိသတ်များ ကြိုတင်မှာယူပါက ကိုယ်စားလှယ်ကြီးများထံမှ တစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀ ဖြင့် အရောက်ပေးပို့ပါမည်။
ကြော်ငြာထည့်သွင်းလိုပါက ရန်ကုန်မြို့ - အမှတ်-၇၇၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ကြေးမုံသတင်းစာတိုက်၊ နေပြည်တော် - ရုံးအမှတ်(၇)နှင့် ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ ကြေးမုံသတင်းစာတိုက်တို့တွင် ဈေးနှုန်းချိုသာစွာဖြင့် ထည့်သွင်းနိုင်ပါသည်။
ထွက်ပြီ
ဖုန်း - ၀၁-၈၆၁၀၆၈၅၊ ၀၁-၂၉၂၈၃၀၊ ၀၆၇-၃၆၁၂၄

အမိုးတန်နေ့မှာ ကြိုတင်ပြင်ဆင်အောင်ပွဲဝင်ဖို့ စာသင်ကြပါစို့
YC နွေရာသီ သင်ရိုးကုန်သင်တန်းကြီး
(၃)လပြတ်
၉၊၁၀တန်းဘာသာစုံ
(၄၊၅၊၆၊၇၊၈)တန်း-စနေ+တနင်္ဂနွေအထူး
နွေသချာသီးသန့်သင်တန်းများမတ်လဆန်းစမည်။

| | | |
|---|---|---|
| မြန်မာ | ➡ | ဂုဏ်ထူးဦးသိန်းနိုင် |
| အင်္ဂလိပ် | ➡ | ဦးနေအုပ်(စိန်ပေါလ်) |
| အင်္ဂလိပ် | ➡ | ဦးတင်ကို |
| သင်္ချာ | ➡ | ဆရာပိုင်(ပိုင်သင်္ချာ) |
| ဓာတု | ➡ | ဦးမြင့်ဝင်းကျော် |
| ရူပ | ➡ | ဦးဆက်မွန် |
| ဇီဝ | ➡ | ဒေါက်တာမြသိန်း |
| ဘောဂ | ➡ | စိုင်းထွန်းအောင် |

၁၆၅၊ ပ-ထပ်(ထောင့်စွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ 09-73105201

since1984 095146452
အဖြူလေး
ဦးဟန်သော် အင်္ဂလိပ်စာ
တက္ကသိုလ် ဆရာဟောင်း
PhD / UFL MA ဝင်ခွင့်
March လဆန်းစမည် ။
အမှတ် ၇၆ ကြေးတိုင်စု ၂ လမ်း ဗိန္ဒုတုန်းရပ်ကွက် အင်းစိန်

အမည်ပြောင်း
ကရင်ပြည်နယ်၊ ဘားအံမြို့၊ အထက-၄၊ အဋ္ဌမတန်း(B)တွင်ပညာသင်ကြားနေသော အဖ ဦးခင်ဇော်၏သား မောင်မင်းခန့်ကုဋ္ဌေကျော်အား မောင်မင်းခန့်ကုဋ္ဌေဇော်ဟုပြောင်းလဲခေါ်ဆိုပါရန်။ **မောင်မင်းခန့်ကုဋ္ဌေဇော်**

Golden Hope
703220 , 200276
ခရီးစဉ်အမျိုးမျိုး 09 73124222
အတွက် ကားမျိုးစုံ အဆင်သင့်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။




ကျေးဇူးတော်ရှင်မြင်းခြံမြို့၊ စွန်းလွန်းဂူကျောင်းဆရာတော်ကြီး၏
(၁၃၈)နှစ်ပြည့် (၁၂၃၉-၁၃၇၇)
"မွေးနေ့အထိမ်းအမှတ် ပူဇော်ပွဲနှင့် တွေ့ဆုံဆွေးနွေးပွဲ ဖိတ်ကြားလွှာ"

ရဟန္တာဟု ကျော်ကြားတော်မူခဲ့သည့် ကျေးဇူးတော်ရှင် မြင်းခြံမြို့၊ စွန်းလွန်းဂူကျောင်းဆရာတော်ကြီး၏ (၁၃၈)နှစ်ပြည့် "မွေးနေ့ အထိမ်းအမှတ် ပူဇော်ပွဲ"နှင့် အနယ်နယ်အရပ်ရပ်ရှိ တပည့်သာဝကများ စုံညီစွာ ကျင်းပပြုလုပ်သော သံဃာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းများတို့၏"တွေ့ဆုံဆွေးနွေးပွဲ"ကို အောက်ပါအစီအစဉ်များအတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အတူတကွ ပါဝင်တက်ရောက်နိုင်စေရန် အသိပေး ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| တွေ့ဆုံဆွေးနွေးပွဲကျင်းပမည့်ရက် | -၁၃၇၇ခုနှစ်၊ တပေါင်းလဆန်း ၄ ရက် ၊ ၁၂-၃-၂၀၁၆ရက်(စနေနေ့) |
| အခမ်းအနားကျင်းပမည့်ရက် | -၁၃၇၇ခုနှစ်၊ တပေါင်းလဆန်း ၅ရက်၊ ၁၃-၃-၂၀၁၆ရက်(တနင်္ဂနွေနေ့) |
| ဧည့်ခံကျွေးမွေးမည့်အချိန် | -နံနက် ၁၀း၃၀နာရီမှ မွန်းတည့် ၁၂နာရီအထိ |
| အခမ်းအနားကျင်းပမည့်အချိန် | -မွန်းလွဲ ၁၂း၃၀ နာရီ |
| ကျင်းပမည့်နေရာဌာန | -စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ၁၆/၂ရပ်ကွက်၊ ရတနာလမ်း၊ ရတနာဈေးအနီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |

**ဆက်သွယ်ရန် ဖုန်း-၀၁-၅၆၄၆၅၄၊ ၀၉-၅၅၀၀၄၂၉**
**အခမ်းအနားဖြစ်မြောက်ရေး အကျိုးဆောင်အဖွဲ့.**

မြန်မာဆေးကျမ်းပေါင်းများစွာက ပြဆိုထားသည့် သက်ရှည်ကျန်းမာ ဆေးဝါးများကို တစ်စုတစ်စည်းတည်း ဖြစ်အောင် လေ့လာစုဆောင်း ထားသည့် စာအုပ်။
မိရိုးဖလာ ဆေးနည်းများ ဆရာကိုင် သမားကိုင် ဆေးဝါးများ သက်ရှည်ကျန်းမာရေးကို ဖြစ်စေသော ဆေးနည်းပေါင်း ၁၃၂ မျိုး ပါဝင်သည့် စာအုပ်။


မြန်မာ့ဆေးကျမ်းတို့ကပြဆိုထားသော
သက်ရှည်ကျန်းမာဆေးနည်းများ
စိုးမြင့်ဒွက်း(အာယုဗ္ဗေဒဂုဏ်ထူး)
နန်းဒေဝီစာပေ အမှတ်-၂၀၀(ပထပ်)၊ ၃၆လမ်း(အထက်)၊ ရန်ကုန်မြို့။ ဖုန်း - (၀၁)၃၈၃၀၂၅၊ ၃၉၁၆၃၃

လူပျောက်ကြော်ငြာ
ချင်းပြည်နယ်၊ မင်းတပ်မြို့၊ သစ်တောဝန်ထမ်းအိမ်ရာနေ (ဘ)ဦးမောင်ဝုမ်း၏သား ဦးဝုမ်လျန်ထန်း [၄/ကပလ(နိုင်)၀၁၀၁၆၄] အသက်(၃၅)နှစ်သည် ၂၀၁၅ခုနှစ် စက်တင်ဘာလဆန်းပိုင်းမှစ၍ ရန်ကုန်မြို့၊ လှိုင်မြို့နယ်အတွင်း အလုပ်လုပ်ရာမှ အိမ်ပြန်မလာဘဲ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိကအောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။
ဆက်သွယ်ရန်ဖုန်း-၀၉-၃၃၂၁၄၅၂၅၊ ၀၉-၄၀၀၅၀၆၆၈၉၊ ၀၉-၄၂၅၃၂၅၈၆

၁၉၈၀မှစ၍ဆရာ/မ၊ အဆင့်ရှိဖြစ် သူများ လေ့ကျင့် သင်တန်း တစ် ဆုံမည်မဟုတ်
ထိုကြည်များအာဝ်နံပါ
SH မြင့်သူထက်
ပါမောက္ခ(ငြိမ်း) ဝါရင့်
ဆရာ ဗကြီးမျှားသင်သည်
၈၊၉၊၁၀တန်း နေ့တက်၊ ဝိုင်း၊ ဘော်ဒါ နှင့်
(ဘာသာစုံ) ကျွမ်းကျင်ဆရာဖြစ်
English 4 skills
ကွန်ပျူတာ စာစီစာရိုက်
နွေ ပုံမှန်
ငွေတုန်လုပန်မဖြစ်စေရ
PGDMA
ရေးပြေ/လူတွေ့
ပြည်တွင်းအခွန်
စာရေး/ရုံးအကူ
UDE
အတန်းစုံ/မေဂျာစုံ
တိုက် (၃၅) ၃ လွှာ၊ ပေ (၅၀)လမ်း (လှည်းတန်းဈေးနောက်လမ်း) ၊ ရန်ကုန်။
ဖုန်း - ၀၉၇၃၀၀၈၇၁၉၊ ၀၉၇၃၁၀၉၄၃၃၊ ၀၉၂၆၃၇၀၄၀၀၅

ပျောက်ဆုံးကြောင်း
ကွန်တော် ဦးတင်ဌေး[၁၂/သလန(နိုင်)၀၉၅၆၉၇]၏ သင်္ဘောသားလက်မှတ် S.S.A (Certificate No.A04027014)သည် ခရီး သွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိ ပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၈၀၄၄၆၀၉

အမြန်ရောင်းမည်
သစ္စာလမ်းမအနီး၊ (၁၃)ရပ်ကွက်၊ ရန်ကင်း၊ (၁၈×၄၅)ပေ၊ မြေညီတိုက်သစ်၊ လူနေခွင့်ကျပြီး၊ အသင့်နေနိုင်။
ဈေးနှုန်း ၅၄၀ သိန်း (ညှိနှိုင်း)
ဖုန်း-၀၉-၄၅၀၂၈၃၄၃၈

# သမိုင်းကြောင်းခိုင်မာသည့် မြန်မာ့ဆေးပညာ၏ နောက်ခံသမိုင်း

ဒေါက်တာမောင်မြေ

မြန်မာ့ဆေးပညာသည် ဘုရားရှင်လက်ထက်တော်အခါမှစ၍ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ပင်းယ၊ ကုန်းဘောင်စသည့် ခေတ်အဆက်ဆက် ထွန်းကားလာခဲ့သော ဆေးပညာတစ်ခုဖြစ်သည်။ သို့ဖြစ်၍ သမိုင်းကြောင်း ခိုင်မာသည့် မြန်မာ့ဆေးပညာ ဖြစ်နေပေသည်။

မြန်မာ့ဆေးပညာဟူသည် ဒေသနာနယ၊ နက္ခနာနယ၊ ဘေသဇ္ဇနယနှင့် ဝိဇ္ဇာဓရနယ တည်းဟူသော နယကြီးလေးပါးအနက် တစ်ပါးပါးနှင့် အကျုံးဝင်၍ အသက်ရှည်ရာအနာမဲ့ကြောင်း ပြုစုနိုင်သောဆေးပညာတစ်ရပ်ကို ဆိုလိုပါသည်။

**ဒေသနာနယ ဆေးပညာ**သည် ဘုရားရှင်ဟောကြားတော်မူသော အဘိဓမ္မာတရားဒေသနာတော်ကို အခြေပြု၍ ကံ-စိတ်-ဥတုနှင့် အာဟာရဟူသော အကြောင်းတရားတို့ကြောင့် ဓာတ်ကြီးလေးပါး၊ ရုပ်တရားနှင့် နာမ်တရားတို့တွင် အနာရောဂါဝေဒနာ ဖြစ်ပေါ်လာမှုကို စမ်းသပ်စစ်ဆေးကုသပေးသည့် ဆေးပညာ စနစ်တစ်ရပ် ဖြစ်ပါသည်။

**ဘေသဇ္ဇနယ ဆေးပညာ**သည် အာယုဗ္ဗေဒဆေးပညာကို အခြေပြု၍ ကာလ-အတ္တ-ကမ္မတည်း ဟူသော အကြောင်းတရားတို့ကြောင့် ဒေါသ သုံးပါး၊ မလ ၁၂ပါးဖြင့် ဖွဲ့စည်းထားသောခန္ဓာကိုယ်တွင် အနာရောဂါဝေဒနာ ဖြစ်ပေါ်လာမှုကို ကုသပေးသည့် ဆေးပညာစနစ် တစ်ရပ်တို့ဖြစ်ပါသည်။

**နက္ခတ္တဗေဒနယဆေးပညာ**သည် ကောင်းကင်ရှိ နေ-လ-ဂြိုဟ်တို့နှင့် တကွ အာကာသနက္ခတ်၊ ဓာတ်နက္ခတ်၊ ကိန်းနက္ခတ်တို့ကို တွက်ချက်၍ ကုသပေးသည့် ဆေးပညာစနစ်တစ်ရပ်ဖြစ်ပါသည်။

**ဝိဇ္ဇာဓရနယဆေးပညာ**သည် လောကီနှင့် လောကုတ္တရာ အကျိုးစီးပွားအတွက် ရုပ်ဓာတ်ကိုးပါး၊ နာမ်ဓာတ် ကိုးပါးကို အထူးထူးအထွေထွေသော နည်းပညာများဖြင့် ဆေးဝါးအသွင်ပြုပြင်၍ သော်လည်းကောင်း၊ ဘုရားရှင်ဟောကြားတော်မူသော ပရိတ်တရားတော်တို့ကို အသုံးပြု၍ သော်လည်းကောင်း ကုသပေးသည့် ဆေးပညာစနစ်တစ် ရပ်ဖြစ်ပါသည်။

ယင်းဆေးပညာသည် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယခေတ်များတွင်ထင်ရှားသော ဆေးပညာဖြင့် ရပ်တည်ခဲ့ကြောင်း အခိုင်အလုံရှိခဲ့ပါသည်။ ထိုခေတ်အခါက ပျူဘာသာ၊ မြန်မာဘာသာတို့ဖြင့် ပြုစုခဲ့သော ဆေးကျမ်းကို မတွေ့ရပေ။ အင်းဝခေတ် (ဒီ ၁၃၆၄-၁၅၅၅) တွင် တိုင်းရင်းဆေးပညာနှင့် သက်ဆိုင်သော ခိုင်လုံသောမှတ်တမ်းများ စတင်တွေ့ရှိလာကြပါသည်။

နရပတိမင်းလက်ထက်တွင် တောင်တွင်းမင်းသီရိဇေယျသူရ ဇနီးမောင်နှံ တို့လှူဒါန်းသည့် ပစ္စည်းစာရင်းတွင် ဗုဒ္ဓပိဋကတ်တော်များနှင့် အာယုဗ္ဗေဒဆေးကျမ်းအများအပြားကိုပါ ပေးလှူထားသည်။ ဆေးကျမ်း အမည်များကိုပါ ဖော်ပြထားသည်။ မျက်မှောက်ခေတ် ဝက်ကြီးအင်း အရှေ့ကုန်းရွာ၊ မိုးညှင်းကျောင်းတိုက် မြောက်ဘက်ပုဂံအရပ်တွင် တွေ့ရှိခဲ့ကြ သည်။ ကျောက်စာသည် တက်နွယ်ကျောင်း ကျောက်စာဟုခေါ်တွင်ပြီး တိုင်းရင်းဆေးပညာသမိုင်းတွင် အဦးဆုံးတွေ့ရှိရသော အထောက်အထားဖြစ်သည်ဟုဆိုသည်။

ထိုအခါက ရဟန်းစာဆိုကြီးများဖြစ်ကြသည့် ကန်တော်မင်းကျောင်းဆရာတော်၊ ရှင်မဟာသီလဝံသ၊ ရှင်မဟာ ရဋ္ဌသာရ၊ ရှင်အဂ္ဂသမာဓိစသည်တို့၏ ကဗျာစာပေတို့၌ ဆေးဆရာများအကြောင်း၊ ဆေးပညာများနှင့် စပ်လျဉ်းသည့် စပ်ဆိုချက်များကို တွေ့ရှိရသည်။ ဒုတိယအင်းဝခေတ်တွင် ပေါ်ပေါက်ခဲ့သည့် တောင်ဖီလာဆရာတော်၊ ရွှေဥမင်ဆရာတော်တို့သည် ပိဋကတ်ဆိုင်ရာ ကျမ်းဂန်အပြင် ဆေးပညာဆိုင်ရာ ကျမ်းဂန်များကိုလည်း ဖော်ထုတ်ခဲ့သည်။ ဓာတုဒီပနီ ဆေးကျမ်းကို မြန်မာပြန်ဆိုခဲ့သည့်အပြင် လောကသာရပျို့၊ ပါရမီခန်းပျို့၊ စတုဓမ္မသာရကိုးခန်းပျို့နှင့် နေမိဘုံ ခန်းပျို့တို့တွင် ဆေးပညာပါဝင်သော ဖွဲ့ဆိုထားသည်များကိုလေ့လာတွေ့ရှိမည်ဖြစ်သည်။

ကုန်းဘောင်ခေတ် (ဒီ ၁၇၅၂-၁၈၈၅) သည် နှစ်ပေါင်း (၁၃၃)နှစ်ခန့် ရှည်လျားခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေးတို့တွင်လည်း အခြားခေတ်များနှင့်မတူ တိုးတက်ခဲ့သည့်အလျောက် တိုင်းရင်းဆေးပညာနှင့် ဆေးကျမ်းများလည်း အဆင့်အတန်းမြင့်မားလာခဲ့သည်။

နောင်တော်ကြီးမင်း (ဒီ ၁၇၆၀-၁၇၆၃) လက်ထက် မကာရလောပ တောင်တွင်းဆရာတော်ခင်ကြီးပျော်သည် ဆေးကျမ်း၊ ဓာတ်ကျမ်းများကို ရေးသားခဲ့သည့်အပြင် နက္ခတ်ဆေးပညာကိုလည်း တီထွင်ရေးသားခဲ့သည်။ ဆေးကျမ်း၊ ဓာတ်ကျမ်းများမှာ ဒွါဒရာသီ၊ ဒသစိန္တာ နက္ခတ်ကျမ်း၊ အာဒိကပ္ပကျမ်း၊ ဆနဝုတိဆေးကျမ်း၊ အသီတိဓာတ်ကျမ်း၊ အင်္ဂဝိဇ္ဇာ ဋီကာကျမ်းကြီးနှင့် ကဝေသောရ ကျမ်းတို့သည် ဆရာတော်ရေးသားခဲ့သော ကျမ်းများဖြစ်ပြီး ယနေ့တိုင် ထင်ရှားလျက်ရှိပါသည်။

သက်ပန်းဆရာတော်သည် ဆင်ဖြူရှင်မင်း (ဒီ ၁၇၆၃-၁၇၇၆) လက်ထက်တွင် ဓာတုဝိဘာဂဒီပနီဆေးကျမ်း ပါဠိနိဿယကို ရေးသားတော်မူခဲ့ပါသည်။ ဆင်ဖြူရှင်မင်းအမိန့်တော်ဖြင့် ၁၇၇၁ခုနှစ် ဇူလိုင်လ ၂၆ရက် တွင် သမားတော် ဦးမြတ်ထွန်းအား ခွေးဆောင်လျှောက်ထုံး(ခေါ်) သမားစဉ်ကုထုံးကျမ်းကို ရေးသား ဆက်သွင်းစေခဲ့သည်။

ဘိုးတော်ဘုရားခေါ် ဗဒုံမင်း (ဒီ ၁၇၈၂-၁၈၁၉) သည်တိုင်းရင်းဆေးပညာနှင့် ပတ်သက်၍ ဆေးကျမ်းများကို ဘာသာပြန်စေခြင်း၊ ဆေးပင်များရှာဖွေစေခြင်းနှင့် သမားတော်များအား အိန္ဒိယသို့စေလွှတ်ခြင်း၊ ဆေးကျမ်းများ၊ လောကီဆိုင်ရာစာပေများကိုပါ ယူဆောင်စေခြင်းတို့ကို အားပေးဆောင်ရွက်ခဲ့ပါသည်။

ဘကြီးတော် စစ်ကိုင်းမင်း (ဒီ ၁၈၁၉-၁၈၃၇) လက်ထက်တွင် နယသြသဓကျမ်း၊ သာယာဝတီမင်း (ဒီ ၁၈၃၇-၁၈၄၆) လက်ထက်တွင် နယမာလာကျမ်း၊ နယရာသီကျမ်း၊ နရတန်ဆောင်ကျမ်းများ ပေါ်ပေါက်ခဲ့သည်။ ဘကြီးတော်ဘုရားလက်ထက်၌ပင် ဗားကရာဆရာတော် အရှင်ပဒုမ မထေရ်၏ အမိန့်အရ ဒဗ္ဗဂုဏပကာသနီဆေး ကျမ်းကြီးကို ပြုစုပေးခဲ့ပါသည်။

မင်းတုန်းမင်း (ဒီ ၁၈၅၃-၁၈၇၈) လက်ထက်တွင် အာယုမေဒဆေးကျမ်းပေါင်းချုပ်ဟု ခေါ်ဆိုအပ်သော ဘေသဇ္ဇမဉ္ဇူရသာဆေးကျမ်းကို လက်ာရမဆရာတော်၊ ဘင်္ဂလားဆရာတော်တို့က သက္ကတ ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပါသည်။ ယောမင်းကြီး ဦးဘိုးလှိုင်သည် ကျမ်းပေါင်း(၂၀)ကျော် ပြုစုရာတွင် ကာယနုပဿနာကျမ်း၊ ဥတုဘောဇနသင်္ဂဟ ဆေးကျမ်းတို့သည် ယနေ့တိုင် ထင်ရှားနေပါသည်။

ထိုမင်းလက်ထက်၌ပင် တောင်သာဆေးပညာနည်းခေါ် ခြောက်လုံးကောက်ဆေးပညာကို တောင်သာဆရာကြီးဆရာမှုန့်က တီထွင်ခဲ့ပြီး ယင်းဆေးပညာသည် မြတ်စွာဘုရားရှင် ဟောကြားအပ်သော ဒေသနာနယဆေးပညာ စင်စစ်ပင်ဖြစ်သည်။

သီပေါမင်း (ဒီ ၁၈၇၈- ၁၈၈၅)လက်ထက်၌ တောင်သာဆရာကြီး ဦးမှုန့်၊ ဓာတ်ဆရာကြီး ဦးပိုတို့မှ ဆင်းသက်ကြသည့် ဦးဒေါ၊ ဦးရာကျော်၊ ပတ္တာ ဆရာကြီး ဦးသာကြွယ်၊ ဒုတိယတောင်သာ ဆရာကြီး ဦးမဲ့၊ ဦးဘသိန်းစသည်တို့မှာ သီပေါမင်းလက်ထက်သမားတော်ကြီးများဖြစ်ကြသည်။ သီပေါမင်းလက်ထက် တိုင်းရင်းဆေးပညာအပြင် အနောက်တိုင်းဆေးများနှင့်ပါကုသသည့် အနေအထားပေါ်ပေါက်ခဲ့သည်။

ကိုလိုနီခေတ်ဖြစ်သော ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှလက်အောက်သို့ ကျရောက်နေစဉ် (၁၈၉၂- ၁၈၉၃)အထိ အနောက်တိုင်းဆေးပညာဖြင့် ကုသသောဆေးရုံ၊ ဆေးပေးခန်းများပေါ်ပေါက်လာသည်။

ထိုအချိန်က တောင်ခွင်သာသနာပိုင် ဆရာတော်ကြီးသည် ဩသဓသင်္ဂဟဆေးကျမ်းခေါ် ဘေသဇ္ဇကပ္ပ ဒုမဆေးကျမ်းကို ပြုစုခဲ့သည်။ မြို့ပြင်ကြီးဆရာတော်၊ မန်လည်ဆရာတော်၊ လယ်တီဆရာတော် စသော ရဟန်းပုဂ္ဂိုလ်ကျော်များသည်လည်း တိုင်းရင်းဆေးတိမ်ကောမပျောက်စေရန် ဆေးကျမ်းများကို ပြုစုခဲ့ကြပြီး တိုင်းရင်း ဆေးပညာကို စောင့်ရှောက်တော်မူလာကြသည်။

တောင်သာဆရာမှဲ့၊ ဦးပန်းသာ၊ တွံတေး ဦးဘိုးမင်း၊ ပျော်ဘွယ်ဆရာကဲစသော ဆရာကြီးများကလည်း တောင်သာဆေးပညာဆိုင်ရာ ဆေးကျမ်းများနှင့် တောင်သူလယ်သမားအရေးတော်ပုံခေါင်းဆောင် ဆရာစံကလည်း ဝိဇ္ဇာသိပ္ပအင်္ဂတ္တရကျမ်းနှင့် လက္ခဏာဗုဇ္ဇဆေးကျမ်းတို့ကို ရေးသားထားခဲ့ပါသည်။

အင်္ဂလိပ်လက်အောက်ကျရောက်စဉ်ကာလတွင် တိုင်းရင်းဆေးပညာ မှေးမှိန်လာခဲ့ပြီး ဆရာတု၊ ဆရာ ယောင်များလာခဲ့သည်။ အနောက်တိုင်းဆေးပညာကိုလည်း တတ်ကျွမ်းမှုမရှိ၊ ဆေးပညာသင်ယူခြင်း မရှိဘဲ ဆေးဝါးကုသလာကြသည်။ ကျေးလက်နေ ပြည်သူလူထု၏ ဘဝမှာ ဒုက္ခအမျိုးမျိုးနှင့် ကြုံတွေ့ကြရသည်။

နိုင်ငံတော်အစိုးရပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်နံပါတ် (၁၄၊ ၂၈)အရ တိုင်းရင်းဆေးပညာရပ်ကို လေ့လာစုံစမ်း၍ အစီရင်ခံရန် ၁၉၂၈ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် တာဝန်ပေးအပ်ချက်ဖြင့် ၁၉၃၀ ခုနှစ်က ဒုတိယဗိုလ်မှူးကြီး ဘခက် ကြီးမှူးသော တိုင်းရင်းဆေးပညာစုံစမ်းရေး ကော်မတီ၏ အစီရင်ခံစာ တစ်စောင် ထွက်ပေါ်လာခဲ့သည်။ တိုင်းရင်းဆေးကျောင်းဖွင့်လှစ်ရေး၊ သင်ခန်းစာပြုစုရေး၊ ဆေးဥယျာဉ်များ စိုက်ပျိုးရေး ၊ ဆေးရုံ၊ ဆေးပေးခန်းများ ဖွင့်လှစ်ရေးတို့ ထိုအစီရင်ခံစာဖြင့် အကြံပြုခဲ့ကြသည်။ သို့ရာတွင် ဗြိတိသျှအစိုးရက ဆောင်ရွက်ခြင်းမပြုခဲ့ပေ၊ ၁၉၃၈ မှ ၁၉၄၀ အတွင်း တိုင်းရင်းဆေးပညာရှင်များအား အနောက်တိုင်းဆေးပညာဆိုင်ရာ အချက်အလက်များ တတ်မြောက်စေရန်အတွက် ရန်ကုန်နှင့်မန္တလေးမြို့တို့တွင် ဆွေးနွေးခြင်း၊ သင်တန်းပို့ချခြင်းများကို ခြောက်လကြာမျှ ပြုလုပ်ခဲ့ပါသည်။

ဂျပန်ခေတ်တွင် သဘောဝဓမ္မဆရာတော်ကြီးမှူး၍ ကြည့်မြင်တိုင်တွင် တိုင်းရင်း ဆေးရုံတစ်ရုံဖွင့်လှစ် ကုသပေးခဲ့သည်။ အမျိုးသားခေါင်းဆောင်ကြီး သခင်ကိုယ်တော်မှိုင်းနှင့် ခေါင်းဆောင်များကလည်း တက်ကြွစွာပါဝင်ခဲ့သည်။ ထိုခေတ်က ဆေးဝါးများ၊ ရှားပါးပြတ်လတ်မှုကြောင့် ခွဲစိတ်ကုသရသည့် ရောဂါများမှတစ်ပါး အခြားရောဂါများကို မြန်မာ့တိုင်းရင်းဆေးဖြင့်သာ ကုသခဲ့ကြရသည်။

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းတွင် ၁၉၃၀ ခုနှစ်ကပေါ်ပေါက်ခဲ့သော တိုင်းရင်းဆေးပညာ စုံစမ်းရေးကော်မတီ၏ အစီရင်ခံစာကို အကောင်အထည်ဖော်ရန် ရည်ညွှန်းကာ ဆရာဝန် ဦးမောင်ကလေး ကြီးမှူးသော တိုင်းရင်းဆေးပညာ ရွေ့ပြေးကော်မတီကို ၁၉၅၂ ခုနှစ်တွင် ဖွဲ့စည်းပေးခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် တိုင်းရင်းဆေး မြှင့်တင်ရေးရုံးမှ အခမဲ့ဆေးခန်းများကို မန္တလေးမြို့၌ ကိုးဌာန၊ ရန်ကုန်မြို့၌ ကိုးဌာန ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် တိုင်းရင်းဆေးဆရာအဖွဲ့အက်ဥပဒေနှင့် နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့သည်။ ဆရာကြီးဒေါက်တာ ဦးဝဏ္ဏ ကြီးမှူးသော ယာယီတိုင်းရင်းဆေး ဆရာအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့သည်။ ၁၉၅၅ ခုနှစ်မှစ၍ ဆေးဆရာများကို အမျိုးအစား ခြောက်မျိုးခွဲ၍ မှတ်ပုံတင်စေခဲ့သည်။

တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် တိုင်းရင်းဆေးဆရာအဖွဲ့အက်ဥပဒေကို ပြင်ဆင်၍ တိုင်းရင်းဆေးဆရာအဖွဲ့ဝင် ခြောက်ဦးပါဝင်သော အဖွဲ့ကို ၁၉၆၂ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည်။ ၁၉၆၈ ခုနှစ် ဇွန်လတွင် ဒုတိယအကြိမ်၊ ၁၉၇၁ ခုနှစ်မတ်လတွင် တတိယအကြိမ် ပြန်လည်ပြင်ဆင်ဖွဲ့စည်းပေးခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးအကြံပေးကော်မတီကို ဖွဲ့စည်းခဲ့သည်။

၁၉၆၂ ခုနှစ်တွင် မှတ်ပုံတင်ဆရာများဖြစ်စေရန် အရည်အချင်းစစ်စာမေးပွဲကို ကျင်းပရန်ဆေးကျမ်း ၁၁ ကျမ်းပြဋ္ဌာန်းပြီး ဒေသနာနယဘာသာ၊ ဘေသဇ္ဇနယဘာသာ၊ နက္ခတ္တနယဘာသာဟု နယသုံးခုခွဲခြား၍ ၁၉၆၂၊ ၁၉၆၃၊၁၉၆၄၊၁၉၆၆ နှင့် ၁၉၆၉ ခုတို့တွင် တစ်နှစ်လျှင်တစ်ကြိမ်စီဖြင့် စုစုပေါင်း (၅)ကြိမ် စာမေးပွဲစစ်ဆေးပြီး စာမေးပွဲအောင်မြင်သူ ဆေးဆရာများ ပေါ်ထွန်းလာခဲ့သည်။

မြန်မာ့ဆေးပညာလောကတွင် ထင်ရှားလှသော သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသသည် ၁၉၆၈ ခုနှစ်တွင် ဆေးအဘိဓာန်၊ ပုံပြဆေးအဘိဓာန်၊ ဆေးပညာဥပဒေ၊ လက်စွဲဆေးအဘိဓာန်ရသာမက ဓာတ်ဆေးကုထုံး၊ ရသတရ ဂိနိကျမ်းအပါအဝင် ဆေးကျမ်းပေါင်း ၄၈ ကျမ်းကို ရေးသားပြုစုထားသည်။

တိုင်းရင်းဆေးသိပ္ပံကို မန္တလေးမြို့တွင် ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်၌ ဖွင့်လှစ်ခဲ့ပြီး အောက်တိုဘာ ၄ ရက်တွင် တိုင်းရင်းဆေးရုံကို မန္တလေးတွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်တွင် မန္တလေး တိုင်းရင်းဆေးသိပ္ပံနှင့် တိုင်းရင်းဆေးရုံ၊ တိုင်းရင်းဆေးကုခန်းများသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန လက်အောက်တွင် တိုင်းရင်း ဆေးပညာဦးစီးဌာနအဖြစ်ထားခဲ့ပြီး ၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် တိုင်းရင်းဆေးပညာ ဦးစီးဌာနအဖြစ် သီးခြားဖွဲ့စည်း တိုးမြှင့်ပေးခဲ့သည်။ ယင်းသို့ ဦးစီးဌာနအဖြစ် သီးခြားတိုးမြှင့်ပေးသဖြင့် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။ တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲများကို အခါအားလျော်စွာ ကျင်းပခဲ့ရာမှ ယခုအခါ နှစ်စဉ်ကျင်းပနိုင်ခဲ့သည်။ ပရဆေးဥယျာဉ်များလည်း တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။ ၁၉၉၃ ခုနှစ်နှင့် ၁၉၉၅ခုနှစ်တို့တွင် တိုင်းရင်းဆေးပညာလေးဘာသာ(ဒ၊ ဘ၊ ဗ၊ ဝ) အရည်အချင်းစစ်စာမေးပွဲနှစ်ကြိမ်ကျင်းပပေးပြီး အောင်မြင်သူ တိုင်းရင်းဆေးဆရာများအား မွေးထုတ်၍ မှတ်ပုံတင်ပေးခဲ့သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် တိုင်းရင်းဆေးပညာ ဦးစီးဌာနကိုဖွဲ့စည်းပုံ ထပ်မံတိုးမြှင့်ပေးခဲ့ပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို နှစ်စဉ်ကျင်းပပေးခြင်း၊ စာတမ်းဖတ်ပွဲများ ကျင်းပပေးခြင်းသည် တိုင်းရင်းဆေးဆရာများအား ပြည်ပနိုင်ငံများသို့ လေ့လာခြင်း၊ ပညာသင်စေလွှတ်ခြင်းများ ဆောင်ရွက်လျက် ပရဆေးဥယျာဉ်များ တည်ဆောက်ပြီး အသုံးများရှားပါးသော ဆေးပင်များရှာဖွေစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

အရည်အသွေးပြည့်ဝသော မျိုးဆက်သစ်တိုင်းရင်းဆေးပညာရှင်များ ပေါ်ပေါက်ရေးကိုရည်ရွယ်၍ တိုင်းရင်းဆေးတက္ကသိုလ်ကို ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီ ၉ ရက်နေ့တွင် မန္တလေးမြို့၌ ဖွင့်လှစ်ခဲ့သည်။

ယခုအခါ တိုင်းရင်းဆေးတက္ကသိုလ်ကြီးမှ စာတွေ့လေးနှစ်သင်တန်းနှင့် အလုပ်သင်တစ်နှစ်နှင့် ငါးနှစ်သင်ရိုးအဖြစ် B.M.T.M(Bachelor of Myanmar Traditional Medicine) ပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည်။

> ဒေသနာနယ ဆေးပညာသည် ဘုရားရှင်ဟောကြားတော်မူသော အဘိဓမ္မာတရားဒေသနာတော်ကို အခြေပြု၍ ကံ-စိတ်-ဥတုနှင့် အာဟာရဟူသော အကြောင်းတရားတို့ကြောင့် ဓာတ်ကြီးလေးပါး၊ ရုပ်တရားနှင့် နာမ်တရားတို့တွင် အနာရောဂါဝေဒနာ ဖြစ်ပေါ်လာမှုကို စမ်းသပ်စစ်ဆေးကုသပေးသည့် ဆေးပညာစနစ်တစ်ရပ်ဖြစ် . . .

## ကျောက်ပန်းတောင်းမြို့နယ်တွင် စက်သုံးဆီ အရောင်းဆိုင်များအား သတ်မှတ်စည်းကမ်း များနှင့်ညီညွတ်မှု ရှိ၊ မရှိ ဝင်ရောက်စစ်ဆေး

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် နွေရာသီ မီးဘေးကြိုတင်တားဆီးကာကွယ်ရေး လုပ်ငန်း ဆောင်ရွက်မှုအဖြစ် မြို့နယ်တွင်းရှိ စက်သုံးဆီအရောင်းဆိုင် များအား ရှောင်တခင်စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင် သယ်ယူချက်လုပ် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများ မြို့နယ် ကြီးကြပ်မှုကော်မတီ၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆေးမှုလုပ်ငန်းတွင် စက်သုံးဆီအရောင်းဆိုင် များ ခွင့်ပြုလိုင်စင် ရှိ၊ မရှိ၊ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ရောင်းချခြင်းရှိ၊ မရှိနှင့် ခွင့်ပြုမိန့်ရရှိပြီး အရောင်းဆိုင်များ တွင် သတ်မှတ် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သိုလှောင် ဖြန့်ဖြူးရောင်းချခြင်း ရှိ၊ မရှိ၊ မီးဘေးကြိုတင်တားဆီး ကာ ကွယ်ရေးအတွက် လိုအပ်သည့် မီးသတ်အထောက်အကူပြု ပစ္စည်းများ ပြည့်စုံစွာထားရှိခြင်း ရှိ၊ မရှိနှင့် မီးသတ်ပစ္စည်း များကို ကျွမ်းကျင်စွာ ကိုင်တွယ်သုံးစွဲနိုင်ခြင်း ရှိ၊ မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ မှတ်တမ်းတင်ခြင်း၊ ပညာပေးဆွေး နွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

တရားဝင် ခွင့်ပြုချက်လိုင်စင်မရှိသော လမ်းဘေး Mobile အရောင်းဆိုင်များအနေဖြင့်လည်း ဖေဖော်ဝါရီ ၂၉ ရက် အတွင်း အပြီးပိတ်သိမ်းပေးရန်နှင့် ယင်းရက်ထက်ကျော်လွန် ရောင်းချခြင်းတွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေ (ပုဒ်မ-၄ )အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါစစ်ဆေးရေးအဖွဲ့တွင် မြို့နယ်မီးဘေးတားဆီး ကာ ကွယ်ရေးကော်မတီဥက္ကဋ္ဌ ကိုယ်စား မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးသိန်းထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ပေါ်ဆွေနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာကော်မတီဝင်များ၊ မြို့ နယ်မီးသတ်ဦးစီးမှူး ရဲကျော်စွာအောင်ကျော်ဝင်းနှင့် မီး သတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြပြီး မြို့ပေါ်ရပ်ကွက်များအတွင်းရှိ အရောင်းဆိုင်များနှင့် မြို့အဝင်၊ အထွက် လမ်းဘေးအရောင်း ဆိုင်များ စုစုပေါင်း ၁၈ ဆိုင်ကို ဝင်ရောက်စစ်ဆေးခဲ့၍ လိုအပ် သည့် ပညာပေးဆွေးနွေးမှုများဆောင်ရွက်ခြင်းနှင့် မှတ်တမ်း တင်ခြင်းများဆောင်ရွက်ခဲ့ကြသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## ရေးမြို့နယ်တွင် ပရိဘောဂပစ္စည်းများ အရောင်းအဝယ်အေးလျက်ရှိ

**ရေး ဖေဖော်ဝါရီ ၂၇**

မွန်ပြည်နယ် ရေးမြို့နယ်ရှိ မြန်မာ့ လက်မှုပညာ မိရိုးဖလာလုပ်ငန်းတစ်ခုဖြစ် သော သစ်ကုန်ကြမ်းများကို ကုန်ချော ပရိဘောဂ အိမ်သုံးပစ္စည်းများ ထုတ်လုပ် ရောင်းချနေလျက်ရှိရာ ယခုနှစ် ပွင့်လင်း ရာသီဖြစ်သော မင်္ဂလာအခမ်းအနား ကျင်းပသည့်ကာလများတွင် မင်္ဂလာခန်း ဝင် ပစ္စည်းများက အရောင်းအဝယ်အေး လျက်ရှိနေကြောင်း သိရသည်။

ပြီးခဲ့သည့် သုံးနှစ်ဝန်းကျင် ကာလများ ကပင် သစ်အချောထည်ပစ္စည်းများမှာ ဒီဇိုင်းရိုးသော်လည်း အရောင်းအဝယ် ဖြစ်ခဲ့သည်။ လက်ရှိကာလတွင် တစ် နှစ်ထက်တစ်နှစ်ဒီဇိုင်းများ သစ်ဆန်း လာသော်လည်း အရောင်းအဝယ်မှာ တိုးတက်လာခြင်းမရှိဘဲ အရောင်း အေးလာကြောင်း သစ်အချောထည် ရောင်းချသည့်ဆိုင်ရှင်များကပြောသည်။

"အရင်တုန်းက သစ်အချောထည် ပစ္စည်းတွေက ရိုးရိုးဒီဇိုင်းတွေသာ အရောင်းအဝယ်ဖြစ်နေပေမယ့် အခုအခါ မှာဒီဇိုင်းဆန်းသစ်မှုကို လိုက်ဖက်ညီ အောင် ထုတ်လုပ်ရောင်းဝယ်ရပါတယ်။ အိမ်အလှဆင်နေရာများမှာတော့ စတီးလ် သံပန်း၊ အလူမီနီယံကိုသုံးစွဲသူများပေ မယ့် မင်္ဂလာခန်းဝင်ပစ္စည်ကိုတော့ဒီနေ့ထိ သစ်အချောထည်တွေကိုသာကြိုက်နှစ် သက်သူများပြားနေပါတယ်။ မင်္ဂလာ ခန်းဝင် သစ်အချောထည်ပစ္စည်းစုံရဲ့ အမြင့်ဆုံးတန်ဖိုးငွေကျပ် ၁၀ သိန်းကျော် ဝန်းကျင်လောက်အထိဈေးရှိတယ်" ဟု ပရိဘောဂပစ္စည်းရောင်းချသူ ဦးကျော်စွာ စိုးကပြောသည်။

"ငါးနှစ်လောက်မှာကတည်းက သစ် ကုန်ကြမ်းရှားပါးလာတာရယ်။ ကျွမ်းကျင် လက်သမားဆရာတွေ မရှိတာရယ်။ အချောထည်များကို ထုတ်လုပ်ရတဲ့အခါ အခက်အခဲများဖြစ်တာရယ်ကြောင့် သစ် အချောထည်ပစ္စည်းမှာ တန်ဖိုးလည်းကြီး သွားခဲ့ပါတယ်" ဟု ပရိဘောဂရောင်းချသူ တစ်ဦးက ပြောသည်။



သစ်ရှားပါးလာမှုနှင့် ပညာရှင်ရှားပါး လာခြင်းတို့ကြောင့် သစ်အချောထည် ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာရာ ရေးမြို့နယ်ရှိအိမ်အလှဆင်ပရိဘောဂ ဈေးကွက်တွင် သစ်အချောထည်အစား စတီးလ်သံပန်း၊ အလူမီနီယံပစ္စည်းများက အစားထိုးနေရာယူသုံးစွဲမှုများလာခဲ့ သည်။ **ထွန်းထွန်း (ရေး)**

## မျိုးသစ်စပါးအကြောင်း တောင်သူများအားရှင်းလင်းပြောကြား

**ဖြူး ဖေဖော်ဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပြောင်းလဲ နေသော ရာသီဥတုနှင့်အညီ အထွက် ကောင်းမျိုးသစ်၊ သက်ငယ်ပေါ်ဆန်းမွှေး မျိုးစပါးခင်းအား ဖြူးမြို့နယ်အတွင်းရှိ ကျေး ရွာအုပ်စု ၁၄ အုပ်စုတို့မှ တောင်သူလယ် သမား ၈၀ ကျော်တို့အား ဖိတ်ကြားပြသ ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ပိုင်းက စမ်းသပ်စပါးပျိုးခင်း၌ ကျင်းပရာ တောင်ငူခရိုင် မျိုးစေ့တာဝန်ခံ ဒေါ်နန်းမြ စန်းရီနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝေလင်းအောင်တို့က လက်တွေ့ရှင်းလင်း ပြသကြသည်။

အဆိုပါအထွက်ကောင်း မျိုးသစ်စပါး သက်ငယ်ပေါ်ဆန်းမွှေးစပါးမျိုးမှာ ရာသီ ဥတုဒဏ်ခံနိုင်ရည်ရှိ၍ ရက်တိုတိုအတွင်း အထွက်နှုန်းကောင်းစွာဖြင့် စပါးသီးနှံ စိုက် ပျိုးအောင်မြင်ဖြစ်ထွန်းနိုင်ပြီး ယင်းမျိုးစပါး ကို ၂၀၁၆ ခုနှစ် မိုးရာသီစပါးစိုက်ပျိုးချိန်မှ စ၍ မျိုးပွားပျိုးခင်းများ စိုက်ပျိုးသွားမည် ဖြစ်ကာ ၂၀၁၇ ခုနှစ် မိုးရာသီတွင် တောင်သူ လယ်သမားများထံသို့ မျိုးသစ်စပါးများ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြင့်ဦး(ဖြူး)**

## သံကူကွန်ကရစ်တံတား ဆောက်လုပ်မှု ၈၀ ရာခိုင်နှုန်းပြီးစီး

**လှိုင်ကော် ဖေဖော်ဝါရီ ၂၇**

ကယားပြည်နယ် လွိုင်ကော်မြို့လယ် ရှိဥတ္တရာရုံ သံကူကွန်ကရစ်တံတားအား ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် မှစ၍ ပြည်နယ်ရန်ပုံငွေ ခန့်မှန်းခြေ တန်ဖိုးကျပ်သန်း ၈၀၀ ခန့်ဖြင့် ဆောက် လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက် လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ် ရေးစီမံကိန်း အထူးအဖွဲ့ (၆)မှ တာဝန် ယူတည်ဆောက်လျက်ရှိရာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း တံတားဆောက်လုပ်သည့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်မြင့်သိန်းက ပြောသည်။

တံတားအမျိုးအစားမှာ သံကူကွန် ကရစ်တံတားဖြစ်ပြီး အရှည်ပေ ၃၀၀၊ ယာဉ်သွားလမ်း နှစ်လမ်းသွား၊ လူသွား လမ်းများနှင့် တံတားခံနိုင်ဝန် တန် ၆၀ ဖြစ်ပြီး လာမည့်မတ်လတွင် အပြီး ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါတံတားပြီးစီးမှုအား ကယား ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက် သွယ်ရေးဝန်ကြီး ဦးချစ်လှက ဖေဖော်ဝါ ရီ ၂၆ ရက်က တံတားဆောက်လုပ်ပြီး စီးမှုအားကြည့်ရှု၍ လိုအပ်သည်များမှာ ကြားခဲ့သည်။ **ကိုစိုင်း (လွိုင်ကော်)**










### မြေကွက်ရောင်းရန်ရှိသည်

အင်းလေးဟိုတယ်ဇုန် Project (အကွက်အမှတ် - ဇုန် A)
ပေ ( ၄၀ )လမ်းမနှင့် ကပ်လျက် (၂.၇၅)ဧက ရှိပါသည်။
ဆက်သွယ်ရန်ဖုန်း - ၀၉-၃၀၃၆၇၆၅၂၊ ၀၉-၇၉၅၇၄၉၁၃၁

### ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား အသိပေးကြေညာချက်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ်(၇၆)၊ ပထမထပ်တွင် တည်ရှိသော Myan Chin Young Men Company Limited မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ကုမ္ပဏီမူပိုင်အဖြစ် တရားဝင်အသုံးပြုရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၁၉. ၁. ၂၀၁၆)နေ့တွင် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

JIN YUE

၄/၆၉၈/၂၀၁၆

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် လယ်ယာသုံးပစ္စည်းအမျိုးကို တင်သွင်း၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ အထက်ပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အဆိုပါပစ္စည်းအားလုံးများပေါ်တွင်သာမက ပြေစာ၊ ဘောက်ချာ၊ ထုတ်ပိုးမှုပစ္စည်းများပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် ပြုလုပ်ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ အသားတံဆိပ်ခတ်နှိပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် လက်လီလက်ကား ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည် ဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက Myan Chin Young Men Company Limited မူပိုင်အဖြစ် အသုံးပြုမည် ဖြစ်ပါသောကြောင့် အဆိုပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို Myan Chin Young Men Company Limited မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မျှ တံဆိပ်တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားဖြစ်စေ၊ တုပပြုလုပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက Myan Chin Young Men Company Limited ၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည် ဖြစ်ကြောင်း သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေများ | |
|---|---|---|---|
| **ဦးဝင်းအောင်** | **ဒေါ်ခင်မာထွေး** | **ဒေါ်နိုင်နိုင်စန်း** | **ဒေါ်ဟန်သီစိုး** |
| LL.B, D.M.L, D.B.L | LL.B, WIPO(Switzerland) | LL.B, D.B.L, D.I.L | LL.B, IADCS(UK), CBDS (MOFA) |
| (စဥ်-၈၁၅၆) | (စဥ်-၉၄၅၄) | (စဥ်-၃၇၉၄၇) | (စဥ်-၃၉၄၄၇) |

**စိုးစံ(လင်း) အိမ်၊ ခြံ၊ မြေ နှင့် ဥပဒေအကြံပေး**

**အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်**
**☎ - 510760, 510940, 510950, 500643, 502517, 2304311**

### ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ပတ္တာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၀၉-က)၊ ထန်းတော အနောက်ကွင်း၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း-၂အတွင်းရှိ ကျောက်ဆည်မြို့၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း မြေနေရာချထားရေးကော်မတီ၏ ၂၇-၁၂-၂၀၀၃ရက်စွဲပါ မြေပေးမိန့်အမှတ် (၃/စီ-၂)ဖြင့် ဗိုလ်မှူးမောင်တိုး ဒုညွှန်ကြားရေးမှူး(ငြိမ်း) စည်ပင်ဦးစီးဌာနအမည်ဖြင့် မြေကွက်အမှတ်(၃) ချထားပေးခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းဝိုင်းမြေကွက်အား ဦးကြင်ဆွေ[၉/ကဆန(နိုင်)၀၉၈၇၄၈]မှ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ဒေါ်ဇာခြည်စုလှိုင်ကျော်နှင့် မဆုလဲ့ရတနာတို့နှင့် ၎င်းဝိုင်းမြေကွက်အား အရောင်းအဝယ် စာချုပ်စာတမ်း ပြုလုပ်ဝယ်ယူမည်ဖြစ်ပါသဖြင့် အထက်ဖော်ပြပါ ဝိုင်းမြေကွက်နှင့် သက်ဆိုင်သူများအနေဖြင့် ကျောက်ဆည်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးသို့ ကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်သတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးကြင်ဆွေ[၉/ကဆန(နိုင်)၀၉၈၇၄၈]
ပြည်လုံးနိုင်ရပ်၊ ကျောက်ဆည်မြို့။

# လယ်ယာစီးပွား ဂုဏ်မြင့်မားဖို့

## ဥတုတရားကို စောင့်ရှောက်လေ



ဓာတ်ပုံ- News World India

à ကိုရင်သြ

အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်းရှိ ပြည်နယ်တစ်ခု၌ ဆန္ဒပြသူများ၏ ပိတ်ဆို့မှုကြောင့် လူဦးရေ သန်း ၂၀ နေထိုင်ရာ ဒေလီတွင် ပြည်သူ ၁၀ သန်းခန့် ရေပြတ်လပ်မှု ဖြစ်ပေါ်ခဲ့ရသည်ဆိုသော သတင်းတစ်ပုဒ်ကို ကျွန်ုပ် ဖတ်ရှုလိုက်ရသည့်အခါ ဒီမိုကရေစီ အသားကျနေသည့် နိုင်ငံကြီးများ၌ပင် ဒီမိုကရေစီ ကို အလွဲသုံးမှုအဖြစ်သနစ်များ တွေ့ကြုံရတတ်ပါတကားဟု ရိုးတိုးရိပ်တိပ်တွေးမိလေ၏။

လတ်လတ်လောလော လူထုအုံကြွမှုဖြစ်ပေါ်ရာ ပြည်နယ်သည်ကား 'ဟာယားနား' အမည်ရှိ ပြည်နယ်တည်း။

အစိုးရအလုပ်အကိုင်များ၌ အမှုထမ်းခွင့်ရရှိရေးနှင့် တက္ကသိုလ်၊ ကောလိပ်များ၌ ပညာဆည်းပူးခွင့် ရရှိရေးတို့အတွက် အမျိုးဇာတ်အလိုက် ခွဲတမ်းသတ်မှတ်ချက် ရရှိရေးကို တောင်းဆိုကြသည့် ဆန္ဒပြသူများက ပြည်နယ်အတွင်း ပိတ်ဆို့ဆန္ဒပြကြရာမှ လုံးချာလိုက်ကာ မြို့တော်ဒေလီအထိ နိစ္စဓူဝ လူနေမှုဘဝတွင် ပြည်သူတို့ ကသောက်ကရောက်ဖြစ်ခဲ့ရလေသည်။

ဟာယားနားပြည်နယ်အတွင်းရှိ မြို့ကြီး၊ မြို့ငယ်များ၌ နွားသိုးကြိုးပြတ်သည့် ပုံအသွင် ဒေါသတကြီး ဆန္ဒပြတောင်းဆိုသူများက အကျပ်ကိုင်သည့် လုပ်ရပ်များအဖြစ် အဝေးပြေးလမ်းမကြီးကို ပိတ်ဆို့ခြင်း၊ မြို့တော်ဒေလီ ပြည်သူများ သုံးစွဲသော ရေပမာဏ၏ ၆၀ ရာခိုင်နှုန်းအထိ ထောက်ပံ့ပေးသည့် မူနတ်အမည်ရှိ တူးမြောင်းကို သိမ်းပိုက်ခြင်းတို့ ပြုလုပ်ခဲ့ရာ နာရီပိုင်းအတွင်းမှာပင် မြို့တော်တစ်ခွင် ရေပြဿနာကို ခံစားခဲ့ကြရလေသည်။

အကျိုးဆက်အဖြစ် ဒေလီပြည်ထောင်စုနယ်မြေအစိုးရအဖွဲ့က ရေကိုခွဲ တမ်းချကာ ဖြန့်ဝေစေခဲ့ရပြီး စာသင်ကျောင်းများကိုလည်း အခိုက်အတန့် ပိတ်ထားခဲ့ရသည်။

ဆန္ဒပြသူများအား နှိမ်နင်းနိုင်ရန် ရဲတပ်ဖွဲ့ဝင်များ၊ အိန္ဒိယကြည်းတပ်နှင့် ပြည်သူ့စစ်အဖွဲ့ဝင် ၁၀၀၀၀ အပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ခဲ့ရသည်အထိ လုံခြုံရေးအခြေအနေ ဆိုးရွားခဲ့သည်။

ပြည်နယ်တစ်ဝန်း အဓိကရုဏ်းများ၊ လုယက်မှုများပေါ်ပေါက်ခဲ့ပြီး လူပေါင်း ၁၉ ဦးထက်မနည်း သေဆုံးခဲ့ရသည်။

ပိတ်ဆို့ဆန္ဒပြမှုများ၏ ဂယက်ရိုက်ခတ်မှုများအဖြစ် ရထားခရီးစဉ် ၈၅၀ အထိ ဖျက်သိမ်းခဲ့ရပြီး စက်ရုံပေါင်း ၅၀၀ ခန့်အထိကို ပိတ်ခဲ့ရကာ စီးပွားရေးလုပ်ငန်းများအနေဖြင့် ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံဖိုးခန့် ဆုံးရှုံးခဲ့ရသည်ဟု ကျွန်ုပ်သိရလေသည်။

ဟာယားနားပြည်နယ်၏ ပူစပ်ပူလောင် ဆန္ဒပြပွဲများ၏ ဖြစ်တည်ရာကို စေ့ငုလေ့လာသော် 'ဂျတ်' အမည်ရှိ အမျိုးဇာတ်ဝင်များ၏ လှုပ်ရှားမှုအရေးတော်ပုံကို တွေ့ရှိရ၏။

ဂျတ်ဇာတ်ဝင်များ အခွင့်အရေးများ တိုးတက်ရရှိရေး လှုပ်ရှားမှုအရ ဆန္ဒပြတောင်းဆိုကြခြင်းဖြစ်သည်။

မငြိမ်မသက်ဖြစ်နေသော ဟာယားနားပြည်နယ်၌ လုံခြုံရေးတပ်ဖွဲ့များက ငြိမ်ဝပ်ပိပြားမှုကို ပြန်လည်တည်ဆောက်နိုင်အောင် ကြိုးပမ်းခဲ့ကြရပြီး ဂျတ်ဇာတ်ဝင်များ၏ အနာဂတ်ဘဝ သာယာဝပြောစေရေးအတွက် ကြိုးပမ်းပါမည်ဟူ၍ ဝန်ကြီးချုပ်နရိန္ဒြာမိုဒီက ကတိပြုခဲ့ရလေသည်။

၂၀၁၄ ခုနှစ်က ကျင်းပသော ရွေးကောက်ပွဲ၌ ဘီဂျေပီပါတီ တောင်ပြိုကမ်းပြိုအနိုင်ရရှိအောင် မဲပေးခဲ့ကြသော မဲဆန္ဒရှင်များတွင် ဂျတ်ဇာတ်ဝင်များလည်း ပါရှိခဲ့ရာ သူ၏မဲဆန္ဒရှင်များကို ပြန်လည်၍ စောင်မကြည့်ရှုရန် ဝန်ကြီးချုပ်မိုဒီ ကတိပြုခဲ့ခြင်းဖြစ်သည်။

မိုဒီ၏ ဘီဂျေပီပါတီ(ဘရာတိယ ဂျနတာပါတီ) သည် ဆယ်စုနှစ်သုံးစုကာလအတွင်း ပါလီမန်တွင် အမတ်နေရာ အများဆုံးဖြင့် အနိုင်ရရှိခဲ့ပြီး အထွေထွေရွေးကောက်ပွဲကြီးအပြီး လအတန်ကြာကာလတွင် ကျင်းပခဲ့သော ဟာယားနားပြည်နယ် ရွေးကောက်ပွဲ၌လည်း ယင်းပါတီက ပထမဆုံးအကြိမ် အောင်ပွဲခံခဲ့ပြန်သည်။

ဂျတ်ဇာတ်ဝင်များ၏ အခွင့်အရေးတိုးတက်ရရှိရေးလှုပ်ရှားမှုသည် ဝန်ကြီးချုပ်မိုဒီ အုပ်စိုးမှုလက်ထက် အဆိုးရွားဆုံးသော လူထုအုံကြွမှုတစ်ရပ်အဖြစ် ရှုမြင်ရကာ နိုင်ငံရေးထစ်ချုန်းမှုတစ်ရပ်ဟု ဆိုနိုင်ပေလိမ့်မည်။

အလုပ်အကိုင်နေရာများ ဖန်တီးပေးမည်၊ အိန္ဒိယနိုင်ငံကြီးဖွံ့ဖြိုးမှုနှုန်း မြင့်မားစေမည်ဟူ၍ ကတိပေးကာ ရွေးကောက်ပွဲအောင်ပွဲခံခဲ့သူ မိုဒီ၏အစိုးရအဖွဲ့သည် ၂၀၂၂ ခုနှစ်ထက်နောက်မကျဘဲ ကုန်ထုတ်လုပ်မှုဆိုင်ရာ အလုပ်အကိုင်နေရာပေါင်း သန်း ၁၀၀ အထိ ဖန်တီးပေးနိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်လျက်ရှိသော်လည်း လက်တွေ့ဘဝတွင် ထင်တိုင်းမပေါက်သည့် အခြေအနေနှင့် ရင်ဆိုင်နေရလေသည်။

ယခုတစ်ကြိမ် ဂျတ်ဇာတ်ဝင်များ၏ လှုပ်ရှားမှုနည်းတူ လွန်ခဲ့သည့်နှစ်က မိုဒီ၏ ဇာတိရပ်မြေဖြစ်သော ဂုဂျာရတ်ပြည်နယ်၌လည်း အလားတူလှုပ်ရှားမှုတစ်ရပ် ပေါ်ပေါက်ခဲ့ဖူးသည်။

ယင်းမှာ ဂုဂျာရတ်ပြည်နယ်ရှိ ပါတီးလ်ဇာတ်ဝင်များက အစိုးရအလုပ်အကိုင်များ၌ ပိုမိုဝင်ရောက် လုပ်ကိုင်ခွင့်ရရှိရေး၊ တက္ကသိုလ်ကောလိပ်များ၌ ပိုမိုပညာဆည်းပူးခွင့်ရရှိရေးအတွက် တောင်းဆိုခဲ့ကြခြင်းဖြစ်လေသည်။

ဇာတ်နိမ့်များအတွက် လျာထားသတ်မှတ်ပေးထားသော အထူးအခွင့်အရေးများကို ပါတီးလ်ဇာတ်ဝင်များ ရရှိခံစားနိုင်ရေးအတွက် ဆန္ဒပြတောင်းဆိုသံများ သောသောညံခဲ့သည်။

ထိုစဉ်က ဂုဂျာရတ်ပြည်နယ် မငြိမ်မသက်ဖြစ်အောင် ကိုင်လှုပ်နိုင်ခဲ့သည့် ဆန္ဒပြသူများ၏ ခေါင်းဆောင်တစ်ဦးမှာ အသက် ၂၂ နှစ်အရွယ်ရှိ ဟာဒစ်ပါတီးလ်ဆိုသူ လူငယ်လေးတစ်ဦးဖြစ်ပြီး တစ်ခုသော လူထုစည်းဝေးပွဲ၌ သူဟောပြောခဲ့ရာတွင် လူပေါင်း ငါးသိန်းအထိ တက်ရောက် နားထောင်ခဲ့ရသည်အထိ သတင်းကြီးခဲ့သည်။ ဟာဒစ်ပါတီးလ်သည် အောက်တိုဘာလတွင် အစိုးရအဖွဲ့ကို ပုန်ကန်ရန် လှုံ့ဆော်စည်းရုံးမှုဖြင့် စွဲချက်တင်ခံခဲ့ရလေသည်။

လူဦးရေ ၂၅ သန်းနေထိုင်ရာ ဟာယားနားပြည်နယ်၌ ဂျတ်ဇာတ်ဝင်များမှာ ပြည်နယ်လူဦးရေ၏ ၂၉ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသ တစ်ဝန်းတွင် ဂျတ်ဇာတ်ဝင်ပေါင်း သန်း ၈၀ ကျော်အထိ ရှိနေပြီး အစဉ်အလာအရ လယ်မြေအသေးစား ပိုင်ဆိုင်ကြကာ အလွန်အမင်းနိမ့်ကျလှသည့် ဇာတ်အမျိုးအနွယ်အုပ်စုများတွင် မပါဝင်ချေ။

သို့ရာတွင် လွန်ခဲ့သည့် နှစ်နှစ်တာကာလပတ်လုံး မိုးခေါင်မှုရှိခဲ့ရာ စိုက်ပျိုးရေးလုပ်ငန်းထိခိုက်မှုကို လယ်သမားတို့ ကြီးစွာခံစားခဲ့ကြရသည်။ ဂျတ်ဇာတ်ဝင်များသည် မိသားစုဝင်ငွေ ကျဆင်းလာချိန်တွင် အခြားဇာတ်နိမ့်များရရှိသော အထူးအခွင့်အရေးများအတိုင်း ရရှိခံစားလာနိုင်စေရန် ကြိုးပမ်းကြရာမှ ဆူပူအုံကြွမှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်လေသည်။

ဧကန်မုချကား အိန္ဒိယမြောက်ပိုင်း ပြည်နယ်ကိုးခုတွင် ပျံ့နှံ့နေထိုင်ကြသော ဂျတ်ဇာတ်ဝင်များသည် အနိမ့်ကျဆုံး ဇာတ်ဝင်များမဟုတ်ကြပေ။ ဟာယားနားပြည်နယ်၌ ပြည်နယ်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသူ အများအပြားမှာ ဂျတ်ဇာတ်မျိုးနွယ်မှ ဖြစ်ခဲ့ကြသည်။ သို့ရာတွင် လက်ရှိပြည်နယ်ဝန်ကြီးချုပ်မှာ ဂျတ်ဇာတ်ဝင်တစ်ဦးမဟုတ်ပေ။

ဟိန္ဒူဘာသာရေး အယူဝါဒလွှမ်းမိုးသော အိန္ဒိယနိုင်ငံ၌ ဗြဟ္မဏ(ပုဏ္ဏားမျိုး)၊ ခတ္တိယ(မင်းမျိုး၊ စစ်သူကြီးများနှင့် မြေပိုင်ရှင်များ)၊ ဝဿ(အသည်မျိုး)နှင့် သုဒ္ဒ (ကျေးကျွန်မျိုး)ဟူ၍ အဓိကဇာတ်ကြီးလေးခုရှိပြီး အမျိုးဇာတ်အရ အယုတ်၊ အလတ်၊ အမြတ်ဟူ၍ ခွဲခြားသတ်မှတ်ချက်များ ရှိလေသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း ဇာတ်အမျိုးအနွယ်အရ မျိုးနွယ်စုပေါင်းများစွာ တည်ရှိနေပြီး လူဦးရေ ပေါက်ကွဲမှုနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးလာချိန်တွင် အောက်ဆုံးဇာတ်နိမ့်များအတွက် အစိုးရက ခွင့်ပြုပေးထားသော အခွင့်အရေးများကဲ့သို့ အခွင့်အရေးများ ရရှိလာရန် ဇာတ်မျိုးနွယ်စုများက တောင်းပွဲ၊ တိုက်ပွဲများ ပြုလုပ်လာခြင်းဖြစ်သည်ဟု ရှုမြင်ရလေသည်။

လူမှုရေးအရ သာတူညီမျှမှုရှိရေး၊ ဇာတ်နိမ့်များအပေါ် ဖိနှိပ်မှုမရှိစေရေးဟူသော ရည်ရွယ်ချက်အရ သီးသန့်အခွင့်အရေးပေးမှုကို ကနဦးအားဖြင့် ဒါလစ်မျိုးနွယ်စုနှင့် အခြားဇာတ်နိမ့်များကသာ အကျိုးခံစားခွင့်ရရှိခဲ့ကြလေသည်။

အိန္ဒိယနိုင်ငံ၏ ဆင်းရဲသားနင်းပြားများ၊ မြေမဲ့ယာမဲ့များ၊ စာမတတ်မြောက်သူများအတွင်း အဓိကကိုယ်စားပြုသော ဒါလစ်မျိုးနွယ်စုဝင်များမှာ နိုင်ငံလွတ်လပ်ရေးရရှိခဲ့အပြီး ၆၉ နှစ်ကြာမြင့်သည့်တိုင်အောင် လူမွေးလူတောင် မပြောင်ဘဲရှိနေရကား ပညာသင်ယူခွင့်နှင့် အစိုးရအလုပ်အကိုင်များ၌ လုပ်ကိုင်ခွင့်တို့အတွက် အထူးအခွင့်ပေးသည့် အဆင့်အတန်းကို အစိုးရမင်းများက သတ်မှတ်ပေးခဲ့လေသည်။

ကနဦးအနေဖြင့် ဒါလစ်မျိုးနွယ်စုနှင့် တောင်ပေါ်တိုင်းရင်းသားမျိုးနွယ်များကိုသာအခွင့်အရေးပေးခဲ့သော်လည်း နောက်ပိုင်းတွင် အစဉ်အလာအရ ဇာတ်နိမ့်အုပ်စုများ၌ ပါဝင်သူများကိုပါ ခေတ်နောက်ပြန်ဆွဲ လူတန်းစားအလွှာတွင် ထည့်သွင်းကာ အထူးအခွင့်အရေးပေးသည့် အစီအမံကို ဆောင်ရွက်ခဲ့လေသည်။

၁၉၈၉ ခုနှစ်တွင် ဗွီပီဆင်းအစိုးရအဖွဲ့က အစိုးရအလုပ်အကိုင်နေရာများအနက် ၂၇ ရာခိုင်နှုန်းနှင့် အဆင့်မြင့်ပညာသင်ယူခွင့်ရရှိမည့် ခွဲတမ်းသတ်မှတ်ချက်တို့ကို ဇာတ်နိမ့်များအတွက် သီးသန့်လျာထားသတ်မှတ်ပေးခဲ့သည်။

ဤတွင် နိုင်ငံတစ်ဝန်းရှိ ဇာတ်မျိုးနွယ်အစုအဖွဲ့များက အထူးအခွင့်အရေးများကို ၎င်းတို့ကလည်း ရရှိခံစားအပ်သည်ဟု အပြိုင်အဆိုင် တောင်းဆိုလာကြရာ နိုင်ငံရေးသမားများက အသည်းကြားမှ မဲတစ်ပြားရရှိအောင် ဇာတ်နိမ့်ဝင်များကို စည်းရုံးခဲ့ကြသည်ကို တွေ့မြင်ရလေသည်။

၂၀၁၄ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပလုနီးကာလတွင် ထိုစဉ်က ကွန်ဂရက်ပါတီဦးဆောင်သော ဗဟိုအစိုးရအဖွဲ့က ဂျတ်ဇာတ်ဝင်များကို စည်းရုံးသည့်အနေဖြင့် အထူးအခွင့်အရေးပေးမည်ဟု ပြောကြားခဲ့ရာမှ ၎င်းတို့၏ လှုပ်ရှားမှု အရှိန်ရလာခဲ့ပြီး လက်ရှိအစိုးရအဖွဲ့ကို အကျပ်ရိုက်စေသည်အထိ လူထုအုံကြွမှုဖြစ်ပေါ်ခဲ့ရလေသည်။

ဟာယားနားပြည်နယ်၌ ဆန္ဒပြတောင်းဆိုမှုများဖြစ်စေသော အဓိကအကြောင်းတရားများကို ဆန်းစစ်ကြည့်လျှင် သာမန်ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ ပညာသင်ယူနိုင်ခွင့်နည်းပါးခြင်းတို့ကို တွေ့ရှိရလေသည်။

အလုပ်အကိုင်မရှိခြင်း၊ ပညာသင်ယူနိုင်ခွင့်မရှိခြင်းသည် ဆင်းရဲမွဲတေမှုကို တိုးပွားစေသည်။ အစိုးရအဖွဲ့က ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ ဆင်းရဲချမ်းသာကွာဟမှုလျှော့ချရေးတို့အတွက် မဟာဗျူဟာများချ၍ ကြိုးပမ်းနေစေကာမူ ဖွံ့ဖြိုးမှုအဆင့်သစ်သို့ ရင့်ကျက်လာရန်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းအတွက် အချိန်ယူဆောင်ရွက်ရမည့် မဟာလုပ်ငန်းတာဝန်ကြီးတစ်ရပ်ဖြစ်ပေလိမ့်မည်။

အိန္ဒိယနိုင်ငံသည် လယ်ယာစီးပွားပေါ်အခြေခံသည့် နိုင်ငံဖြစ်ပြီး ဥတုရာသီပေါ်မှီတည်၍ စိုက်ပျိုးရေးလုပ်ငန်းကို ဖွံ့ဖြိုးအောင် ကြိုးပမ်းနေ၏။

သို့ရာတွင် မိုးခေါင်မှု ပြဿနာကြောင့် စိုက်ပျိုးရေးလုပ်ငန်းထိခိုက်ရကာ ကျေးလက်နေပြည်သူတို့ ဝင်ငွေကျဆင်းသည့် ပြဿနာကို တွေ့ကြုံခံစားကြရသည်။ လယ်ယာဦးကြီးများ စိတ်ညစ်လွန်း၍ မိမိကိုယ်ကိုမိမိ အဆုံးစီရင်မှုဖြစ်ရပ်များ ပေါ်ပေါက်လာသည်။

အိန္ဒိယနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံစားနေရပြီး မိုးခေါင်ရေရှားမှု၏ အကျိုးဆက်တစ်ရပ်အဖြစ် လူမှုရေးပြဿနာများ ကြီးထွားလာမှုကို ဆန္ဒပြပွဲများက ညွှန်းဆိုလျက်ရှိလေသည်။

ဗုဒ္ဓရှင်တော်လက်ထက်က ဗုဒ္ဓ၏ ဆွေတော်မျိုးတော်များဖြစ်ကြသော သာကီယနှင့် ကောလိယမင်းတို့၏ ရောဟိနီမြစ်ရေ ခွဲဝေမှုနှင့်ပတ်သက်၍ အငြင်းပွားကြကာ စစ်ပွဲဖြစ်လုနီးအထိ တင်းမာခဲ့ရာတွင် ဗုဒ္ဓရှင်က တရားပြကာ ငြိမ်းချမ်းမှုတည်ဆောက်ခဲ့ရသည်ကို ကျွန်ုပ်သတိရမိသည်။

သဘာဝအရင်းအမြစ်များအပေါ် အမှီသဟဲပြုနေရသော ဖွံ့ဖြိုးဆဲ စိုက်ပျိုးရေးနိုင်ငံများအတွက် လူ့ပယောဂကြောင့် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းအောင် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဟု ကျွန်ုပ်တွေးတောမိရင်း "လယ်ယာစီးပွား ဂုဏ်မြင့်မားဖို့ ဥတုတရားကို စောင့်ရှောက်လေ" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

# CONGRATULATIONS

Yangon Waterboom
SHU KHIN THAR

UMG Group of Companies ၏ Company ခွဲဖြစ်သော Media One Company မှ မြန်မာနိုင်ငံ၏ ပထမဆုံးသော Yangon Waterboom ကြီးအား 28 .2 .2016 ရက်တွင် ရှုခင်းသာအပန်းဖြေကစားကွင်း၌ ဖွင့်လှစ်နိုင်ခြင်းကို အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း . . . . .

ဦးနေမျိုးနိုင် + ဒေါ်အေးအေးလတ်
ချမ်းသာရွှေမြေကုမ္ပဏီလီမိတက်

---



၁၂ နာရီလျှင် ပိဿာ(၃၀)ဝင် ပဲခြောက်အိတ် (၁၅)အိတ်ကြော်နိုင်သော
နှစ်ပြန်ကြော်မီးဖိုအိုး

မီးဖိုအိုး ပြုလုပ်လိုလျှင် ဆက်သွယ်ရန်
၀၉ ၅၀၂၇၆၁၈၊ ၀၉ ၇၈၆၂၉၁၄၀၂
ဦးတင်ဦး အင်ဂျင်နီယာလုပ်ငန်း
E-mail:utinooengg@gmail.com


## အများသိစေရန်အသိပေးကြေညာခြင်း

"ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၃)၊ ယင်းမာပင်လမ်း၊ မြေကွက်အမှတ်(၁၇၇/၂)၊ အကျယ်အဝန်းပေ(၃၀ × ၅၇)၊ (၀. ၀၃၉) ဧကရှိ ဦးကျော်ကျော်လွင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ကန်ထရိုက်တာ ဦးဝင်းမြတ်ထွန်း(အိပ်မက် တစ်ထောင်ဆောက်လုပ်ရေး)မှ တာဝန်ယူဆောက်လုပ်သည့် (၂)ခန်းတွဲ (၆)ထပ်တိုက် **(RC)** တိုက်သစ်အဆောက်အအုံ၏ အကျယ်အဝန်းပေ(၁၄ × ၅၁)ရှိ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ ပါဝင်သော ပဉ္စမထပ်(ဝဲ) တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"ကို ဦးဝင်းမြတ်ထွန်း[၁၂/ဒပန(နိုင်)၀၄၂၉၉၄]မှ ကန်ထရိုက်တာတစ်ဦးအနေဖြင့် တရားဝင် အကျိုးခံစားခွင့်ရရှိမည့်တိုက်ခန်းဖြစ်ကြောင်း လွတ်လပ် စွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း ဖွင့်ဟဝန်ခံပြောဆိုချက်အရ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် "၂၃-၂-၂၀၁၆ ရက်စွဲပါ ကြိုပွဲငွေ့စနစ်ဖြင့် တိုက်ခန်းအပြီးပိုင် အရောင်း အဝယ်ကတိစာချုပ်"ကို ချုပ်ဆို၍ဝယ်ယူရန် သဘောတူညီခဲ့ပြီး အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်းတန်ဖိုးငွေများကို အပြေအကျေပေးချေပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဥ္ဇာမောင်**(LL.B, D.B.L)** အထက်တန်းရှေ့နေ၊ စဉ်-၃၈၁၃၂
အမှတ်(၁၀၅)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၄၉၃၁၂၉၀၈၊ ၀၉-၇၃၁၆၅၂၂၀

## ကျောင်းသားသစ်ခေါ်ယူခြင်း

The State University of New York, Korea က မြန်မာတက္ကသိုလ် ကျောင်းသားနှစ်ယောက် ပညာသင်ဆုအပြည့်ဖြင့် ခေါ်ယူပညာသင်ကြားပေးလိုပါသည်။ အဆိုပါ ကျောင်းသားနှစ်ယောက်အတွက် ပထမနှစ်၊ ဒုတိယနှစ်သင်တန်းကို ကိုရီးယားနိုင်ငံရှိ The State University of New York မှာ ပညာသင်ယူရမည်ဖြစ်ပြီး တတိယနှစ်သင်တန်း ကို အမေရိကန် New York ပြည်နယ်ရှိ Stony Brookတက္ကသိုလ်တွင် တစ်နှစ်တာသင် ယူရမည်ဖြစ်သည်။ နောက်ဆုံးနှစ်ကို ကိုရီးယားရှိ အဆိုပါတက္ကသိုလ်မှာပင် သင်ယူရမည်ဖြစ်သည်။ ၄ နှစ်တာအတွက် စရိတ် Tuition - Program fees - Room - books - Transportation & Personal Expense တို့ကို အပြည့်အဝ ထောက်ပံ့ပေးမည်ဖြစ်သည်။

Mechanical Engineering ဘွဲ့အတွက် သင်ကြားပေးမှာဖြစ်ပါသည်။ သတ်မှတ် အရည်အချင်းမှာ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို အဆင့် ၁ မှ အဆင့်၁၀၀ အတွင်း ရှိသူကို ဦးစားပေး ရွေးချယ်ပါမည်။ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်ရမည်။ တက် ရောက်သင်ကြားလိုသူများကို လူတွေ့ တွေ့ဆုံမေးမြန်းမှုကို ဆောင်ရွက်မည်ဖြစ်ပါသည်။ တွေ့ဆုံ မေးမြန်းမှုကို အဆိုပါတက္ကသိုလ်မှ Directors တွေကိုယ်တိုင် လာရောက်တွေ့ဆုံမေးမြန်းမည် ဖြစ်ပြီး လိုအပ်သည့်စာရွက်စာတမ်း အပြည့်အစုံမှာ (၁) မှတ်ပုံတင်၊ (၂) ဆယ်တန်းအမှတ်စာရင်း၊ (၃) ကိုယ်ရေးမှတ်တမ်းအကျဉ်း။ လူတွေ့စစ်ဆေးမှုကို -

ရက်စွဲ - ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက် (အင်္ဂါနေ့)
အချိန် - ညနေ ၄း၀၀ နာရီ
နေရာ - Korea Center,အမှတ် (၁၂၆)၊ နှင်းသစ္စာလမ်းနှင့် နှင်းပန်းလမ်းထောင့်၊ Snow Garden Hoursing ၊သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်ရပါမည်။
ဆက်သွယ်ရန် - NAMIN Co., Ltd. K 201, Myanmar Plaza Shopping Mall.
Supported by Korea No.1 Brand, Songwol Towel, Vita 500, Energy Drink, Korea Jinseang.

မေးမြန်းစုံစမ်းလိုပါက -
ဖုန်း-၀၉-၉၇၇၉၀၇၉၀၈၊ ၀၉-၄၂၀၀၂၇၇၃၉၊ ၀၉-၂၅၄၅၁၃၂၂၄၊ ၀၉-၉၇၇၀၅၉၃၃၈
တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။


Sweet Angel
Nail Art & Beauty Training School
အမှတ်(ဂ၁)၊ ဒုတိယထပ်၊ မင်းလမ်း၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။
Ph : 09 - 33546597, 09 - 5107347
အခမဲ့ပညာဒါနသင်တန်းများ

| ဘာသာရပ် | ပစ္စည်းဖိုး | သင်တန်းကာလ |
|---|---|---|
| ဆံပင်ညှပ် | 80,000 | 2 Months |
| မိတ်ကပ် | 80,000 | 1 Month |
| ဆံထုံး | 60,000 | 1 Month |
| လျှော်/သစ်/ဖြောင့် | 60,000 | 1 Month |
| လက်သည်းပုံဖော်ပန်းချီ | 50,000 | 1 Month |

❖ သင်တန်းချိန် စုံစမ်းနိုင်ပါသည်။


## အာရှတော်ဝင်ဆေးရုံ

အမှတ်(၁၄)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
လူ့စွမ်းအားအရင်းအမြစ်ဌာန
ဖုန်း-၀၁-၅၃၈၀၅၅၊ ၀၁-၂၃၀၄၉၉၉(လိုင်းခွဲ-၁၉၂၁-၁၉၁၈)

### ပြည်တွင်း၌သာခန့်ထားရန်

1. **Nurse**(သူနာပြု) (ကျား/မ)
   - B.N.Sc(or)Diploma in Nursing
   - Nursing Care,Nursing Procedure များကျွမ်းကျင်သူဖြစ်ရမည်။
   - ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ပြေပြစ်ရမည်။
   - တစ်လလျှင် အလုပ်ချိန်-၂၁၆နာရီ
   - နေ့/ညဂျူတီဆင်းရမည်။

II. **Medical Technologist** (ကျား/မ)
   - (B. Med. Tech) Laboratory ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

လျှောက်ထားလိုသူများသည်
လျှောက်လွှာနှင့်အတူအောက်ပါစာရွက်စာတမ်းများပါ ပူးတွဲတင်ပြရမည်။
(၁) သက်ဆိုင်ရာဘွဲ့၊ လိုင်စင်(Update)မိတ္တူ
(၂) မကြာသေးမီကရိုက်ကူးထားသည့်ရောင်စုံဓာတ်ပုံနှစ်ပုံ
(သူနာပြုများအတွက် သူနာပြုဝတ်စုံဖြင့် ရိုက်ထားသော ရောင်စုံဓာတ်ပုံနှစ်ပုံ)
(၃) မှတ်ပုံတင်မိတ္တူတို့ဖြင့် အာရှတော်ဝင်ဆေးရုံ၏ လူ့စွမ်းအားအရင်းအမြစ်ဌာနသို့ ၃၁-၃-၂၀၁၆ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

အာရှတော်ဝင်ဆေးရုံ
လူ့စွမ်းအားအရင်းအမြစ်ဌာန





ကားမောင်းသင်ပေးသည်
အိမ်စီးကားများကို မောင်းနိုင်ရန်
သင်ပေးပါသည်။
ဖုန်း-၀၉-၄၂၁၀၇၁၁၅၉

ခွေးရောင်းမည်
Golden Retriever - ၂-လ
Alsation - ၂-လ
Shih Tzu - ၂-လ
နိုင်ငံခြားခွေးမျိုးစုံ အော်ဒါမှာယူနိုင်ပါသည်။
**HP-09-420267148**

## ဈေးပြိုင်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၏သတင်းစာ ပုံနှိပ်လုပ်ငန်း ဘေးထွက်ပစ္စည်း(၄)မျိုးအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ဈေးပြိုင်လေလံလျှောက်လွှာပုံစံနှင့်လေလံစည်းကမ်းများကို ၂-၃-၂၀၁၆ ရက်မှ ၆-၃-၂၀၁၆ ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ ဈေးပြိုင်လေလံလျှောက်လွှာပုံစံများကို ၆-၃-၂၀၁၆ရက် ၁၆း၀၀နာရီမတိုင်မီ ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေးရှိ လေလံအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော ဈေးပြိုင်လေလံလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ ၇-၃-၂၀၁၆ရက် ၁၃း၀၀နာရီတွင် ဈေးပြိုင်လေလံဖွင့်လှစ်မည်ဖြစ်ပါသည်။

၅။ အဆိုပါ ဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက် ပစ္စည်းမျက်မြင်အခြေအနေ ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း၀၂-၃၂၇၂၉၊ ၀၂-၃၂၅၅၀သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးပြိုင်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

## ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာ
## ယဉ်ကျေးလိမ္မာ ကလေးကမ္ဘာ (၈)ရက် တရားစခန်းပွဲ
## ၅-၃-၂၀၁၆ရက်မှ ၁၂-၃-၂၀၁၆ရက်အထိ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၁)ကျောင်းတိုက်၊ ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတိုက်တွင် "ယဉ်ကျေးလိမ္မာကလေးကမ္ဘာ" (၈)ရက်အထူးတရားစခန်းပွဲကို ၅-၃-၂၀၁၆ရက်မှ ၁၂-၃-၂၀၁၆ရက်အထိ ဓမ္မကထိကဗဟုဇနဟိတဓရ၊ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ပြည်တွင်း ပြည်ပ သာသနပြု 'ရွှေမြင့်မိုရ်ဆရာတော် အရှင်သောဘဏ(ပိဋကတစ်ပုံအောင်)'နှင့် ဒေါက်တာကိတ္တိသာရ၊ ဒေါက်တာအာသဘ၊ စာရေးဆရာကြီး(စည်သူ)လယ်တွင်းသား ဦးစောချစ်တို့မှ အသက်(၁၁)နှစ်မှ (၁၄)နှစ်၊ အလယ်တန်းအဆင့်(၅/၆/၇)တန်း ဖြေဆိုပြီး ကလေးသူငယ်(ကျား/မ) (၂၀၀)ဦးတို့အား လက်ခံကျင်းပ ပြုလုပ်ပေးမည် ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်လိုသူများသည် ၂၈-၂-၂၀၁၆ရက်နှင့် ၂၉-၂-၂၀၁၆ ရက် နံနက် ၈း၀၀နာရီမှ ညနေ ၄း၀၀နာရီအတွင်း ကလေးကိုယ်တိုင် လာရောက်စာရင်းပေးသွင်းရပါမည်။

အရုဏ်ဆွမ်း(၁၅၀၀၀၀ိ/-)၊ နေ့ဆွမ်း(၂၅၀၀၀၀ိ/-)၊ အချိုပွဲ(၁၀၀၀၀၀ိ/-)၊ ညနေအာဟာရ(၁၀၀၀၀၀ိ/-)တို့ကို ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ပါသည်။

ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့ ဖုန်း ၀၉-၅၀၅၀၀၁၀၊ ၀၉-၅၀၀၉၄၃၃၊ ၀၉-၂၅၀၀၂၁၄၃၄

## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့၏ ၂၇-၂-၂၀၁၆ရက်(စနေနေ့) Panda Hotel, Ruby Hall ပတ္တမြားခန်းမ၌ ပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးခဲ့ပါသော မိဘဆွေမျိုးများနှင့် သူငယ်ချင်းမိတ်ဆွေသင်္ဂဟအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

မောင်ဟိန်းဝင့်ဇော်-မခြူးမျက်ခြယ်လွင်

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးစိန်ထွန်း-ဒေါ်လှလှကြွယ်တို့၏သား
**Capt.**အောင်ကျော်ထွန်း
(Master Mariner-MPA S'pore)
A Pan Ocean Line Co.,Ltd
နှင့်
ရန်ကုန်မြို့နေ (ဦးခင်စိုး)-ဒေါ်သန်းမြတို့၏သမီး
မစန္ဒာမြင့်(လက်ထောက်ညွှန်ကြားရေးမှူး)
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

တို့သည် ၁၂-၂-၂၀၁၆ရက်(ပြည်ထောင်စုနေ့)တွင် နှစ်ဖက်သော မိဘလူကြီးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
Capt.အောင်ကျော်ထွန်း-မစန္ဒာမြင့်

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူ ပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၉-၂-၂၀၁၆ ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၃-၃-၂၀၁၆ ရက်

၄။ တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

## စစ်တွေမြို့နယ်အသင်း(ရန်ကုန်)
## နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ
## အခမ်းအနားဖိတ်ကြားခြင်း

ဖော်ပြပါ အခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်။ နာယကများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသူ/သားများနှင့် စာရင်းပေးထားသော ပညာရည်ချွန် ကျောင်းသား/သူများ၊ မိဘအုပ်ထိန်းသူများနှင့်အတူ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) (တောင်သူလယ်သမားနေ့)
အချိန် - မွန်းလွဲ ၁၂း၃၀နာရီ
နေရာ - ရခိုင်ပြည်နယ်ဓမ္မာရုံ၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အလုပ်အမှုဆောင်အဖွဲ့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရေနံမီးသွေးများ လွတ်လပ်စွာဝယ်ယူနိုင်ကြောင်း ကြေညာခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့၊ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှထုတ်လုပ်သော ရေနံမီးသွေးများကို မက်ထရစ်တန်တစ်တန်လျှင် ၂၅၀၀၀၀ိ/-(ကျပ်နှစ်သိန်းငါးသောင်းတိတိ)နှုန်းဖြင့် ၁-၃-၂၀၁၆ရက်မှစ၍ ရေနံမီးသွေး အသုံးပြုသောလုပ်ငန်းများသို့ လွတ်လပ်စွာဖြန့်ဖြူးရောင်းချပေးမည်ဖြစ်၍ စက်ရုံသို့ တိုက်ရိုက်ဆက်သွယ် ငွေပေးသွင်းဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များကို မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၄၁၁၀၉၃၊ ၀၉-၉၇၇၂၅၉၁၀၈သို့ နေ့စဉ် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ အနောက်ပိုင်းတက္ကသိုလ်တွင်ပညာသင်ကြားနေသော မနီလာသန်း[၁၂/အစန(နိုင်)၁၂၃၆၀၆၄]နှင့် မောင်နေလင်းသန်း[၁၂/အစန(နိုင်)၂၃၈၆၂၀]တို့၏ ဖခင် ဦးကျော်သန်းနှင့် ဦးမာမက်အိစ်မိုင်[၁၀/ကမရ(နိုင်)၁၀၇၃၀၃၈]သည်တစ်ဦးတည်းဖြစ်ပြီး မိခင် ဒေါ်အေးအေးမာနှင့် ဒေါ်ဟာလီမာ[၁၀/ကမရ(နိုင်)၁၀၅၆၅၁၉] သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်သန်းနှင့် ဦးမာမက် အိစ်မိုင်-ဒေါ်အေးအေးမာနှင့် ဒေါ်ဟာလီမာ

သချာၤ ဦးအောင်သောင်း ကြီးကြပ်အုပ်ချုပ်သော
UAT (Maths Enrichment Classes)
(၁)တန်းမှ (၈)တန်းအထိ သချာၤသင်တန်းများ
ခြံအမှတ်(၂)မြစ်ဗယ်လမ်းသွယ်၊ ပါရမီရိပ်သာ၊ (ချော်တွင်းတုန်း)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
Ph - 01 664389, 09 73049154, 09 5192923, 09 260206305



## ကြော်ငြာ


ဦးဇင်မင်းလတ်[B.E(Electronic), Project Engineer, Singapore]. ဒေါ်သက်သက်ခိုင် [D.H.E(UK), P.G.D.B.A(Singapore), P.G.D.G.E (Yangon University)B.Sc(Chem) တို့ ဦးစီးတည်ထောင်သော....

# Future Bright Star
## Education Centre

၉-၁၀ (တက္ကသိုလ်ဝင်တန်း)အဆင့်မြင့်သီးသန့်စာသင်/စာကျက်ဝိုင်းများ




မိန်းကလေး / ယောကျ်ားလေး အဆင့်မြင့်သီးသန့်ထူးချွန်ဘော်ဒါ

၂၀၁၆ – ၂၀၁၇ အတွက် မတ်လ (၁၂) ရက်နေ့ အတန်းသစ်စမည်။

No. 204, 7A, နီလာ Condo, မိုလ်မြတ်ထွန်းလမ်း(အလယ်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ 09 51 12518,09 26 456 7498.

(၁) ကျောင်းသား / သူတစ်ဦးချင်းစီ၏အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်မှန်သမျှကိုအသေးစိတ်စိစစ်ကာ ထူးချွန်ပြောင်မြောက်သော အောင်မြင်မှုများကို ဂုဏ်သိက္ခာရှိသောတာဝန်ယူမှုအပြည့်ဖြင့် လေ့ကျင့်ပျိုးထောင်ပေးခြင်း။

(၂) စည်းကမ်း၊ စေတနာ၊ ပညာရည်ပြည့်ဝ၊ ဝါရင့်၊ သမ္မာရင့်၊ တာဝန်ယူမှုအပြည့်ရှိသောဆရာကောင်းတို့စုစည်းထားခြင်း။

(၃) ကျောင်းသား / သူ များမိမိကိုယ်ကို ယုံကြည်မှုခိုင်မာစေရန် (၃)နာရီမေးခွန်းများကို အနည်းဆုံး(၇)ကြိမ်စစ်ဆေးပေး၍ Chapter End Test များကိုလစဉ်စစ်ဆေးပေးခြင်း။

(၄) တစ်ဘာသာကို Guide တစ်ဦးချင်းစီဖြင့် လိုအပ်ချက်မှန်သမျှပြည့်စုံအောင် အကောင်းဆုံးပြည့်ဆည်းပေးမှုတို့ဖြင့်အားလုံး၏ လိုအပ်ချက်များကို စည်းကမ်း၊ စနစ် တကျသေသပ်သောလေ့ကျင့်ပျိုးထောင်ခြင်းတို့ဖြင့် ....



### Pandora Education Service

မတ်(၇)ရက် ဖွင့်မည်။

(၈)တန်း၊ (၁၀)တန်း ကျောင်းသား/ကျောင်းသူများ အတွက် အထူးသီးသန့် စာသင်ဝိုင်း
နေ့ရာသီကျောင်းပိတ်ရက် အင်္ဂလိပ် ၊ သင်္ချာ (၃)လပြတ်သင်တန်း
ကျွမ်းကျင် ဆရာ/ဆရာမ များကိုယ်တိုင်ဦးစီးသင်ကြားပေးတာနော်..
လူဦးရေ အကန့်သတ်ရှိတာမို့ အမြန်ဆုံးအပ်နှံပေးကြဖို့ မမေ့နဲ့နော်......
အသေးစိတ်မေးမြန်းလိုပါက : ၀၉-၄၂၀၂၀၃၄၃၊ ၀၉-၈၆၀၉၄၅၈၈၈
သင်တန်းလိပ်စာ : အမှတ်(၉၃)၊ ပထမထပ်၊ ဒဂုံသီရိလမ်း၊ တာမွေမြို့နယ်



၂၀၁၆-၂၀၁၇ ပညာသင်နှစ်

ဆရာ ဦးရည်ဆန်းမွန် M.A (English), Dip ELTM

၉တန်း၊ ၁၀တန်း

HOME VISIT ENGLISH
အင်္ဂလိပ်စာအိမ်ဝိုင်း

လက်ခံပြီ

01-646874, 09-5084486, 09-420143796



အစိုးရတရားဝင် ကိုရီးယားအလုပ်ဝင် Professional
ကျွမ်းကျင်သင်တန်းကျောင်း Better Tomorrow

SEOUL - Korea Language School
EPS - TOPIK

(ကိုရီးယားဘာသာစကားအရည်အချင်းစစ် စာမေးပွဲ)
ပညာအရည်အချင်းမလိုဘဲ သင်လည်း ကိုရီးယားမှာ ပိုက်ဆံရှာဖို့ သွားကြစို့။

- လစာ (၁၈)သိန်းဝန်းကျင် ရရှိသော အာမခံချက်
- မြန်မာစကား ကျွမ်းကျင်စွာပြောနိုင်သော ကိုရီးယားလူမျိုး ဆရာ KIM ကိုယ်တိုင်ရဲ့ သင်ကြားပို့ချချက်များ
- ကိုရီးယားဘာသာစကားကို လုံးဝမတတ်သူများအတွက် အခြေခံမှစ၍ စာမေးပွဲအောင်မြင်သည်အထိ တာဝန်ယူ သင်ကြားပေးနေပါသည်။

တန်းခွဲသစ်များ: ၁၅-၃-၂၀၁၆ ရက် နောက်ဆုံး ထား၍ လက်ခံပေးနေပါသည်။
(သင်တန်းကာလ (၅)လ) "တွေဝေမနေဘဲအရင်ဆုံးဖုန်းဆက်ပြီး တိုင်ပင်ဆွေးနွေးကြည့်ပါ။"

လိပ်စာ – အမှတ် (B/30)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊
ဖုန်း – 01-512804, 09-30093592, 09-795832100, 09-32928585.
ပူစွန်တောင် – 01-397502, 09-5150582



ဘယ်ကျောင်းမှာတက်တက် ဘယ်ဝိုင်းမှာပဲသင်သင် " ဓာတုဗေဒ"ဂုဏ်ထူးနဲ့ပတ်သက်ရင်
"ဆရာညီညီ နဲ့သင်ထားမှ စိတ်ချယုံကြည်ရပါတယ်" . . . ဆိုတဲ့
မိဘများ ကျောင်းသား ကျောင်းသူများအတွက် . . .
"နွေ"(၃)လပြတ် တက်ရောက်သူတိုင်း"ဂုဏ်ထူးသရဖူ"ဆောင်းခဲ့ကြတာ
"ဓာတုသရဖူ"ရဲ့အစဉ်အလာ

ဆရာညီညီ
ဓာတုဗေဒသီးသန့်
"နွေ"(၃)လပြတ်သင်တန်း
(မတ်၊ဧပြီ၊မေ)မတ်လဆန်းစမည်။
(ကျောင်းအပ်လက်ခံပြီ) ကန့်သတ်(၃၀)ဦးသာ
(နေရာသေချာစေရန်ကြိုအပ်ဖို့လိုအပ်သည်)

ဆရာညီညီ ကိုယ်တိုင်သင်ကြားစီစဉ်သည်။
မြင့်မားသည့်ရမှတ်များနှင့်
ရည်မှန်းသွက်လက် ထူးချွန် ထက်မြက်သူတို့ စုဝေးရာ
ကျောင်းမဟာ

မေခ

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက်
ဘာသာစုံစာသင်ဝိုင်းများ
GRADE 11 ၁၀တန်း(တက္ကသိုလ်ဝင်တန်း) GRADE 10 ၉ တန်း
မတ်လဆန်းစမယ်
'ဝိုင်း'ကြိုအပ်လက်ခံပြီ

H-2 မေခလမ်း၊ မေခအိမ်ယာ၊ သဃ်န်းကျွန်းမြို့နယ်။ ဖုန်း - ၀၁ - ၅၇၃၄၀၁၊ ၀၉ - ၅၁၄၃၁၁၆၊ ၀၉ - ၅၄၀၆၅၄၆



Since 1986
KMD Institute
ISO

မြန်မာနိုင်ငံတွင် နှစ်ပေါင်း (၃၀)တိုင်တိုင် အောင်မြင်စွာရပ်တည်နေသော
KMD တွင် လူကြီးမင်းတို့၏ သားသမီး အနာဂတ်ဘဝကိုအပ်နှံလိုက်ပါ။

KMD Institute တွင် နိုင်ငံတကာ အသိအမှတ်ပြု ဒီပလိုမာနှင့်ဒီဂရီသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျှက်ရှိရာ UK နိုင်ငံမှပေးအပ်ချီးမြှင့်သည့်
တစ်ကမ္ဘာလုံးအမှတ်အများဆုံးဆုရှင် (၃၂)ဦး၊ အာရှဒေသတွင်းအမှတ်အများဆုံးဆုရှင် (၃၄)ဦး
ဘက်စုံထူးချွန်ဆုရှင်(၃)ဦးနှင့် ဘာသာရပ်ထူးချွန်ဆုရှင် (၂၅၉)ဦး ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး
နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာ နှင့် ဒီဂရီရရှိသူပေါင်း (၈၀၀၀)ကျော်ခဲ့ပြီဖြစ်ပါသည်။

NCC education
SQA
UNIVERSITY of GREENWICH

- B.Sc (Hons) Business IT
- Second Year Computing Diploma
- First Year Computing Diploma
- SQA/ Higher National Diploma




KMD (Myaynigone): 331, Pyay Road, Myaynigone, Sanchaung Township, Yangon.
01- 381776, 381035, 502233, 527436, 220555, 700895 www.facebook.com/kmdncc

Enroll Now

Hot Line No-0930500100

# စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်လုံခြုံရေးနဲ့ စွမ်းအင်ဖူလုံရေးအတွက် အဓိကကျတဲ့ထုတ်ကုန်တွေကလွဲပြီး ကျန်တာတွေကို ပုဂ္ဂလိကကို လွှဲပြောင်းပေးခဲ့ပါတယ်

**စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဖေဇင်ထွန်းနှင့် တွေ့ဆုံမေးမြန်းခြင်း**

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

၂၀၁၀ခုနှစ်မတိုင်မီက နိုင်ငံတော်အတွင်း စက်သုံးဆီအရောင်းဆိုင် ၂၇၃ ဆိုင်သာရှိခဲ့ပြီး တရားမဝင်ရောင်းဝယ်သည့် စက်သုံးဆီဈေးကွက်မှာ အလွန်ကျယ်ပြန့်ခဲ့ဖူးသည်။ ၂၀၁၀ နောက်ပိုင်းတွင် နိုင်ငံပိုင်စက်သုံးဆီဆိုင်များ အနက် ၂၆၁ ဆိုင်ကို ငွေကြေးအားဖြင့် ခိုင်မာစိတ်ချရပြီး စက်သုံးဆီတင်သွင်း ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းကို လုပ်ကိုင်နိုင်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်အဖွဲ့ အစည်း ၃၆ ခုသို့ လွှဲပြောင်းခဲ့သည်။ ၂၀၁၀ ခုနှစ်ဇွန်လမှစတင်ကာ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များက စက်သုံးဆီလွတ်လပ်စွာတင်သွင်းဖြန့်ဖြူးရောင်း ချခွင့်ရရှိခဲ့ပြီး ယခုအခါ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်ပေါင်း ၁၇၇၈ ဆိုင် အထိ များပြားလာခဲ့ပြီဖြစ်သည်။ နိုင်ငံပိုင် စက်သုံးဆီဆိုင် မူလ ၂၇၃ ဆိုင်အနက် ပုဂ္ဂလိကလုပ်ကိုင်ခွင့်ရသည့်ဆိုင်များကို ထုတ်နုတ်ကြည့်သည့်အခါ နိုင်ငံပိုင် စက်သုံးဆီအရောင်းဆိုင် ၁၂ ဆိုင်ခန့် ကျန်ရှိနေပြီး ယင်းဆိုင် ၁၂ ဆိုင်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အစိုးရအဖွဲ့အစည်းများနှင့် ဌာန ဆိုင်ရာများသို့ စက်သုံးဆီများကို စဉ်ဆက်မပြတ် ရောင်းချပေးလျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

စွမ်းအင်ကဏ္ဍသည် နိုင်ငံ၏ အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်သည့်အပြင် နိုင်ငံမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့အပါအဝင် အခြားလောင်စာများကို ပြည်ပသို့ ထုတ်နုတ်ရောင်းချသကဲ့သို့ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖**



ရန်ကုန်မြစ်ဝ စက်သုံးဆီတင်သွင်းသိုလှောင်သည့် ကုမ္ပဏီပိုင် ဆိပ်ကမ်းတစ်နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ-စွမ်းအင်)

# ကော်ဖီနဲ့အတူယှဉ်တွဲပြီး စိုက်ပျိုးရမယ့်အရိပ်ရပင်တွေ ရှင်သန်လာရင် သစ်တောတွေ အမြန်ဆုံးပြန်လည်ဖုံးလွှမ်းလာမယ်

**ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်နှင့် တွေ့ဆုံမေးမြန်းခြင်း**

**ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ရေဝေရေလဲဒေသ သဘာဝသစ်တောကြားခံဇုန် မြေပြင်ဆင်နေမှုနှင့်ပတ်သက်၍ ပြည်သူများသိရှိနိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မြင့်အား သွားရောက်တွေ့ဆုံ၍ မေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည် -**

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪



**အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆက်စပ် ဦးချစ်မောင်လမ်း၊ ဗညားဒလလမ်းတို့အား ဝိုင်ပုံသဏ္ဌာန်ခုံးကျော်တံတား တည်ဆောက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၆ ရက်က ပြီးစီးမှုအခြေအနေများကို မြင်တွေ့ရစဉ်။** (၁၉၇)

## ထူးခြားမြစ်ရေအခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဖေဖော်ဝါရီ ၂၇ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ငါးရက်အတွင်း ရှစ်ပေခွဲခန့်၊ ဗန်းမော်မြို့တွင် သုံးရက်အတွင်း လေးပေခွဲခန့်နှင့် ကသာမြို့တွင် နှစ်ရက် အတွင်း သုံးပေခွဲခန့်ကျဆင်းခဲ့ပြီးဖြစ်သည်။ အဆိုပါမြစ်ရေသည် မန္တလေး မြို့တွင် နှစ်ရက်အတွင်း ငါးပေခွဲခန့်နှင့် စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် တစ်ရက်အတွင်း သုံးပေမှ ငါးပေခန့်မြင့်တက်ခဲ့သည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သောမြစ်ရေများသည် နောက်တစ်ရက်မှ သုံးရက်အတွင်း မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ မြင်းမူမြို့တွင် သုံးပေခန့်နှင့် ပခုက္ကူမြို့နှင့် ညောင်ဦးမြို့ တို့တွင် ငါးပေမှ ခြောက်ပေခန့်နှင့် နောက်နှစ်ရက်မှ ခုနစ်ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ငါးပေခန့် လက်ရှိရေမှတ်များ အထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြမည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေ ရုတ်တရက် တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**







themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ The Mirror
တနင်္ဂနွေအထူးထုတ်
SUNDAY SPECIAL
2016 FEBRUARY 28, SUNDAY

# ငြိမ်းချမ်းသာယာမှုနှင့်အတူ ယှဉ်တွဲဖြစ်ထွန်းလာသည့် ခရီးသွားလုပ်ငန်း

သတင်းဆောင်းပါး - Santino (Tourism)



ပင်းတယမြို့နယ်တွင် တွေ့မြင်ရသည့် သဘာဝအလှစိုက်ခင်းများ။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ခရီးသွားလုပ်ငန်းသည် အရေးပါသော အခန်းကဏ္ဍတစ်ခုအဖြစ်ပါဝင်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ခရီးသွားလုပ်ငန်းမှတစ်ဆင့် တိုင်းပြည်၏ GDP တိုးတက်မြင့်မားစေမှု၊ ဆင့်ပွားရလဒ်များအဖြစ် နိုင်ငံခြားဝင်ငွေရရှိစေခြင်း၊ တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိမှု၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေမှု၊ ဒေသဖွံ့ဖြိုးတိုးတက်စေမှု၊ လူတန်းစားအလွှာ အသီးသီးသို့ ပျံ့နှံ့စိမ့်ဝင်၍ အကျိုးဖြစ်ထွန်းစေမှုအစရှိသည့် ဆင့်ပွားအကျိုးသက်ရောက်မှုများစွာဖြင့် တိုင်းပြည်ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် အရင်းများစွာ ရင်းနှီးမှုမပြုလုပ်ရဘဲ အကျိုးအမြတ်များစွာရရှိနိုင်သော အရင်းအမြစ်တစ်ခုဖြစ်သောကြောင့် ဖြစ်ပါသည်။ သို့ကြောင့်ပင် ကမ္ဘာတစ်ဝန်းရှိ တတ်သိပညာရှင်များက မီးခိုးမထွက်သော စက်ရုံ (Smokeless Industry (or) Industry without a Chimney) ဟု ခရီးသွားလုပ်ငန်းကဏ္ဍအား တင်စားအမိပ္ပာယ်ဖွင့်ဆိုခဲ့ကြခြင်းဖြစ်ပါသည်။

အထူးသဖြင့် ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရန် နိုင်ငံခြားဝင်ငွေရှာဖွေပေးနိုင်သော အဓိကအထောက်အကူပြုကဏ္ဍတစ်ရပ်ဖြစ်သည့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်လာကြကြောင်း လက်ရှိမျက်မှောက်ခေတ် ခရီးသွားလုပ်ငန်းကဏ္ဍအား လေ့လာကြည့်ပါက အလွယ်တကူ သိရှိနိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့ အကျိုးကျေးဇူးများရရှိနိုင်သည့် ခရီးသွားလုပ်ငန်းကဏ္ဍအရှိန်အဟုန်ဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အခြေခံအကျဆုံး ဦးစားပေး စဉ်းစားသုံးသပ်ရမည်မှာ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ လုံခြုံမှုရှိစေရေးနှင့် လမ်းပန်းဆက်သွယ်မှုချောမွေ့စေရေးပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝပြီး စိမ်းလန်းသည့် တောတောင်ရေမြေ သဘာဝအရင်းအမြစ်များ ပြည့်စုံလှသဖြင့် လေ့လာလည်ပတ်ကြည့်ရှုစရာနေရာများ ပေါများလှပါသည်။ တောင်နှင့်မြောက် သွယ်တန်းလျက်ရှိသည့် တောင်တန်းကြီးများ၊ အလျင်မပြတ်စီးဆင်းနေသော မြစ်ချောင်းကြီးများ၊ လျှိုမြောင်စိမ့်စမ်း ရေတံခွန်များ၊ ဆီးနှင်းများ တစ်နှစ်ပတ်လုံးဖုံးလွှမ်းလျက်ရှိသည့် မြင့်မားသော ရေခဲတောင်များ၊ စိမ်းညို့သော သစ်တောကြီးများ၊ စိမ်းလန်းသောဥယျာဉ်ကြီးများ၊ ရှားပါးတန်ဖိုးကြီး ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်ပင်ပန်းမန်များ ထိန်းသိမ်းထားရှိရာ Natural Park များနှင့် Wildlife Sanctuary များ၊ ထွန်းယက်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသော မြေယာများနှင့် ရွှေဝါရောင်စပါးခင်းများ၊ ရှေးရာစုနှစ်ပေါင်းများစွာကပင် ရှေးမူလက်ရာမပျက်တည်ရှိခဲ့သော စေတီ၊ ပုထိုး၊ ဘုရားကျောင်းကန်များနှင့် ဘာသာရေးအဆောက်အအုံများ၊ ရှေးနှစ်ပေါင်းများစွာကတည်းက ရိုးရာဓလေ့ကိုယ်ပိုင်ဟန်ဖြင့် ရပ်တည်နေထိုင်ခဲ့ကြသော တိုင်းရင်းသားလူမျိုးများ၊ မပျက်စီးသေးသော ပင်လယ်ကမ်းခြေအလှအပများနှင့် လူသူအရောက်အပေါက် နည်းလှစွာသော တောင်ဘက်ကမ်းရိုးတမ်းတစ်လျှောက်ရှိ ကျွန်းကြီးကျွန်းငယ်အသွယ်သွယ်တို့မှာ ကမ္ဘာအနှံ့ရှိ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို စဉ်ဆက်မပြတ် ဆွဲဆောင်လျက်ရှိသော မြန်မာ့အဖိုးတန် ရတနာများပင် ဖြစ်ပါသည်။

> **မပျက်စီးသေးသော ပင်လယ်ကမ်းခြေအလှအပများနှင့် လူသူအရောက်အပေါက် နည်းလှစွာသော တောင်ဘက်ကမ်းရိုးတန်းတစ်လျှောက်ရှိ ကျွန်းကြီးကျွန်းငယ်အသွယ်သွယ်တို့မှာ ကမ္ဘာအနှံ့ရှိ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကို စဉ်ဆက်မပြတ် ဆွဲဆောင်လျက်ရှိသော မြန်မာ့အဖိုးတန် ရတနာများပင်ဖြစ်။**

သို့ရာတွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီး ချိန်မှစ၍ ပေါ်ပေါက်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများကြောင့် နယ်စပ်ဒေသအများစုတွင် ဆယ်စုနှစ်ပေါင်းများစွာ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိခဲ့ခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အရေးကြီးကဏ္ဍများတွင် အစစအရာရာ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရပါသည်။ အဆိုပါ ဒေသများတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုများမှာ မတည်ငြိမ်သောဘဝ၊ စိုးရိမ်ထိတ်လန့်သော ဘဝတွင်သာ ဖြတ်သန်းနေထိုင်ရသူများအဖြစ် ဝမ်းနည်းဖွယ်ရာ တွေ့မြင်ရမည်ဖြစ်ပါသည်။

ဥပမာအားဖြင့် မြန်မာနိုင်ငံ၏ မြောက်ဖျားစွန်းအရပ်တွင်တည်ရှိသော ကချင်ပြည်နယ်သည် တစ်နှစ်ပတ်လုံး ဆီးနှင်းများဖုံးလွှမ်းလျက်ရှိသော တောင်များ၊ ဧရာဝတီမြစ်ဆုံအလှ၊ ရင်သပ်ရှုမောဖွယ်ရာ ကြိုးတံတားများ၊ မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်းတွင်း ရေချိုကန်ဖြစ်သော အင်းတော်ကြီး၊ လေ့လာရန်မကုန်နိုင်သည့် ဇီဝမျိုးစုံမျိုးကွဲမျိုးစိပ်များဖြင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ လေ့လာလည်ပတ်ရန် သင့်တော်သော်လည်း တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများကြောင့် ကမ္ဘာတစ်ဝန်းရှိ ခရီးသွားဧည့်သည်များ စိတ်ဝင်စားခဲ့သော်လည်း ပြည်ပခရီးသွားဧည့်သည်များ ထင်သလောက် လာရောက်လည်ပတ်နိုင်ခဲ့ခြင်းမရှိပါ။

အလားတူ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ စိမ်းညို့သော တောင်တန်းကြီးများ၊ မြေပေါ်မြေအောက် သဘာဝသယံဇာတပေါကြွယ်ဝသည့် စေတီ၊ ပုထိုး၊ ဘုရားကျောင်းကန်များနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာဓလေ့စရိုက်များ၊ နေထိုင်မှုပုံစံများကို လေ့လာလည်ပတ်၍ မကုန်ဆုံးနိုင်သည့် ရှမ်းပြည်နယ်တွင်လည်း အထက်ဖော်ပြပါ ပဋိပက္ခများကြောင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်နိုင်ရေးအတွက် တာဝန်ရှိသူများက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ မြန်မာနိုင်ငံ၏ လက်ရှိအနေအထားမှာ သမိုင်းစာမျက်နှာအသစ် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား နှစ်ဦးနှစ်ဖက် စေ့စပ်ညှိနှိုင်းသဘောတူညီမှုများအရ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုစာချုပ် လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခဲ့ခြင်းမှာ အနာဂတ်နိုင်ငံတော်အတွက် တည်ငြိမ်အေးချမ်းမှုရှိစွာဖြင့် ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်စေမည့် ထင်ရှားသော ပြယုဂ်တစ်ခု (သို့) သမိုင်းမှတ်တိုင်တစ်ခုပင် ဖြစ်ပါသည်။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှု ရလဒ်ကောင်းများအဖြစ် နေရာဒေသအတော်များများတွင် တည်ငြိမ်အေးချမ်းခြင်း၏ အသီးအပွင့်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် ရရှိခံစားနေကြရပြီးဖြစ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံဖြစ်သော လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရန် လမ်းတံတားများ တည်ဆောက်ပေးခြင်းဖြင့် ဒေသတစ်ခုမှတစ်ခုသို့ လွယ်ကူလျင်မြန်စွာ သွားလာနိုင်ခြင်းနှင့်အတူ စီးပွားရေးကဏ္ဍအတွက်လည်း ကုန်စည်စီးဆင်းမှုများ မြန်ဆန်ခြင်း၊ နိုင်ငံအတွင်း လုံခြုံစိတ်ချရမှုရှိခြင်းများကြောင့် ပြည်တွင်းခရီးသွား ဧည့်သည်များသာမက နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွား ဧည့်သည်များပင် လွတ်လပ်အေးချမ်းစွာဖြင့်

စာမျက်နှာ ၂ သို့ »»

# ကမ္ဘာလှည့်ခရီးသည်များ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ပြည်တွင်းအပျော်စီးသင်္ဘောများဖြင့် လည်ပတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၇**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ပြည်တွင်းသွား အပျော်စီးသင်္ဘောများဖြင့် ခရီးစဉ်များကို သွားရောက်လည်ပတ်လျက်ရှိပါသည်။

Royal Voyage Co.,Ltd. ၏ အစီအစဉ်ဖြင့် ဗြိတိန်နိုင်ငံသား ခြောက်ဦး၊ ဂျော်ဂျီယာ နိုင်ငံသားတစ်ဦး၊ ဂျာမဏီနိုင်ငံသားတစ်ဦးနှင့် ဩစတြေးလျနိုင်ငံသား နှစ်ဦး စုစုပေါင်း ၁၀ ဦးတို့သည် ဇန်နဝါရီ ၂၉ ရက် တွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ရောက်ရှိလာခဲ့ပြီး ဇန်နဝါရီ ၃၁ ရက်တွင် RV Kalay Pandaw ရေယာဉ်ဖြင့် မန္တလေး- မုံရွာ- ဖိုလ်ဝင်တောင်- မုံရွာ- ရွှေစာရေး- ကနီ- မောက်ကတော်- ကန်ရွာ- ကြည်တောင်ဦး- မင်းကင်း- ကလေးဝ- ဂဇက်ရွာ- မစိန်ရွာ- မော်လိုက်- ပျားစွဲဆင်စခန်း ခရီးစဉ် ဒေသများသို့ သွားရောက်လည်ပတ်ခဲ့ပြီးနောက် ဖေဖော်ဝါရီ ၇ ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ပြည်ပသို့ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

ထို့အတူ Royal Voyage Co.,Ltd. ၏ အစီအစဉ်ဖြင့်ပင် ဆွစ်ဇာလန်နိုင်ငံသား လေးဦး၊ အမေရိကန်နိုင်ငံသားနှစ်ဦး၊ ဗြိတိန်နိုင်ငံသားလေးဦး စုစုပေါင်း ၁၀ ဦးတို့သည် ဖေဖော်ဝါရီ ၅ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှတစ်ဆင့် ရောက်ရှိလာခဲ့ပြီး ဖေဖော်ဝါရီ ၆ ရက်တွင် RV Kalay Pandaw ရေယာဉ်ဖြင့် ကလေး- ကလေးဝ-မော်လိုက်-ပျားစွဲဆင်စခန်း-မော်လိုက်-မစိန်ရွာ-ဂဇက်ရွာ- ကလေးဝ- မင်းကင်း- ကန်ရွာ- ကြည်တောင်ဦးရွာ-ကန်နီ-ကျောက်မှော်- မုံရွာ- ဖိုလ်ဝင်တောင်- မန္တလေးခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်တွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ပသို့ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။




ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအနေဖြင့် မြန်မာနိုင်ငံ၏ သဘာဝအလှအပရှုခင်းများ၊ လက်မှုပညာလုပ်ငန်းများ၊ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့စရိုက်နှင့်နေထိုင်မှုပုံစံများ၊ မြစ်ကြောင်းတစ်လျှောက် နေထိုင်ကြသော ဒေသခံများ၏ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေမှုများ၊ ယဉ်ကျေးပျူငှာ ရင်းနှီးဖော်ရွေမှုများကို စိတ်ဝင်စားလာကြသဖြင့် ကုန်းကြောင်း၊ လေကြောင်းခရီးစဉ်များသာမက ရေကြောင်းခရီးစဉ်များဖြစ်သည့် ဧရာဝတီမြစ်ကြောင်းနှင့် ချင်းတွင်းမြစ်ကြောင်းခရီးစဉ်များဖြင့် လည်ပတ်လေ့လာမှုများ တိုးတက်လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

---

**» ပျဉ်းမနား-တောင်တွင်းကြီးမှ**

နေကပူပူ ရထားတွဲပေါ်ကနေထွက်ပေါ်လာသည့် အနံ့အသက်မျိုးစုံက ခေါင်းပင်နောက်လာပေပြီ။ ငါးပိ၊ ငါးခြောက်၊ ကုန်အမယ်မျိုးစုံနှင့် ခန္ဓာကိုယ်များမှထွက်လာသော ချွေးနံ့တို့မှာသင်းလှိုင်နေသည်။ အခက်တော့တွေ့ပြီ။ ထိုင်စရာသာမရလျှင် တောင်တွင်းအထိကို အတော်ကို ဒုက္ခခံပြီးသွားရတော့မည်ဖြစ်သည့်အတွက် ခုံလွတ်များရှိနေသည့် တွဲထိန်းထံချဉ်းကပ်ပြီး အဆင်ပြေအောင်ပြောဆိုမှ ထိုင်ခုံနေရာရရှိကာ ကိုယ်နှင့်အတူလိုက်ပါလာသူနှစ်ဦးပါနေရာများရရှိခဲ့၍ သက်သာရာရတော့သည်။

ယခုစီးနင်းသည့်လော်ကယ်ရထားမှာ တောင်တွင်းကြီးသို့ထွက်ခွာသည့်နောက်ဆုံးရထားဖြစ်၍လည်း ခရီးသည်များပြည့်ကျပ်နေပြီး အထုပ်အပိုးတင်စရာက စင်မပါ။ ပါလာသမျှသော အထုပ်အပိုးများကို အဆင်ပြေသလိုပင်ဆင့်ကဲထပ်ကာစီးနင်းကြခြင်းဖြစ်သည့်အပြင် ဘူတာတစ်ခုရောက်တိုင်း ရောက်တိုင်း တောထွက်ကုန်များကိုပစ်၍တင်ကြခြင်းကြောင့် မနည်းကိုလွတ်အောင်ရှောင်ကြရသည်ကို တွေ့ရှိရလေသည်။

လွန်ခဲ့သော ၁၀ နှစ်ပိုင်းလောက်က ယခုလိုပင်လော်ကယ်ရထားနှင့် တောင်တွင်းကြီးသို့လိုက်ပါစီးနင်းခဲ့ဖူးသော်လည်း ဘာမှမပြောင်းလဲ။ ပြောင်းလဲသည်က လမ်းတစ်လျှောက် သစ်တောကြီးများ လုံးဝမရှိတော့သည်ကိုတော့ အပြောင်းအလဲအဖြစ်မြင်တွေ့ခဲ့ရသည်။ ရှေ့နောက်ဝဲ/ယာ ယိမ်းထိုးလှုပ်ရမ်းကာ လော်ကယ်ရထားကြီးမှာ သူ့ခရီးတာဝန်အတွက် နှေးနှေးမှန်မှန်ဖြင့် ပြေးလွှားနေဆဲ။ ရိုးမတောတွင်း ရထားလမ်းမှာတစ်လမ်းသာရှိ၍ ရှေ့ရထားလာနေလျှင် ဒီဘက်ကသွားနေသောရထားများက ရပ်ပြီးရှောင်ကာစောင့်ဆိုင်းနေကြရပြန်သည်။

ရထားလမ်းတစ်လျှောက်ကျေးရွာများမှာ ရထားဖြင့်သာ ခရီးသွားလာနိုင်ကြ၍လည်း ရထားလမ်းတစ်လျှောက်မှာသာ ကျေးရွာများကိုမြင်တွေ့ရကာ မိုးစပါးပြီးနောက်မြေပဲစိုက်ခင်းများမှာ မြင်တွေ့ရသောရှုခင်းများအတွက် အလှအပဆုံးဟုပင်ပြော၍ရပါသည်။ လယ်ဝေးမြို့မှ မင်းပြင်ကျေးရွာအထိဖောက်လုပ်နေသော မြေသားလမ်းပေါ်တွင်လည်း ကားအချို့နှင့် ဆိုင်ကယ်များသွားလာနေသည်မှာ ဖုန်းတထောင်းထောင်းထနေပြီး နောက်ပိုင်းကာလများ၌ ကတ္တရာကျောက်ချောလမ်းအဖြစ်တိုးမြှင့်နိုင်ပါက ဒေသအတွက်များစွာတိုးတက်ပြောင်းလဲနိုင်သည်ကို တွက်ဆခန့်မှန်းနေမိသည်။ သို့နှင့် မင်းပြင်ဘူတာကိုဆိုက်ရောက်ကာ ရထားမှာကြာဦးမည်ဟု တွဲထိန်းကပြောပြသည်။

"ဒီဘူတာက ဝါးတွဲတွေချိတ်ဦးမှာ။ လွန်းထိုးချိတ်မှာဆိုတော့ကြာဦးမယ်။ အညောင်းအညာပြေ အောက်ဆင်းပြီး တစ်ခုခုစားလို့ရတယ်"ဟု ဆို၍ ရထားအောက်ကိုဆင်းကာ ဘူးသီးကြော် တစ်ပွဲမှာစားသည်။မြို့ပြနှင့်အလှမ်းဝေးသော်လည်း သူ့အရပ်နှင့်သူ့ဇာတ်ဆိုသလိုပင် အရောင်းအဝယ်လုပ်ငန်းများ၊ ဈေးဆိုင်တန်းများမှာ ရထားလမ်းနှင့်ကပ်လျက်ပင်ရှိပြီး ကလေးငယ်များမှာလည်း သူတို့ဘာသာဘာဝ ပြေးလွှားဆော့ကစားလျက်ပင်ရှိနေသည်။ ရာသီမှာအပူပိုင်းကိုရောက်လာ၍လားမသိ မှောင်ရီယှက်သန်းချိန်ရောက်နေသည့်တိုင် အအေးဓာတ်မရှိသေးပေ။ မင်းပြင်ဘူတာတွင် တစ်နာရီကျော်ခန့်ကြာသွားပြီး ရိုးမတောထွက်ဝါးများတင်ဆောင်ထားသော တွဲဆိုင်းများကို ချိတ်ဆွဲကာ ရှေ့ခရီးဆက်ရပြန်လေသည်။ ရထားပေါ်တက်လာသူများမှာ သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများလည်းလိုက်ပါလာသော်လည်း သူတို့အနေဖြင့်နေ့စဉ်ကြုံတွေ့နေရသည့်ခရီးဖြစ်နေ၍လည်း သိပ်မထူးခြားသလိုပင် လိုက်ပါစီးနင်းကြလေသည်။

အမှောင်ထုဝင်ရောက်လာသည်နှင့်အဝေးမြင်ကွင်းများမသဲကွဲတော့။ ကျေးလက်တောရွာလေးများ၏ ဆိုလာဖြင့် ထွန်းသောမီးရောင်လေးများသာ မှိန်ပျပျလှမ်း၍မြင်တွေ့ရကာ ရထားဥသြဆွဲသံနှင့်အတူ ကိုးပေါက်ဘူတာကို ရောက်ရှိလာခဲ့ပြီး ခရီးပြင်းဒဏ်ကြောင့် မှေးစက်တော့မည့် မျက်လုံးများမှာ အောက်က ခရီးသည်များ၏အော်ဟစ်ဆူညံသံများအကြားလူးလွန့်ကြည့်လိုက်ရာတွင်တော့ လူသုံးယောက်လောက်ဝိုင်းမရသည့် ထင်းစည်းကြီးများ လူစီးတွဲများပေါ်သို့ အတင်းထိုးတင်နေသည်ကိုတွေ့လိုက်ရပြန်သည်။ အမျိုးသမီးတစ်ယောက်ဆိုလျှင် ရထားကိုမောင်ပိုင်စီးထားသလားတောင်ထင်ရပြီး သူ့ထင်းကုန်များကို အလျင်အမြန်ပြီးအောင် အော်ဟစ်ပြောဆိုနေသည်မှာ ပွက်လောကို ရိုက်နေသည်။

"နောက်မှာကုန်တွဲတွေပါတယ်။ မတင်ဘူးဗျ။ ဒီလူစီးတွဲလေး သုံးတွဲပါတာ အတင်းတင်တာပဲ။ပြောလဲဂရုမစိုက်ဘူး။ ပြောလဲမပြောရဲဘူး။ သူတို့က ဘယ်သူကိုမှမကြောက်တာ။ ဟိုတစ်နေ့ကဆို ခရီးသည်တစ်ယောက်က ထင်းစီးခိုင်းမိလို့ပြောတာ ဝိုင်းပြီးထိုးကြိတ်လိုက်တာ မျက်နှာမှာရစရာကိုမရှိဘူး။ ပြောတဲ့သူကို လေးဂွနဲ့ ပစ်တယ်။ ဝိုင်းထိုးတယ်။ ခုကြည့်လေ ဒီမှာသက်ကြီးရွယ်အိုတွေပါတယ်။ကျန်းမာရေးမကောင်းသူတွေပါတယ်။ ကဲဘယ်လိုဆင်းတက်ကြမလဲ။ နောက်အိမ်သာကိုကြည့်လိုက်။ အဲဒီထဲမှာ ထင်းစည်းတွေ ထည့်ထားတော့ ခရီးသည်တွေ အပေါ့အလေးဘယ်လိုသွားမလဲ"ဟု တွဲထိန်းကသူတွေ့ကြုံရပုံကို ပြောသည်။

နေပြည်တော်၊ တောင်တွင်း၊ ဆတ်သွား၊ ပခုက္ကူ၊ အောင်လံ၊ ပြည်မြို့များအထိ အမြန်၊ စာပို့၊ RBE၊ လော်ကယ်ရထားများ နေ့စဉ် ၁၀ စင်းခန့်ပြေးဆွဲပေးနေသော်လည်း ခရီးသည်နှင့်ရထားတွဲမှာ လောက်ငခြင်းမရှိသေးကြောင်း ၎င်းကပင်သုံးသပ်ပြောကြားသည်။ညနေ ၄ နာရီကတည်းက လယ်ဝေးဘူတာမှထွက်ခွာလာသည့် လော်ကယ်ရထားမှာ ဆတ်သွားဘူတာသို့ ည ၁၀ နာရီမှပင်ရောက်ရှိကာ ဆင်းကျန်ရစ်ခဲ့ရသော်လည်း ခုမှမျက်စိခွဲကာနေရပ်ပြန်လာသော အဘွားခမြာ ရထားပေါ်ကနေ ဘယ်လိုဆင်းမလဲ သို့လောသို့လော အတွေးများက ရင်ထဲမှာဝေခွဲရခက်ခဲကာ အမှောင်ထဲအတိုင်း တိုးဝင်ပျောက်ကွယ်သွားသည့် ရထားကြီးကိုငေးကြည့်ရင်း မောဟိုက်ကျန်ရစ်ခဲ့လေပြီ. . .။

❖❖❖

**»»» ရှေ့ဖုံးမှ**

ဝင်/ထွက်လည်ပတ်နိုင်ပြီ ဖြစ်ပါသည်။

ပြည်ပနိုင်ငံတကာ လေကြောင်းလိုင်းများမှတစ်ဆင့် မြန်မာနိုင်ငံ၏ အထင်ကရ ခရီးစဉ်ဒေသများ ဖြစ်ကြသော ရန်ကုန်၊ ပုဂံ၊ မန္တလေး၊ အင်းလေး စသည့်နေရာများသို့ ယခင်ကထက် ပိုမိုတိုးတက်ဝင်ရောက်လျက်ရှိသကဲ့သို့ နိုင်ငံတကာရေဆိပ်၊ လေဆိပ်များမှတစ်ဆင့် အပျော်စီးပင်လယ်ကူးသင်္ဘောခရီးစဉ်များ၊ စင်းလုံးငှားလေယာဉ်ခရီးစဉ်များနှင့် မီးပုံးပျံခရီးစဉ်များအပြင် မြန်မာနိုင်ငံ၏ နယ်စပ်ဝင်ပေါက်အသီးသီးမှတစ်ဆင့် ဝင်/ထွက်လည်ပတ်လျက်ရှိသော ပြည်ပမော်တော်ယာဉ်တန်း၊ ပြည်ပ မော်တော်ဆိုင်ကယ်နှင့် အပျော်စီးစက်ဘီးခရီးစဉ်၊ ခရီးသွားရုပ်သံမှတ်တမ်းရိုက်ကူးရေး ခရီးစဉ်များ စသည့် ခရီးစဉ်များမှာ နိုင်ငံခြားသားခရီးသွားဧည့်သည်များ အကြိုက်တွေ့သော လမ်းကြောင်းတစ်ခုဖြစ်ပြီး ယခင်ထက် ပိုမိုတိုးတက်များပြားစွာဖြင့် အဆက်မပြတ် ဝင်/ထွက်လည်ပတ်မှုရှိသော နယ်စပ်ဖြတ်ကျော်ခရီးစဉ်များ ဖြစ်လာပါသည်။

အဆိုပါ နယ်စပ်ဖြတ်ကျော်ခရီးစဉ်များမှာ မြန်မာနိုင်ငံ၏ နယ်စပ်ဝင်ပေါက်တစ်ခုမှ ပြည်ပမော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဖြင့် ဝင်ရောက်၍ မြန်မာနိုင်ငံ ပြည်တွင်းပိုင်းခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်၍ အခြားနယ်စပ်ဝင်ပေါက်မှ ပြန်လည်ထွက်ခွာကြသည့် ခရီးစဉ်အမျိုးအစားများဖြစ်ပြီး နိုင်ငံခြားသားခရီးသွားဧည့်သည်များမှ ကိုယ်ပိုင်ယာဉ်များ၊ ဆိုင်ကယ်များ စီးနင်းမောင်းနှင်၍ ဝင်/ထွက်လည်ပတ်ခြင်းဖြစ်ပါသဖြင့် ဒေသန္တရဗဟုသုတအတွေ့အကြုံများ ရှာမှီးနိုင်ခြင်း၊ ရေမြေတောတောင် သဘာဝရှုမျှော်ခင်းအလှအပများကို ကြည့်ရှုခံစားနိုင်ခြင်း၊ ဒေသအသီးသီးရှိ တိုင်းရင်းသားလူမျိုးများ၏ နေထိုင်မှုပုံစံများကို လေ့လာနိုင်ခြင်း စသည်များကြောင့် နိုင်ငံခြားဧည့်သည်များ အကြိုက်တွေ့သော ခရီးစဉ်လမ်းကြောင်းတစ်ခုအဖြစ် ထင်ရှားလာခြင်း ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် နိုင်ငံခြားသားဧည့်သည်များ စဉ်ဆက်မပြတ် တိုးတက်ဝင်ရောက်လာသည်နှင့်အမျှ အခြားတစ်ဖက်တွင်လည်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပင်မစီမံကိန်း(၂၀၁၃-၂၀၂၀) Myanmar Tourism Master Plan (2013-2020) အား သတ်မှတ်ပြဋ္ဌာန်းနိုင်ခဲ့သည့်နည်းတူ တာဝန်သိခရီးသွားလုပ်ငန်း (Responsible Tourism)၊ လူထုအခြေပြုခရီးသွားလုပ်ငန်း Community Based Tourism (CBT)စသည်ဖြင့် ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် အစီအမံများချမှတ်ခြင်း၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ခြင်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထင်ရှားသည့် သာဓကများအနေဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မြိုင်ဒေသတွင် လူထုအခြေပြုခရီးသွားလုပ်ငန်းဆိုင်ရာ အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ခြင်း၊ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားဧည့်သည်များအနေဖြင့် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ လူနေမှုပုံစံအား ကိုယ်တိုင်သိရှိခံစားနိုင်စေရန်အတွက် ကရင်ပြည်နယ်အတွင်းရှိ သံတောင်ကြီးဒေသတွင် (Bed and Breakfast) အစီအစဉ်ကို စတင်စမ်းသပ်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းများအပြင် ရှမ်းပြည်နယ်၊ ပအိုဝ်းဒေသကက္ကူ၊ ထိနဲ့ အင်းနီနှင့် လွယ်ခေါ်ကျေးရွာတို့တွင် ဆောင်ရွက်လျက်ရှိသော လူထုအခြေပြုခရီးသွားလုပ်ငန်း၊ မန္တလေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်ကြောင်းတွင်တည်ရှိသောဆင်ကျွန်း၊ အေးကျွန်း၊ စိန်ပန်းကုံး၊ မြေစွန်း၊ မြစ်ကမ်းကြီးနှင့် ဆည်သည်ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိသော လင်းပိုင်ကြည့်ခရီးသွားလုပ်ငန်း၊ ကချင်ပြည်နယ်တွင်ရှိပြီး ၂၀၀၅ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် အသိအမှတ်ပြုခံခဲ့ရကာ ကမ္ဘာပေါ်တွင် အရေးကြီးသော ရေတိမ်ဒေသတစ်ခုအဖြစ် ၂၀၁၆ ခုနှစ်တွင် သတ်မှတ်ခြင်းခံခဲ့ရသည့် အင်းတော်ကြီးကန်တွင် ဆောင်ရွက်လျက်ရှိသော သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် လူထုအခြေပြုခရီးသွားလုပ်ငန်း၊ ကယားပြည်နယ်လွိုင်ကော်မြို့အနီး ဒီးမော့ဆိုတွင် ဆောင်ရွက်လျက်ရှိသော လူထုအခြေပြုခရီးသွားလုပ်ငန်းများကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ မျှော်မှန်းထားသည်ထက် များစွာတိုးတက်ဖြစ်ထွန်းလျက်ရှိသည်မှာ မည်သူမျှ ငြင်းဆို၍မရနိုင်သောအကြောင်းတရားတစ်ခုပင် ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းမှာ အထိအရှမခံနိုင်သည့် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အဓိက မောင်းနှင်အားတစ်ခုဖြစ်ပါသဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိမှသာ ရေရှည်တည်တံ့ခိုင်မြဲ၍ ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကာ ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဆင့်ပွားဖွံ့ဖြိုးတိုးတက်မှုများကို ရရှိခံစားရမည်ဖြစ်ပါသည်။ နိုင်ငံခြားသားကမ္ဘာလှည့်ဧည့်သည်များအနေဖြင့် ဝင်/ထွက်သွားလာမှု လွယ်ကူအဆင်ပြေချောမွေ့ပြီး ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချရမှသာလျှင် လာရောက် လည်ပတ်နိုင်မည်ဖြစ်ပါသဖြင့် ယခုကဲ့သို့တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိခြင်း၊ အာရှလမ်းမကြီးကဲ့သို့ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ချောမွေ့လာခြင်းများကြောင့် ခရီးသွားလုပ်ငန်းမှာ ယခုထက် ထပ်မံတိုးတက်လာဦးမည်မှာ မလွဲဧကန်ပင်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ဆောင်းခိုငှက်များပျော်မွေ့ရာ
# အင်းလေးကန်ထိန်းသိမ်းရေးနှင့် ဟိုတယ်ဧည့်လုပ်ငန်း၏ ဝိရောဓိများ

မြန်ဂုဏ်ဆောင်



ဓာတ်ပုံ - ကျော်ဇေယျာမြင့်



အကောင်းအဆိုးသည် ဒွန်တွဲနေစမြဲ။

တည်ဆောက်ပြုပြင်ရေးလုပ်ငန်းနှင့် ယူနက်စကို (UNESCO)အသိအမှတ်ပြု အင်းလေးကန် ရပ်ဝန်း၏ ထိန်းသိမ်းမှုလုပ်ငန်းတွင် စိန်ခေါ်မှုများစွာကို ကျော်လွှားနေကြရပြီ။

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းများကို ဇောင်းပေးဆောင်ရွက်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကျပ်သန်းငါးထောင်တင်ပြတောင်းခံထားကြောင်းသိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းဘတ်ဂျက်ကို အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်က ကန်သုံးကန်ဆည်ရန်နှင့် အင်းလေးကန်ထိန်းသိမ်းရန်ဖြစ်ကြောင်း ရည်ညွှန်းပြောဆိုသည်။

အဆိုပါခွင့်ပြုငွေဖြင့် အင်းလေးကန်အတွင်းရှိ တန်ခိုးကြီးဖောင်တော်ဦးဘုရားအနီးရပ်ဝန်း၌ ရေလမ်းတူးဖော်ရန်၊ အဝင်အထွက်လမ်းဖောက်လုပ်ရန်၊ ရွာမကျေးရွာမှ ဖောင်တော်ဦးဘုရားထိ ကျေးရွာချင်းဆက်လမ်းတူးဖော်ရန်၊ သန်တောင်ချောင်းအရှေ့ရပ်ဝန်းရှိ တောင်များတူးဖော်ရန်၊ နုန်းတားဆည်ဖောက်ရန် ဘတ်ဂျက်ရေးဆွဲထားသည်။

ယခုအခါ ညောင်ရွှေမြို့နယ် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းဌေး၊ ဦးစီးအရာရှိ(ဆည်မြောင်း) ဦးကျော်ကျော်ဦး၊ ဦးစီးမှူး (ဆည်မြောင်း) ဦးအောင်မျိုးထွန်းတို့အဖွဲ့က သဲနုန်းတူးခြင်း၊ ဗေဒါရှင်းခြင်း၊ နုန်းတားဆည်တည်ဆောက်ခြင်း၊ နွေရာသီတွင် ရေမကျအောင်ရေထိန်းခြင်းတို့ကို ဆောင်ရွက်နေသည်။ ဘတ်ဂျက်ငွေကျလာပါက သဲနုန်းတူးခြင်းလုပ်ငန်း၊ နုန်းတားဆည်တည်ဆောက်ခြင်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်ဦးက ပြောသည်။

အင်းလေးကန်ရပ်ဝန်း ဇီဝနယ်မြေထိန်းသိမ်းရေးကို အင်းလေးကန်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လေ့လာစောင့်ကြည့်ရေးအဖွဲ့၊ အင်းလေးကန်ထိန်းသိမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ဒေသခံပြည်သူများက လက်တွဲပြီးဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်သည်။ စေတနာရှင် အလှူရှင်များ ပိုမိုပေါ်ပေါက်လာပြီး ကုန်းမြင့်ရေကန်ရပ်ဝန်းရှိ ကျေးရွာ ၄၀၀ ကျော်ကလည်း ဥစ္စာရင်လို ဥစ္စာရင်ခဲပြီး ယူနက်စကိုအဖွဲ့၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အင်းလေးကန်မြေကို အသက်နှင့်ထပ်တူ ထိန်းသိမ်းဖို့လိုသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသရှိ မိုင်သောက်အင်းကျေးရွာအနီး ဟိုတယ်ဆောက်လုပ်နေမှုက သဘာဝထိန်းတောကြီးများပျက်စီးမည်ကို ဒေသခံများ စိုးရိမ်နေကြသည်။ မိုင်သောက်အင်းတွင်ရှိသော သဘာဝအင်းတောကြီးများ၌ သားငှက်တိရစ္ဆာန်၊ ရေပျော်ငှက်သတ္တဝါများ ခိုအောင်းနေသောနေရာဖြစ်ပြီး အင်းလေးကန်ထဲသို့စီးဆင်းမည့်ချောင်းရေများကို ပိတ်ပင်သည့်ပထဝီမြေအနေအထားတွင်ရှိနေသည်။

အင်းလေးကန်ဇီဝရပ်ဝန်းဒေသသည် သဘာဝငါးမျိုးစိတ်များခိုအောင်းသောနေရာဖြစ်သည်။ ငှက်မျိုးစိတ်များစွာ နေထိုင်ရာ ဇီဝရပ်ဝန်းလည်းဖြစ်သည်။ ဆောင်းရာသီတွင် ဆောင်းခိုငှက်များလာရောက်နားခိုရာ ဒေသလည်းဖြစ်သည်။

ဆောင်းခိုငှက်များပျော်မွေ့ရာ အင်းလေးကန် ဇီဝနယ်မြေရပ်ဝန်းသည် တစ်နှစ်ထက်တစ်နှစ် ကျက်စားနေထိုင်မှုပိုမိုလာသည်။ အင်းလေးကန်ဘေးမဲ့တောတွင် ရေကြက်၊ ဒိုင်ငှက်၊ စင်ရော်တို့ အများအပြား လာရောက်ပြီး ပျော်ပါးလျက်ရှိသည်။ ရေပျော်ငှက်မျိုးစိတ် ၉၀၊ သစ်တောငှက်မျိုးစိတ် ၂၅၉ မျိုးကို မြင်တွေ့ကြရသည်။

၂၀၁၄ ခုနှစ်က ငှက်မျိုးစိတ် ၄၁ မျိုးဝင်ရောက်နေထိုင်ရာ ရေပျော်ငှက် ၉၃၇၁ ကောင်၊ သစ်တောငှက်အကောင် ၁၀၅၀၊ ဆောင်းခိုငှက် ၈၂၂၁ ကောင်ရှိရာမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ အင်းလေးကန်ဘေးမဲ့တောတွင် ငှက်မျိုးစိတ် ၃၀ သာ ဝင်ရောက်နေထိုင်ကြပြီး ရေပျော်ငှက် ၁၅၃၂၁ ကောင်၊ သစ်တောငှက် ၄၅၇ ကောင်၊ ဆောင်းခိုငှက် ၁၂၉၅၈ ကောင် ဝင်ရောက်နေထိုင်ကြသည်။

ဆောင်းခိုငှက်၏သဘောသဘာဝက ဆောင်းရာသီတွင် ကမ္ဘာ့မြောက်ဘက်ခြမ်း တရုတ်၊ ရုရှား၊ ဆိုက်ဘေးရီးယားဝင်ရိုးစွန်းဒေသတွင် ရေခဲတောင်ဖြစ်တည်မှုကြောင့် အစာရှားပါးလာသဖြင့် ရာသီဥတုသာယာရာ အာရှနိုင်ငံများသို့ မိုင်ထောင်ချီ၍ အသက်စွန့်ပြောင်းရွှေ့ပျံသန်းလာကြသည်။ ကမ္ဘာ့မြောက်ဖျားရေခဲတောင်မှ ရာသီဥတုသာယာကောင်းမွန်သော အာရှ၊ အရှေ့တောင်နေရပ်ဒေသသို့ အောက်တိုဘာလမှ မတ်လအထိ ခြောက်လကြာနားခိုနေထိုင်ကြသည်။

အမိမြန်မာပြည်သို့ ဆောင်းခိုငှက်များက အရှေ့အာရှအလယ်ပိုင်း၊ ဩစတြေးလျ ပျံသန်းရာခရီးလမ်းကြောင်းမှဝင်ရောက်ကြပြီး ကချင်ပြည်နယ် အင်းတော်ကြီး၊ စစ်ကိုင်း၊ မန္တလေး (မိုးယွန်းကြီးအင်း)၊ ဧရာဝတီ၊ ရခိုင်၊ တနင်္သာရီဒေသများတွင် ဆောင်းခိုငှက်များစွာကို မြင်တွေ့ကြရသည်။

အင်းလေးကန်ဇီဝရပ်ဝန်း ရေတိမ်ဒေသများဖြစ်သော သလဲဦး၊ အလယ်မြောင်း ငှက်သားပေါက်ဇရိယာ၊ လင်းကင်း ငှက်သားပေါက်ဇရိယာများ၊ ညောင်ရွှေမြို့ရှိ စည်ကန်၊ နဒီကန်၊ ရေလယ်ကွင်းနှင့် ဘီလူးချောင်းတစ်လျှောက်တွင် ဆောင်းခိုငှက်များ ပျော်ပါးကြသည်။

သို့ဖြစ်၍ အင်းလေးကန်ရပ်ဝန်း ဟိုတယ်၊ မိုတယ်ဆောက်လုပ်မှုကြောင့် ငှက်များနားခိုရန်၊ ငါးမျိုးစိတ်များအသက်ရှည်ရပ်တည်ရန် အခက်အခဲကြုံတွေ့ရမည်။ တောင်ကျရေ သဘာဝရေသန့်များလည်း ပျက်စီးနိုင်သည်။

အင်းလေးကန်ရပ်ဝန်းဇီဝနယ်မြေတွင် အင်းလေးအရှေ့ဘက်ကမ်းက တောင်ကျရေကို ထိန်းနိုင်သောအင်းတောများရှိသဖြင့် နုန်းက အင်းထဲသို့တိုက်ရိုက် မစီးဆင်းဘဲ ရေမျောကျွန်းများကြောင့် နုန်းမပါသောရေအကြည်သာစီးဆင်းနိုင်သည်။

အင်း၏အနောက်ဘက်ကမ်းခြေက နုန်းပါရေများ တိုက်ရိုက်စီးဆင်းဝင်ရောက်သောကြောင့် အင်းတိမ်ကောမှုကပိုများလာသည်။

မိုင်းသောက်အင်းရွာက နုန်းမြေထုအဆီးအတားအတွက် အဓိကအနီးကပ်ကြုံတွေ့ရင်ဆိုင်နေရသောရပ်ဝန်းဒေသဖြစ်၍ ဟိုတယ်၊ မိုတယ်တည်ဆောက်ရေးကို ဒေသခံအင်းသူအင်းသား အိမ်ခြေ ၂၀၆ အိမ်မှ လူဦးရေ ၁၈၀၀ ကျော်တို့က မိုင်းသောက်နယ်မြေဆုံးရှုံးရမည်ကို စိုးရိမ်နေကြသည်။

ဟိုတယ်၊ မိုတယ်ဆောက်လုပ်ခြင်း၏နောက်ကွယ်မှာ ဒေသခံပြည်သူများအတွက် ရေထုညစ်ညမ်းနိုင်သည်။ သောက်သုံးရေခက်ခဲနိုင်သည်။

စိုက်ပျိုးရေးတွင် ရိုးရာစဉ်ဆက်စိုက်ပျိုးခဲ့သောယာခင်းများတွင် ခရမ်းချဉ်၊ ပဲတောင့်၊ ပန်းမုန်လာများကို ဆေးဖျန်းမှုကြောင့် လေထုညစ်ညမ်းမှုကို ကျွန်းတောများက သန့်စင်ပေးသည်။ ကျွန်းတော၊ အင်းမျောကျွန်းများ မရှိလျှင် လေထုညစ်ညမ်းမှုကိုမကာကွယ်နိုင်ပါ။ ရေနီ၊ ရေနောက်များသာ ကြီးစိုးလာမည်ဖြစ်သည်။

အဆိုပါမြေကို ဘိုးဘွားပိုင်၊ နိုင်ငံတော်ပိုင်မြေအဖြစ် နှစ်စဉ်ထိန်းသိမ်းခဲ့ရာမှ သဘာဝအရ စိမ်းလန်းစိုပြည်မြေကို ဖျက်ဆီးရာကျနေသည်။

“ဒီမြေက ဘိုးဘွားပိုင်မြေဖြစ်ပြီး နိုင်ငံတော်အမွေအနှစ်ကိုထိန်းသိမ်းထားတဲ့မြေဖြစ်လို့ အလကားလဲမပေးချင်ဘူး။ ဒီသဘာဝမြေကိုပဲ ထိန်းသိမ်းထားချင်တယ်။ သဘာဝကို ဘယ်သူမှဖန်တီးလို့မရဘူး။ ဒါကြောင့် ဒီမြေကို သဘာဝမြေအဖြစ်ဆက်လက်ထိန်းသိမ်းပြီး အင်းလေးဒေသရေကို တည်တံ့စေချင်တယ်”ဟူ၍ အင်းလေးကန်ရှိ အင်းသားများကပြောဆိုနေကြသည်။

သမိုင်းဒေသဖြစ်စဉ်များစွာကို ထိန်းသိမ်းခဲ့သော မိုင်းသောက်ဒေသသည် နိုင်ငံတော်၏ တည်ဆဲဥပဒေများကို လေးစားလိုက်နာခဲ့သည်။ ရှမ်းပြည်တောင်ပိုင်း မိုင်းသောက်ဒေသသည် တော်လှန်ရေး ကောင်စီခေတ်၊ ပါလီမန်ခေတ်များမှာ ပြည်သူ့စစ်ကိုဦးစွာဖွဲ့စည်းပြီး နိုင်ငံကိုတည်ဆောက်ခဲ့သည်။ လူဦးရေ ၁၈၀၀ ခန့် ရိုးသားစွာအသက်မွေးနေထိုင်ရာဒေသဖြစ်ပြီး အိမ်ခြေ ၂၀၆အိမ်ထောင်ရှိသည်။

ဟိုတယ်ခြောက်လုံးဆောက်လုပ်ဆဲဖြစ်သည်။ ဟိုတယ်ဆောက်လုပ်၍ ဘေးထွက်ဆိုးကျိုးအနေဖြင့် သဘာဝကျွန်းမျောများ အင်းမှပျက်စီးသွားနိုင်သည်။ အင်းက အင်းလေးကန်ရပ်ဝန်းဒေသမှာ ထုထည်အကြီးမားဆုံး အင်းဖြစ်ပြီး တောင်ကျရေကိုလည်းထိန်းနိုင်စွမ်းသည်။

တစ်နှစ်တစ်ကြိမ် မိုးကျလျှင်ပင် နုန်းရေက မြေထုငါးလက်မ၊ ခြောက်လက်မထိမြင့်တက်လာရာ အင်းလေးကန်ထဲနုန်းများ မတင်မကျအောင် ကျွန်းမျောအင်းများက အကာအကွယ်ထိန်းသိမ်းထားသော အစဉ်အလာလည်း ပျက်သုဉ်းသွားနိုင်သည်။

ရှမ်းပြည်နယ်အစိုးရအနေဖြင့် မြေဧက ၉၀ အနက် မြေဧက ၄၈ ဧကကို ခွင့်ပြုပေးထားပြီး ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၂ ရက် ရက်စွဲဖြင့်စာထွက်ခဲ့သည်။

“ဟိုတယ်၊ မိုတယ်တည်ဆောက်ရန် ကိုင်းတောများကို ဖျက်ဆီးဖယ်ရှားပါက အင်းလေးကန်ရပ်ဝန်းဇုန် လုံးဝတိမ်ကောသွားနိုင်သည်”ဟူ၍ ဒေသအင်းသူအင်းသားသွေးချင်းများက စိုးရိမ်နေကြသည်။ “အင်းလေးကန် တိမ်ကောပပျောက်သွားပါက နိုင်ငံခြားသားဧည့်သည်များဝင်ထွက်သွားလာလည်ပတ်မှုလည်း လျော့သွားနိုင်သည်” ဟူ၍ တွေးဆထားကြသည်။

ဘက်စုံတည်ဆောက်ပြုပြင်မှုနှင့် ထိန်းသိမ်းရေးလုပ်ငန်းရပ်ကို ဇောင်းပေးဆောင်ရွက်ရာတွင် တစ်ဖက်မှ ဆန့်ကျင်ဘက်များစွာဖြင့် စိန်ခေါ်မှုကြားဝယ် အင်းလေးကန် ရပ်ဝန်းဇုန်နယ်မြေက ကြားမညပ်ဖို့လိုသည်။

ရပ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများနှင့်အတူ တည်ဆောက်ရေးလုပ်ငန်းရပ်များကို ဆောင်ရွက်ရာတွင် ဒေသခံပြည်သူတို့၏လိုအပ်ချက်၊ လိုလားချက်၊ ဖြစ်သင့်ဖြစ်ထိုက်သောလုပ်ရပ်များကို ဦးစားပေးဆောင်ရွက်သွားမှသာ ဖြစ်နေတာ၊ ဖြစ်ချင်တာ၊ ဖြစ်သင့်တာ၊ ဖြစ်နိုင်တာတို့ကို သဟဇာတ ချိန်ထိုးနိုင်ဖို့လိုလာသည်။

အာဆီယံယဉ်ကျေးမှုအမွေအနှစ် (ASEAN Cultural Heritage Park) သမိုင်းဝင်ဒေသ၊ (၂၇) ကြိမ်မြောက် ကုလသမဂ္ဂပညာရေး၊သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ ယူနက်စကိုအစည်းအဝေး MAB (International Council Meeting)က မြန်မာနိုင်ငံ၏ ပထမဦးဆုံး လူသားနှင့်ဇီဝအဝန်းနယ်မြေ (Biosphere Reserve)၊ လောပိတရေအားလျှပ်စစ်စက်ရုံ၏ ရေအရင်းအမြစ်အရေးပါသောဒေသ (Land Mark)၊ ယူနက်စကိုအဖွဲ့ဝင် ၁၉၅ နိုင်ငံက ထောက်ခံအသိအမှတ်ပြုထားသော အင်းလေးရပ်ဝန်း၊ ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ ၂၉၅၀ ရှိသော ကုန်းမြင့်သဘာဝရေကန်၊ ရေတိမ်ဒေသထိန်းသိမ်းရေးနယ်မြေ (Save Our Wellands)၊ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံးရေချိုကန်၊ အဆိုပါဂုဏ်ပုဒ်များကိုဆောင်နေသော အင်းလေးကန်ရပ်ဝန်းဒေသကြီး၊ ဦးတည်ချက်မသွေဖည်၊ မလွဲချော်ရအောင် ဆောင်းခိုငှက်များပျော်မွေ့ရာ အင်းလေးကန်ဘေးမဲ့တော ထိန်းသိမ်းရေးနှင့် ဟိုတယ်ဧည့်လုပ်ငန်း၏ ဝိရောဓိများ မဖြစ်ရအောင် လူသားအားလုံးထိန်းသိမ်းကြဖို့ တိုက်တွန်း တင်ပြလိုက်ရပါသည်။ ။

❐

## ❍ မိတ္ထီလာကန်ကူးတံတားသစ်ကြီးမှ

ယခုအခါ တံတားလုပ်ငန်း များ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ ချဉ်းကပ်လမ်းလည်း ပြီးစီးနေပြီဖြစ်ပြီး တံတား ပေါ်ကတ္တရာခင်းရန်နှင့် လက်ရန်းများတပ်ဆင်ရန်သာ ကျန်တော့သည်။

မိတ္ထီလာကန်ကူးတံတားတိုးချဲ့ခြင်းလုပ်ငန်းတစ်ခုလုံး၏ ကုန်ကျငွေမှာ ငွေကျပ်သန်းပေါင်း ၂၇၀၀ ဖြစ်သည်။ ကန်ကူးတံတားသစ်ကြီးကို ငါးလအတွင်းအပြီးတည်ဆောက်ခြင်းဖြစ်သည်။ ကန်ကူးတံတားသစ်ကြီးကို မတ်လအတွင်း ပြီးစီးမည်ဖြစ်၍ ယာဉ်သွားလာမှုအတွက် အသုံးပြုနိုင်တော့မည်ဖြစ်သည်။

မိတ္ထီလာကန်ကူးတံတားသစ်ကြီး ပြီးစီးသွားပါက အရှည်ပေ ၈၀၀ အသွားနှစ်လမ်း အပြန်နှစ်လမ်း လေးလမ်းသွားတံတားကြီးပေါ် ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်မည်ဖြစ်သည်။ မိတ္ထီလာကန်ကူးတံတားကြီးမှာ စွယ်တော်ရွက်ကဲ့သို့ နှစ်လွှာပေါင်းမှ တံတားတစ်စင်းဖြစ်သည်။ ဒ့ါအပြင်ယာဉ်များလွယ်ကူ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ပြီး ကုန်စီကူးသန်းမှုလည်း လွယ်ကူလျင်မြန်စွာ ကူးသန်းနိုင်မည်ဖြစ်သဖြင့် လမ်းပန်းဆက်သွယ်ရေးအတွက် များစွာအသုံးဝင်မည့်တံတားသစ်ကြီးဖြစ်ကြောင်း ဝမ်းသာဂုဏ်ယူစွာရေးသားတင်ပြလိုက်ပါသည်။

တင်လှိုင်(မိတ္ထီလာ)

# ပျဉ်းမနား-တောင်တွင်းကြီး လော်ကယ်ရထားပေါ်မှ လူနေမှုဘဝများ

ကိုလွင်(ဒွတ)

**လွန်ခဲ့သော ၁၀ နှစ်ပိုင်းလောက်က ယခုလိုပင် လော်ကယ်ရထားနှင့် တောင်တွင်းကြီးသို့ လိုက်ပါစီးနင်းခဲ့ဖူးသော်လည်း ဘာမျှမပြောင်းလဲ။ ပြောင်းလဲသည်က လမ်းတစ်လျှောက် သစ်တောကြီးများ လုံးဝမရှိတော့သည်ကိုတော့ အပြောင်းအလဲအဖြစ် မြင်တွေ့ခဲ့ရသည်။**

နေ့မွန်းလွဲပိုင်းပင်ရောက်နေပြီ။ ရုတ်တရက်ဝင်လာသောဖုန်းကြောင့် ဆိုင်းမဆင့်ဗုံမဆင့် ခရီးသွားဖို့ရာက အကြောင်းဖန်လာပြန်သည်။ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့သို့သွားရန် လယ်ဝေးဘူတာကို ညနေ ၃ နာရီခွဲရောက်မှဖြစ်မည်ဟုဆိုလိုက်သေးသည်။ ချက်ချင်းအိမ်ပြန်ကာ ခရီးဆောင်အိတ်ထဲ တွေ့သမျှအဝတ်အစားများထည့်ကာ နေပူပူ လယ်ဝေးဘူတာသို့ ဆိုင်ကယ်ကို အမြန်မောင်းကာ ထွက်ခဲ့ရတော့သည်။ သာဝတ္ထိမြို့ရှောင်လမ်းမှ လယ်ဝေးမြို့သို့သွားသည့် လမ်းဟောင်းအတိုင်း ခွဲထွက်သွားခဲ့ပြီး လမ်းကြမ်းလွန်း၍ ခရီးမှာထင်သလောက်မပေါက်ဖြစ်နေပြန်သည်။ ယခုလမ်းအတိုင်းသာဆက်သွားနေမည်ဆိုလျှင် လယ်ဝေးဘူတာကို သတ်မှတ်ချိန်အတွင်းရောက်တော့မည်မဟုတ်။ သို့နှင့်ပင် အေလာမြို့ကို သွားသည့်လမ်းဆုံအရောက် နေပြည်တော်မှ လေဆိပ်သို့သွားရာလမ်းကို ဖြတ်တက်ကာခရီးဆက်ရပြန်သည်။

လမ်းကောင်းလွန်းသည့်အတွက် အချိန်သိပ်မကြာလိုက်။ လယ်ဝေးမြို့သို့ရောက်ပြီး ဘူတာရောက်အောင် နောက်ကြောင်းပြန်လှည့်ရသည့် ခရီးမှာလည်းမနီးလှပေ။ လယ်ဝေးဘူတာအရောက်ပါလာသည့် ဆိုင်ကယ်များကိုအပ်နှံဖို့ အနီးရှိအိမ်များကို အကူအညီတောင်းရပြန်သည်။ ဒေသခံများကတော့ ဆိုင်ကယ်အပ်နှံခပေး၍အပ်လို့ရသည်ဟုဆိုသော်လည်း အမှန်တကယ်တွင်တော့ အပြောကောင်း၍လားမသိ ကျောင်းဆရာမများနေသည့်အိမ်တွင် ပိုက်ဆံတစ်ပြားမျှမပေးရဘဲ အပ်နှံနိုင်ခဲ့သည်။ အချိန်ကိုက်ပင် ဘူတာရောက်သည်နှင့် ပျဉ်မနား-တောင်တွင်းကြီး လော်ကယ်ရထားဆိုက်ရောက်လာချိန် လက်မှတ်ဖြတ်ပြီး အမြန်ပင်တက်လိုက်ရသော်လည်း ထိုင်စရာနေရာကမရှိ။ ခရီးသည်နှင့် ကုန်များက ပြည့်ကျပ်လျက်တွေ့ရသည်။

**စာမျက်နှာ ၂ သို့ »**



# မိတ္ထီလာကန်ကူးတံတားသစ်ကြီး မတ်လတွင်ပြီးစီးမည်



**မိတ္ထီလာကန်ကူးတံတားသစ်ကြီး ပြီးစီးသွားပါက အရှည်ပေ ၈၀၀ အသွားနှစ်လမ်း အပြန်နှစ်လမ်း လေးလမ်းသွားတံတားကြီးပေါ် ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်မည်ဖြစ်၊ မိတ္ထီလာကန်ကူးတံတားကြီးမှာ စွယ်တော်ရွက်ကဲ့သို့ နှစ်လွှာပေါင်းမှ တံတားတစ်စင်းဖြစ်၊ မိတ္ထီလာကန်ကူးတံတားသစ်ကြီး ပြီးဆုံးသွားပါက ယာဉ်များလွယ်ကူ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ပြီး ကုန်စည်ကူးသန်းမှုလည်း လွယ်ကူလျင်မြန်စွာ ကူးသန်းနိုင်မည်ဖြစ်။**

မိတ္ထီလာမြို့သည် ခရိုင်မြို့ကြီးဖြစ်ပြီး မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ရန်ကုန်၊ မန္တလေး၊ မြင်းခြံ၊ တောင်ကြီးသွားကားလမ်းငါးလမ်းဆုံမြို့ဖြစ်သည်။ ထို့ကြောင့် မိတ္ထီလာမြို့တွင် ခရီးသည်တင်ကား၊ ကုန်တင်ကား၊ ကုမ္ပဏီကား၊ ၁၀ ဘီးကား၊ ၁၂ ဘီးကား၊ တွဲကားများနှင့် ဘုရားဖူးကားများ၊ ကိုယ်ပိုင်ကားများ နေ့စဉ်ဖြတ်သန်းသွားလာနေကြသည်။ ယခုအခါ ကားစီးရေတိုးလာသဖြင့် နေ့စဉ်ကားလမ်း ငါးလမ်းတွင် ကားများ အဆက်မပြတ် ဖြတ်သန်းသွားလာနေကြသည်။

မိတ္ထီလာမြို့ မြို့မလေးရပ်ကွက်နှင့် နန်းတော်ကုန်းရပ်ကွက်သို့ ဆက်သွယ်ထားသော မိတ္ထီလာ-ကျောက်ပန်းတောင်းသွား ကန်ကူးတံတားရှိသည်။ ကန်ကူးတံတားမှာ ဖဆပလခေတ်က ဘေလီတံတားဖြစ်သည်။ မဆလခေတ်တွင် ခေတ်မီကွန်ကရစ်တံတားဖြစ်သည်။ ကန်ကူးတံတားမှာ ပေ ၂၀၀ အရှည်၊ အကျယ် ၂၄ ဒသမ ၇ ပေနှင့် နှစ်လမ်းသွား ကန်ကူးတံတားကြီးဖြစ်သည်။ ကန်ကူးတံတား အနောက်ဘက်တွင် ချဉ်းကပ်လမ်းမှာ ပေ ၆၆၀ ဖြစ်သည်။

မိတ္ထီလာကန်ကူးတံတား အနောက်ဘက်တွင် အထက(၁)ကျောင်းရှိပြီး ကျောင်းသူကျောင်းသား ၄၀၀၀ ကျော် ပညာသင်ကြားလျက်ရှိသည်။ ကျောင်းဆင်း ကျောင်းတက်ချိန်တွင် တံတားပေါ်၌ ကျောင်းသား ကျောင်းသူများ၏ စက်ဘီး၊ ဆိုင်ကယ်၊ ကားများဖြင့် ယာဉ်ကြောပိတ်ဆို့နေသည့်အပြင် ယာဉ်အန္တရာယ်လည်း ဖြစ်နိုင်သည်။ ခေတ်နှင့်အညီ ကားများလည်း တိုးပွားလာသည်။ တံတားပေါ်တွင် ကားမျိုးစုံ နေ့ရောညပါ ဖြတ်သန်းနေကြသဖြင့် မိတ္ထီလာ လွှတ်တော်ကိုယ်စားလှယ်များက တံတားသစ်တစ်စင်း တည်ဆောက်ပေးရန် လွှတ်တော်သို့ တင်ပြတောင်းဆိုခဲ့ရာ လွှတ်တော်မှ ကန်ကူးတံတားသစ်တစ်စင်း ဆောက်လုပ်ရန်ခွင့်ပြုခဲ့သည်။

မိတ္ထီလာကန်ကူး တံတားသစ်ကြီးကို လက်ရှိ မူလတံတားတောင်ဘက်တွင် တံတားသစ်ကြီးတစ်စင်းတည်ဆောက်ရန် တံတားဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်းအထူးအဖွဲ့ (၁၄)က တာဝန်ယူ၍ မူလတံတားတောင်ဘက်တွင်ကပ်လျက် ကန်ကူးတံတားအဟောင်းနှင့် ကန်ကူးတံတားအသစ်တို့ပေါင်းစပ်ပြီး တံတားပေါ်တွင် ယာဉ်သွားလမ်းအကျယ် ၄၈ ပေ ကျယ်ဝန်းပြီး လေးလမ်းသွားအဖြစ် အသုံးပြုနိုင်ကာ တံတားခံနိုင်ဝန်တန် (၆၀) ဖြစ်သည်။ မိတ္ထီလာကန်ကူးတံတားသစ်ကြီး၏ တံတားအရှည်မှာ ပေ ၈၀၀ ရှိပြီး ခန်းဖွင့်မှာ ပေ ၁၀၀ အကျယ်ရှိသည်။ တံတားအကျယ်မှာ ယာဉ်သွားလမ်း ၄၈ ပေ လေးလမ်းသွား (မူလနှစ်လမ်းသွား) လူသွားလမ်းတစ်ဖက် ခြောက်ပေစီဖြစ်သည်။

ကန်ကူးတံတားသစ်ကြီးကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်က စတင်တည်ဆောက်ခဲ့ရာ တံတားအမျိုးအစားမှာ အုတ်မြစ် MINI BORE PILE၊ ကိုယ်ထည်သံကူကွန်ကရစ်တိုင်ပေါ်တွင် RC GIRDER+PC GIRDER+ PLATE GIRDER ဖြစ်သည်။ တံတားခံနိုင်ဝန် AASHTO(HS-20) ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်သည်။ ကန်ကူးတံတားသစ်ကို ဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၄)က တာဝန်ယူတည်ဆောက်ခဲ့ရာ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ယာဉ်များဖြတ်သန်းအသုံးပြုခဲ့သည်။

မူလကန်ကူးတံတားတောင်ဘက်တွင် ကပ်လျက် တည်ဆောက်ခဲ့သော ကန်ကူးတံတား သစ်ကြီးပြီးသည့်နောက် ကန်ကူးတံတားဟောင်းနေရာတွင် ကန်ကူးတံတားသစ်ကြီးကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိသည်။ မိတ္ထီလာကန်ကူး တံတားသစ်ကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန အထူးအဖွဲ့(၄) မန္တလေးမြို့က တာဝန်ယူတည်ဆောက်လျက်ရှိသည်။ တံတားတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလက စတင်တည်ဆောက်ခဲ့သည်။

**စာမျက်နှာ ၇ သို့ ○**